မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့။

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အနေဖြင့် တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည် ဖြစ်သည်။

၁၃-၁-၂၀၁၃ သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီနာယကက ဒုတိယသမ္မတ ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီနာယကက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေဝူးကုမ္ပဏီ၏ "ရွှေ"ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း ထုတ်လုပ်ရေးစင်သို့ ရောက်ရှိသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဒေဝူးကုမ္ပဏီမှ Site Representative Mr.Thomas Coleman နှင့် မန်နေဂျင်းဒါရိုက်တာ Mr.SB Joo တို့က ထုတ်လုပ်ရေးစင် တည်ဆောက်တပ်ဆင်ပြီးစီးမှု၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ထုတ်လုပ်ရေးစင်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာနှင့် နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် "ရွှေ" ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းထုတ်လုပ်ရေး စင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး

စာမျက်နှာ ၈ ကော်လံ ၅ ◆

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယကက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း "ရွှေ"ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဝေးကွင်းတွင် ထိုက်ထိုက်တန်တန်အနိုင်ရခဲ့သည့် မကွေး

မနောမြေအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန္တလေး ဇန်နဝါရီ ၁၂

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေးအသင်းက အိမ်ရှင်ရတနာပုံအသင်းကို အနိုင်ကစားသွားခဲ့သည်။

ဗထူးကွင်း

မကွေး - နှစ်ဂိုး
(မောင်မောင်စိုးနှင့် မျိုးဇော်ဦး)
ရတနာပုံ - တစ်ဂိုး
(ရန်အောင်ဝင်း)

အဖွင့်ပွဲစဉ်၌ အိမ်ကွင်းတွင် ရခိုင်ယူနိုက်တက်ကို အနိုင်မကစားနိုင်ခဲ့သည့် ရတနာပုံအသင်းမှာ ယခုပွဲကို ဖိအားများနှင့် ကစားခဲ့ရပြီး ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။ နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် ရန်ပိုင်၊ ခင်မောင်ထွန်း၊ သီဟစည်သူ၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်းတို့ဖြင့် ရတနာပုံအသင်း လူစုံပါဝင်ခဲ့သော်လည်း ကစားကွက်မမိသလို၊ အချိတ်အဆက်များ လွဲချော်နေ၍ အိမ်ကွင်း၌ပင် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းတွင် အသင်းခေါင်းဆောင် အီမန်စ်ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ထိုက်ထိုက်တန်တန် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၁၁ မိနစ်မှာပင် မောင်မောင်စိုးက မကွေးအသင်းအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ အိမ်ရှင်ရတနာပုံအသင်း ချေပဂိုးရရန် ကြိုးစားခဲ့သော်လည်း အချိတ်အဆက်လွဲချော်နေ၍ တိုက်စစ်မှာ မထိရောက်ခဲ့ပေ။ မိနစ် ၆၀ တွင် ကစားသမားသစ် ရန်အောင်ဝင်းက ရတနာပုံအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၇၈ မိနစ်တွင် မျိုးဇော်ဦးက မကွေးအတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကစားသောပွဲတွင် မနောမြေနှင့်ကမ္ဘောဇတို့နှစ်ဂိုးစီဖြင့် သရေကျပြီး နေပြည်တော်ကွင်း၌ ကစားသော နေပြည်တော်နှင့် ဧရာဝတီယူနိုက်တက်ပွဲတွင်လည်း တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ယနေ့ပွဲ အဖြစ် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့်ဇေယျာရွှေမြေ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ရခိုင်၊ သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် ဟံသာဝတီတို့ ကစားကြမည် ဖြစ်သည်။ ။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လာဘ်ပေး လာဘ်ယူ ဒို့ရန်သူ

အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ အဂတိလိုက်စားခြင်း စသည်တို့မှာ စာရိတ္တမဏ္ဍိုင်မကြံ့ခိုင်ခြင်း ဟူသော ပင်မအကြောင်းတရားမှ ဖြစ်ပေါ်လာခြင်းဟု ဆိုနိုင်၏။ စာရိတ္တမဏ္ဍိုင်မကြံ့ခိုင်သူအဖို့ လောဘစိတ်က စေ့ဆော်သောအခါ အဆိုပါ အမှုတို့ကို ကျူးလွန်ရန် မရှက်နိုင်၊ မကြောက်နိုင်ဖြစ်လာကြကုန်၏။ တစ်နည်းအားဖြင့် ဟီရိဩတ္တပ္ပတရားတို့ ချွတ်ခြုံကျကုန်၏။

အကျင့်ပျက်ခြစားခြင်းကိုပင် အချို့က "ငါ့ဝမ်းပူဆာမနေသာ" ဖြင့် လုပ်ကြရသယောင်၊ "အများမိုးခါးရေသောက်၍ သောက်ကြရ" သယောင် ဆင်ခြေပေးကာ အကာအကွယ်ပြုကြကုန်၏။

လာဘ်ပေးသူများသည် မည်သည့်အတွက်ကြောင့် လာဘ်ပေးကြလေသနည်း။ လာဘ်ယူသူများကကော အဘယ်ကြောင့် လာဘ်ယူနေကြပါသနည်း။ အဖြေက ရှင်းပါသည်။ လာဘ်ပေးနေသူများသည် အကြောင်းအရာတစ်ခုခုအပေါ် တရားသဖြင့် မဟုတ်ဘဲ မိမိအသာစီးရလိုခြင်းကြောင့် လာဘ်ပေးနေခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရယူလိုခြင်းကြောင့် ပေးကြခြင်းဖြစ်၏။ ထောင်ကိုမြင်၍ ရာကို စွန့်ကြခြင်းဖြစ်၏။ ထို့အတူ လာဘ်ယူသူများ အနေဖြင့်လည်း "ရလေလိုလေ အိုတစ္ဆေ" ဆိုသည့်နှယ် လောဘကို အကြောင်းပြုကာ လာဘ်ယူခြင်းအလုပ်ကို လုပ်ကြရသည်။ ထို့ကြောင့် လာဘ်ယူခြင်းနှင့် လာဘ်ပေးခြင်းအလုပ်သည် အစဉ်အလာတစ်ရပ်လိုဖြစ်လာသည်။ လာဘ်ပေးသူများက ကိစ္စတစ်ခုရှိတိုင်း လာဘ်ပေးခြင်းအလုပ်ကို လုပ်ကြသည်။ ထို့အတူ လာဘ်ယူကြသူများကလည်း ဘယ်အလုပ်မဆို လာဘ်ရမှ လုပ်ချင်ကြသည်။ ဤသည်ပင် အကျင့်ပျက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ လာဘ်ပေးခြင်းသည်လည်းကောင်း၊ လာဘ်ယူခြင်းသည်လည်းကောင်း လူ့အဖွဲ့အစည်းအတွက် မကောင်းပါ။ အဘယ်ကြောင့်ဟူမူ လာဘ်ပေးသူများသည် အမြဲတမ်းလာဘ်ပေးခြင်း အလုပ်ဖြင့် မတရားသော နည်းလမ်းကိုအားသန်စေ၏။ လာဘ်ယူသူများသည်လည်း အမြဲတမ်းလာဘ်ရမှ လုပ်တတ်သော မကောင်းသော အကျင့်ဆိုးများ စွဲကပ်သွားစေနိုင်၏။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့်သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးတို့အတွက် လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ထိုကော်မတီ ပေါ်ပေါက်လာပြီဖြစ်၍ လာဘ်ပေးလာဘ်ယူသူများအပေါ် ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်တော့မည် ဖြစ်ပါသည်။

သို့ပါ၍ လာဘ်ထိုးလျှင် ဖြစ်သည်ဟူသော အယူအဆများ၊ လာဘ်ရမှ လုပ်မည်ဆိုသော အတွေးအခေါ်များ စွန့်လွှတ်ဖို့အချိန်တန်ပါပြီ။ လာဘ်ပေးလာဘ်ယူခြင်းသည် ပြည်သူတို့၏ စာရိတ္တမဏ္ဍိုင်ကိုယိမ်းယိုင်စေပါသည်။ တိုင်းပြည်၏ ပုံရိပ်ကို မှေးမှိန်စေပြီး ကမ္ဘာ့အလယ်တွင် သိက္ခာကျစေနိုင်ပါသည်။ လာဘ်ပေးလာဘ်ယူခြင်းကို ပြည်သူအားလုံး၏ ရန်သူအဖြစ် သတ်မှတ်လိုက်ကြပါစို့။ ။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း သိကောင်းစရာ

သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ

- မြန်မာနိုင်ငံအခြေစိုက် သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားသံတမန်များနှင့် မိသားစုဝင်များ
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဥ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ မွေးဖွားသော ကလေးများ

ပြည်တွင်းသတင်း

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နည်းစနစ်များ စနစ်တကျချမှတ်အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရသစ်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ယင်းသို့ ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေနိုင်သည့် အဂတိလိုက်စားမှုများ ပပျောက်ရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသည် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားများ ကင်းရှင်းရေးနှင့် လာဘ်ပေး လာဘ်ယူမှုများ ပပျောက်စေရေးတို့အတွက် လာဘ်ပေးလာဘ်ယူမှု အရေးယူ ဆောင်ရွက်ရေးကော်မတီကို ဇန်နဝါရီ ၈ ရက်က နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃ ဖြင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင်ကိုးဦးပါကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲသည်လည်း မိမိတို့ဌာနအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နည်းစနစ်များ စနစ်တကျချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နည်းလမ်းကောင်းများ ရရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်ပေးသည့် SDI အဖွဲ့နှင့် တာဝန်ရှိသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တံ့ဂုပူရီဟိုတယ်၌ ကျင်းပသည့် အဆိုပါ ဝန်ကြီးဌာနနှင့် Sustainable Development Initiatives Ltd. (SDI)တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သုံးသပ်ဖော်ထုတ်ခြင်းအခမ်းအနားတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် SDI မှ Country Program Director Mr. John Rennie က အလုပ်ရုံ ဆွေးနွေးပွဲရလဒ်များနှင့် သုံးသပ်ဖော်ထုတ်ခြင်း အစီအစဉ်များအပေါ် အခြေခံ၍ ဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်သင့်သည့်အချက်များ၊ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်၍ ဖြည့်ဆည်းပေးရန် လိုအပ်မှု အခြေအနေများကိုလည်းကောင်း၊ Integrity Commission မှ Chief Commissioner Mr. Morray Kellam က အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

မှတ်တိုင်မှာ ဘတ်စ်ကားရပ်ပြီ

"မှတ်တိုင်တွင် ဘတ်စ်ကားရပ်ပေးစေချင်" ခေါင်းစဉ်ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍတွင် ဖော်ပြပါရှိခဲ့သည်။ အဓိကမှာ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ တောင်ဘက်မှ မြောက်ဘက်သွား၊ သိမ်ဖြူစာတိုက် ဘတ်စ်ကားမှတ်တိုင်ကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဘတ်စ်ကားစီးခရီးသည်များ လွယ်ကူအဆင်ပြေစေရေးအတွက် လမ်းငါးခွဆုံ မီးပွိုင့်နှင့် မြန်မာ့ဂုဏ်ရည်လမ်းဆုံမီးပွိုင့် နှစ်ခု၏ အလယ်ဗဟိုတွင် စနစ်တကျ စိစစ်သတ်မှတ် ဆောက်လုပ်ပေးခဲ့သည်။

သတ်မှတ်ပေးသော မှတ်တိုင်တွင် ဘတ်စ်ကားများ ရပ်နားပေးခြင်းမရှိသဖြင့် နားခိုသူမဲ့ ဘတ်စ်ကားမှတ်တိုင်လေးမှာ အထီးကျန်ဖြစ်နေသည်။ မှတ်တိုင် မဟုတ်သော မြန်မာ့ဂုဏ်ရည်လမ်း မီးပွိုင့်နှင့် ၁၅ ကိုက်အကွာတွင်ရပ်သဖြင့် ဘတ်စ်ကားသုံးစီးဆက်တိုက်ဝင်လာလျှင် လမ်းဆုံတွင် ယာဉ်ကြောပိတ်ဆို့ပါတော့သည်။ ယခုအခါ ခရီးသည်များ စီးနင်းသွားလာမှုများချိန် ရုံးဆင်းချိန်များတွင် ယာဉ်ထိန်းရဲတစ်ဦးက ဝီစီတရှူးရှူးမှုတ်၍ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး မှတ်တိုင်တွင် ရပ်ရန် ထိန်းသိမ်းကြပ်မတ်တာဝန်ထမ်းဆောင်နေသည်ကို ဇန်နဝါရီ ၇ ရက် ညနေ ၅ နာရီက တွေ့မြင်ရ၍ ဓာတ်ပုံမှတ်တမ်းတင်ပြီး ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ပေးမှုကို ကျေးဇူးတင်ပါကြောင်းနှင့် အစဉ်အမြဲတာဝန်ကျေစေလိုပါကြောင်း ဆန္ဒပြုအပ်ပါသည်။

(အောက်ပုံ)(မောင်ကျောက်တံတား)



ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဌမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၆ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ စည်ပင်သာယာရေးအဖွဲ့များ လုပ်ထုံးလုပ်နည်းအခန်း(၂)ပုဒ်မ(၇)ပါ ကော်မတီအဖွဲ့ဝင်များ၏ ရပိုင်ခွင့်များဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုအတည်ပြု ဆုံးဖြတ်ခြင်းနှင့်အစည်းအဝေး ယခင်နေ့များက တင်သွင်းခဲ့ကြသည့်အဆိုများကို ဆွေးနွေးကြပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့
အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။



MRTV နှင့် CRI တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် China Radio International (CRI) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ကျင်းပရာ **(ယာပုံ)** ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ (CRI)မှ ဒုတိယညွှန်ကြားရေးမှူးနှင့်ကဗျာဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။ မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကဗျာစာမူရှင်များက ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူတို့က အထူးဆုရသူ ငါးဦး၊ တတိယဆုရသူ ငါးဦး၊ ဒုတိယဆုရသူသုံးဦးနှင့်ပထမဆုရမောင်သင်းပျံ့ (ကျိုက်ထော်)တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာ့အသံအဖွဲ့သူများက တရုတ်မြန်မာချစ်ကြည်ရေးသီချင်းကို သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ ယှဉ်ပြိုင်ကြသည့် ကဗျာစာမူများသည် ကနဦးပြိုင်ပွဲဝင်ကဗျာစာမူပေါင်း ၂၂၄ ပုဒ်မှ ကဗျာပညာရှင်များက စိစစ်ရွေးချယ်ခဲ့သော နောက်ဆုံး ဆန်ခါတင် ကဗျာများဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၇) ခုမေးမြန်းဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ပထမခြောက်လပတ်လုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာကို ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် တင်သွင်းထားသော အဆို(၁) ခုအား အဆုံးအဖြတ်ရယူခြင်း၊ အဆို(၂) ခု ထပ်မံတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတကာငွေလွှဲလုပ်ငန်း ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံဘဏ်များ အသင်းဝင်ပုဂ္ဂလိကဘဏ် ခုနစ်ဘဏ်တို့နှင့် ချိတ်ဆက်ပြီး ကမ္ဘာတွင် ငွေလွှဲလုပ်ငန်းဖြင့် ကျော်ကြားလူသိများသော Western Union ငွေလွှဲလုပ်ငန်းကွန်ရက်နှင့် ချိတ်ဆက်၍ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ လွှဲပို့မှုများပြုလုပ်နိုင်သည့် ငွေလွှဲလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် Western Union Co., Ltd. မှ အာရှပစိဖိတ်၏ မန်နေဂျင်းဒါရိုက်တာနှင့် ဒုတိယဥက္ကဋ္ဌ Mrs. Drina C.Yue က ကျေးဇူးတင်စကားပြောကြား၍ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် သက်ဆိုင်ရာဘဏ်အသီးသီးမှ တာဝန်ရှိသူများက ငွေလွှဲလုပ်ငန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယခု Western Union ငွေလွှဲလုပ်ငန်းကွန်ရက်နှင့်ချိတ်ဆက်သည့် ပုဂ္ဂလိကဘဏ်ခုနစ်ဘဏ်မှာ ယူနိုက်တက်အမရဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ သမဝါယမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ငွေလွှဲပို့နိုင်ရန် သမဝါယမဘဏ်နှင့်ကမ္ဘာ့ငွေလွှဲကုမ္ပဏီ သဘောတူစာချုပ် ချုပ်ဆို

ရန်ကုန် ဇန်နဝါရီ ၁၂

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံတို့ လွယ်ကူလျင်မြန်စွာ ငွေလွှဲပို့နိုင်ရန်အတွက် သမဝါယမဘဏ်လီမိတက် (CB Bank) နှင့် အမေရိကန်နိုင်ငံ ကမ္ဘာ့ငွေလွှဲကုမ္ပဏီကြီးဖြစ်သည့် Western Union Company တို့ သဘောတူစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ သမဝါယမဘဏ်လီမိတက် ရုံးချုပ်၌ကျင်းပရာ သမဝါယမဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းနှင့် Western Union's Co.,Ltd.မှ အာရှပစိဖိတ်၏ မန်နေဂျင်းဒါရိုက်တာနှင့် ဒုတိယဥက္ကဋ္ဌ Mrs. Drina C. Yue တို့က အမှာစကားပြောကြားကြပြီး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

သမဝါယမဘဏ်လီမိတက် (CB Bank) သည် နိုင်ငံတကာငွေလွှဲလုပ်ငန်း (Global Money Transfer) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့် ခွင့်ပြုချက်အရ ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံရှိ မိသားစုထံသို့ လွယ်ကူလျင်မြန်စိတ်ချစွာ ငွေလွှဲနိုင်ရန်အတွက် အမေရိကန်နိုင်ငံမှ ကမ္ဘာ့ငွေလွှဲကုမ္ပဏီကြီးဖြစ်သည့် Western Union Company နှင့် ချိတ်ဆက်သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်းဖြစ်သည်။

စတင်ဆောင်ရွက်

ထိုသို့စာချုပ်ချုပ်ဆိုခြင်းဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၂၂၀ နှင့် မြန်မာနိုင်ငံတို့အကြား တိုက်ရိုက်လျင်မြန်စွာ ငွေလွှဲပို့နိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ CB Bank ၏ ဘဏ်ခွဲများအားလုံးတွင် ငွေလွှဲထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကာ ငွေလွှဲခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကရင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ဖာပွန်မြို့နှင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသမှုပေး

နေပြည်တော် ဇန်နဝါရီ ၁၂

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာဝင်းနိုင်၊ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူတို့ ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၅) စစ်မြေပြင်ဆေးတပ်ရင်း တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တို့က ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးမှုကို ဇန်နဝါရီ ၂ ရက်က ဖာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူကြသော လူနာများအားအားပေးစကားပြောကြားကြကာ မျက်စိဝေဒနာရှင်များအား မျက်မှန်များအခမဲ့ လှူဒါန်း တပ်ဆင်ပေးခဲ့သည်။ ယင်းနောက် သက်ကြီး အဘိုးအဘွားများအား ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက ထောက်ပံ့ငွေ၊ ပစ္စည်းနှင့်ဆေးမျိုးစုံတို့ကို လှူဒါန်းပြီး ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးအပ်သည်။

အဆိုပါ အခမဲ့ဆေးကုသပေးမှုတွင် လာရောက်ဆေးကုသမှုခံယူသူ စုစုပေါင်း ၇၈၇ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက်၁၉၀ အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးခဲ့သည်။

အခမဲ့ဆေးကုသပေး

ကရင်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနအနေဖြင့် အထူးကုဆရာဝန်ကြီးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများဖြင့် လစဉ်ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးကုသပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖာပွန်မြို့ ပြည်သူ့ဆေးရုံ ခုတင် ၁၀၀တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ ၂၀၁၀-၂၀၁၁နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့ အမှတ်(၂) အမက (မြို့မ) ပညာရေးစုံညီပွဲတော်ကျင်းပ

ပျော်ဘွယ် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း (မြို့မ)၏ ၂၀၁၃ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှစိုးက ပညာရေးကဏ္ဍဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာသတင်း

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် အစိုးရနှင့် သူပုန်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုး

လီဘရာဗေး ဇန်နဝါရီ ၁၂

ဗဟိုအာဖရိကနိုင်ငံတွင် စစ်မက်ဖြစ်ပွားနေသည့် အစိုးရနှင့် သူပုန်တို့အကြား ဆွေးနွေးမှုများ ဂါဘွန်နိုင်ငံတွင် ပြုလုပ်ပြီးနောက် တရားဝင်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဇန်နဝါရီ ၁၁ ရက်က ဖော်ပြသည်။

သမ္မတနှင့် သူပုန်အုပ်စုကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထို့အပြင် နှစ်ဖက်အုပ်စုပါဝင်မည့် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းရန် သဘောတူညီခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီလီကာသူပုန်များသည် ဒီဇင်ဘာ ၁၀ ရက်မှစတင်ကာ အစိုးရကို ဆန့်ကျင်တိုက်ခိုက်ကြပြီး လေးပတ်ကြာတိုက်စစ်အတွင်း နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများကို အုပ်စိုးနိုင်ခဲ့သည်။ ထိုသို့ ထိုးစစ်ဆင်တိုက်ခိုက်ရခြင်းမှာ သမ္မတဖရန့်ဆွာ အိုဇစ်က ယခင်ငြိမ်းချမ်းရေးသဘောတူညီမှုများကို ချိုးဖောက်ခြင်းကြောင့်ဖြစ်သည်ဟု ၎င်းတို့က စွပ်စွဲထားသည်။

ဂါဘွန်နိုင်ငံ၏မြို့တော် လိုင်ဘရာဗီတွင် ဇန်နဝါရီ ၈ ရက်မှ စတင်ကာ အစိုးရနှင့် သူပုန်များ၊ အတိုက်အခံအုပ်စုများ စေ့စပ်ညှိနှိုင်းမှုများ စတင်ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲများသို့ အိမ်နီးချင်းနိုင်ငံများကလည်း ကြားဝင်ဖျန်ဖြေမှုကြောင့် ဆွေးနွေးပွဲသုံးရက်လွန်မြောက်သည့် ဇန်နဝါရီ ၁၁ ရက်တွင် နှစ်ဖက်အုပ်စုတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံဆိုင်ရာ ကုလသမဂ္ဂထိပ်တန်းအရာရှိ မာဂရက်ဗော့စ်က အဆိုပါအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးပြီး ၇၂ နာရီအတွင်း စတင်အာဏာသက်ရောက်သည်ဟု ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဆီးရီးယားဒုက္ခသည်များ အအေးဒဏ်ပြင်းထန်စွာခံစားနေရ

ဂျီနီဗာ ဇန်နဝါရီ ၁၂

ဆီးရီးယားနိုင်ငံအနှံ့နှင့် အနီးဝန်းကျင်ဒေသများတွင် ပြီးခဲ့သော ရက်သတ္တပတ်က စတင်ဖြစ်ပေါ်ခဲ့သည့် ဆိုးရွားသည့်အအေးလှိုင်းကျရောက်မှုကြောင့် ဆီးရီးယားနိုင်ငံ၏ စစ်ရှောင်ဒုက္ခသည် ၆၀၀၀၀၀ ကျော်တို့သည် အအေးဒဏ်ကို ပြင်းထန်စွာခံစားနေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ (အောက်ပုံ)

ဆီးရီးယား ဒုက္ခသည်များသည် လက်ဘနွန်နိုင်ငံတွင် ၁၉၄၀၀၀ ဦး၊ ဂျော်ဒန်နိုင်ငံတွင် ၁၇၆၀၀၀ ဦး၊ တူရကီနိုင်ငံတွင် ၁၅၃၀၀၀ ဦးနှင့် အီရတ်၊ အီဂျစ်၊ မြောက်အမေရိကနိုင်ငံ အသီးသီးတို့တွင်လည်း ဝင်ရောက်ခိုလှုံနေကြရာ နောက်ဆုံးစာရင်းအရ စုစုပေါင်း ၆၁၂၀၀၀ ဦးရှိကြောင်း အဆိုပါ အေဂျင်စီ၏ပြောရေးဆိုခွင့်ရှိသူ အင်ဒရီယန် အက်ဒ်ဝပ်က ပြောကြားသွားခဲ့သည်။

ဆောင်းတွင်းလများအတွက် ကြိုတင်ပြင်ဆင်ထားသော်လည်း ဒုက္ခသည် အများအပြားမှာမူ အအေးဒဏ်နှင့် စွတ်စိုထိုင်းမှိုင်းမှုများအလယ် ကြမ်းတမ်းသည့် ဆောင်းကာလကို ရင်ဆိုင်နေရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယူအင်န်အိတ်ချ်စီအာရ်နှင့် ကယ်ဆယ်ရေးအဖွဲ့များသည် ဒုက္ခသည်များအတွက် စောင်များ၊ အဝတ်အထည်များ၊ မွေ့ရာလိပ်များအစရှိသည့် ဆောင်းရာသီသုံး အထောက်အပံ့ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြသည်။ သို့သော် အမှန်တကယ်လိုအပ်လျက်ရှိသော နေရာအားလုံးသို့ အထောက်အပံ့ပစ္စည်းများ လုံလောက်စွာ ပံ့ပိုးပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဥရောပအမြင့်ဆုံးအဆောက်အအုံ ဗြိတိန်ဖွင့်လှစ်မည်

လန်ဒန် ဇန်နဝါရီ ၁၂

ဗြိတိန်နိုင်ငံတွင် အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် Shard အမည်ရှိ ၃၁၀ မီတာမြင့်သော မိုးပျံအဆောက်အအုံကို လာရောက်လည်ပတ်မည့် ပြည်သူများအတွက် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ (အပေါ်ပုံ)

လန်ဒန်မြို့၏ အထင်ကရအသစ်တစ်ခုဖြစ်သည့် အထပ်ပေါင်း ၉၅ ထပ်ရှိသော အဆိုပါ မိုးပျံအဆောက်အအုံသည် ဥရောပတွင် အမြင့်ဆုံးအဆောက်အအုံအဖြစ်လည်း မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

ယင်းမိုးပျံအဆောက်အအုံသည် လန်ဒန်မြို့၏ ခရီးသွားလုပ်ငန်းကို အဓိက ဆွဲဆောင်မှုအသစ်ဖြစ်လာမည်ဖြစ်ကြောင်း အဆိုပါ အဆောက်အအုံ၏ စီမံကွပ်ကဲရေးတာဝန်ရှိသူတစ်ဦးဖြစ်သူ အင်န်ဒီရပ်စ်နက်စ်ဘတ်က ပြောကြားသည်။ အဆောက်အအုံအတွင်း ဝင်ကြေးကို တစ်ဦးလျှင် ၂၄ ဒသမ ၅ ပေါင် (အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၇ ဒေါ်လာ)သတ်မှတ်ထားသည်ဟုဆိုသည်။

၎င်းအဆောက်အအုံ၏ အဝင်ဝတွင် လန်ဒန်မြို့အတွင်း နေရာများနှင့် ထင်ရှားကျော်ကြားသည့် လန်ဒန်နိုင်ငံသား ၁၄၀ ၏ရုပ်ပုံများအား ရေးဆွဲထားသည့် ပန်းချီကားများကို ချိတ်ဆွဲပြသထားသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

ကူမင်း ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ တောင်ထူထပ်သောဒေသတွင် မြေပြိုမှုဖြစ်ပွားရာ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းအထိ သေဆုံးသူ ၄၆ ဦးရှိသွားပြီဖြစ်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

အဆိုပါ မြေပြိုမှုသည် ယူနန်ပြည်နယ် ကျန်ဆောင်စီရင်စုရှိ ဂါအိုပိုကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းစီရင်စုသည် မြို့တော် ကူမင်း၏အရှေ့မြောက်ဘက် ကီလိုမီတာ ၅၅၀ ခန့်အကွာ၌ ရှိသည်။ သေဆုံးသူ ဒေသခံ ၄၆ ဦး အနက် ၂၇ ဦးမှာ လူလတ်ပိုင်းအရွယ်များဖြစ်ပြီး ၁၉ ဦးမှာ ကလေးများဖြစ်ကြောင်း ဒေသဆိုင်ရာမြို့ပြအုပ်ချုပ်ရေးဌာနမှ ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာလျော့ပါးရေး ဆောင်ရွက်ရန်အတွက် အလုပ်သမားကောင်စီအဖွဲ့တစ်ဖွဲ့နှင့် ဝန်ကြီးဌာနအချို့မှ အရာရှိများ ဇန်နဝါရီ ၁၂ ရက် နံနက် ၄ နာရီခန့်တွင် ရောက်ရှိခဲ့ကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကယ်ဆယ်ရေးအလုပ်သမား ၁၀၀၀ ကျော်နှင့်အတူ မြေပြင်သုံးစက်ယန္တရားများစွာ ပါဝင်လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

၂၀၁၂ ခုနှစ်အတွင်း တောင်အာဖရိက၌ ကြံ့ ၆၆၈ ကောင်သတ်ဖြတ်ခံရ

ကိပ်တောင်း ဇန်နဝါရီ ၁၂

တောင်အာဖရိကနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း တောလိုက်မုဆိုးများက ကြံ့ကောင်ရေ ၆၆၈ ကောင်ကို စံချိန်တင်သတ်ဖြတ်ခဲ့ကြောင်း၊ အာရှမှောင်ခိုဈေးကွက်တစ်ဟုန်ထိုးမြင့်မားလာပြီး ယင်းတို့၏ ဦးချိုလိုအပ်မှုကြောင့် ကြံ့သတ္တဝါများ သတ်ဖြတ်ခံရမှုမှာ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အစိုးရအရာရှိများက ပြောကြားသည်။

အမဲလိုက်သတ်ဖြတ်ခံရသည့် ကြံ့သတ္တဝါအများစုသည် ကြီးမားကျယ်ပြန့်သည့် ခရူဂျာအမျိုးသားဥယျာဉ်၊ တောင်အာဖရိက၏အကြီးဆုံး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နိုင်ငံ၏ထိပ်တန်းဆာဖာရီ ဥယျာဉ်နေရာတို့မှ ဖြစ်သည်။

ကြံ့သတ္တဝါငါးကောင်ကျော်မှာ ပြီးခဲ့သည့် နှစ်စပိုင်းကတည်းက သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိက သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရှိရသည်။

၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အမဲလိုက်မှုနှင့် ဆက်နွယ်ပြီး ဖမ်းဆီးခဲ့ရမှုမှာ ၁၆၅ ကြိမ်မှ ၂၆၇ ကြိမ်အထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။ **(အေပီ)**

နျူကလီးယားရေငုပ်သင်္ဘောသစ် ရုရှားရေတပ်ရရှိ

မော်စကို ဇန်နဝါရီ ၁၂

ရုရှားရေတပ်သည် နျူကလီးယားဒုံးကျည်တပ်ဆင်ထားသော ရေငုပ်သင်္ဘောသစ်တစ်စင်းကို ဇန်နဝါရီ ၁၀ ရက်က လက်ခံရရှိခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်က မတော်တဆဖြစ်ရပ်ကြောင့် ပင်လယ်ကြမ်းပြင်အောက်နစ်မြုပ်ခဲ့သော ရုရှားနျူကလီးယားရေငုပ်သင်္ဘောအတွက် အစားထိုးအသုံးပြုရန်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ယူရီဒိုလ်ဂိုယူကီအမည်ရှိ ၎င်းနျူကလီးယားရေငုပ်သင်္ဘောသစ်သည် နျူကလီးယားဒုံးကျည် ၁၆ စင်းကို တပ်ဆင်ထားပြီး တပ်ဖွဲ့ဝင် ၁၀၇ ဦးကို တင်ဆောင်မောင်းနှင်ကာ စစ်ဆင်ရေးများဆင်နွှဲနိုင်သည့် ရေငုပ်သင်္ဘောအမျိုးအစားသစ်တစ်မျိုးဖြစ်သည်။

အဆိုပါ နျူကလီးယားရေငုပ်သင်္ဘောတည်ဆောက်မှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၅၇ သန်း ဖြစ်သည်။

ရုရှားနိုင်ငံသည် လာမည့် ၂၀၂၀ ခုနှစ်အတွင်း နျူကလီးယားရေငုပ်သင်္ဘောရှစ်စင်း တည်ဆောက်ရန် စီစဉ်ထားသည်။ ၂၀၀၀ ပြည့်နှစ်က အာတိတ်ပင်လယ်ပြင်တွင် ရုရှားနျူကလီးယားရေငုပ်သင်္ဘောတစ်စင်း ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီး နစ်မြုပ်ခဲ့ရာ တပ်ဖွဲ့ဝင် ၁၁၈ ဦး သေဆုံးခဲ့သည်။

ယခုရေငုပ်သင်္ဘောသည် ပင်လယ်ပြင်အောက်၌ အရေးပေါ်ဖြစ်ရပ်ကြုံတွေ့ပါက ရေမျက်နှာပြင်ပေါ်သို့ အမြန်ဆုံး ပြန်တက်ရောက်နိုင်သည့်စနစ်များ ထည့်သွင်းတည်ဆောက်ထားသည်။ တပ်ဆင်ထားသည့် နျူကလီးယားဒုံးကျည်များသည် ကီလိုမီတာ ၈၀၀၀ အထိ ပစ်ခတ်နိုင်သည့် တာဝေးပစ်ဒုံးကျည်များ ဖြစ်သည်။ **(ရိုက်တာ)**

တင်မောင်လွင်-စုစည်းသည်

Guide to Using

Android for Phone & Tablet

ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်းများသုံးရ

လူကြိုက်များလာသည်မှာ အများအသုံးပြုနေသော Mobile Phone, Tablet တို့ကို အဓိက ထိန်းချုပ်မောင်းနှင်ပေးနေသော နည်းပညာ O.S Android အကြောင်း Android Phone များနှင့် Tablet များလုပ်ဆောင်ပုံအဆင့်ဆင့် အသုံးပြုပုံ ထောင်ရန် ရှောင်ရန် အချက်များ Android Phone တစ်လုံးသို့ Tablet တစ်လုံးဝယ်ယူလျှင် သိထားသင့်သည့်အချက်များ Phone Stting, Ring Tone ပြောင်းခြင်း ကွန်ပျူတာနှင့်ချိတ်ဆက်၍ file တို့အား ကူးယူခြင်း ဖျက်ထုတ်ခြင်း Wifi Hotspot ဖြင့် Mobile Network ခန့်တို့ခြင်း Wifi ချိတ်ဆက်ခြင်း Web Browser ဖြင့် အင်တာနက်ချိတ်ဆက်ခြင်း Gmail အသုံးပြုခြင်းစသည် တို့ကို ရှင်းလင်းစွာဖော်ပြထားသည်။

မျက်ပွင့်စာပေ - ဖုန်း - ၀၉ ၅၃၀၀ ၂၉၆၅ ၊ ၀၉ ၅၃၀၀ ၅၈၈၂

ဝမ်းမြောက်စွာ ဂုဏ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အောင်ချမ်းသာပရိယတ္တိစာသင်ကျောင်းတိုက်ကြီးအား ပစ္စည်းလေးပါးထူးခြားစွာ ထောက်ပံ့လှူဒါန်းပါသော မယ်တော်ကြီး ဒေါ်အေးအေးချိုအား ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ရက်နေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ပါသောကြောင့် ဝမ်းမြောက်စွာ ဂုဏ်ပြုပါသည်။

ထာဝရယောဂီအဖွဲ့
အောင်ချမ်းသာပရိယတ္တိစာသင်တိုက်
ကံဘဲ့၊ ရန်ကင်းမြို့နယ်

နိုင်ငံတကာသတင်း

မာလီလက်နက်ကိုင်ပဋိပက္ခမှ အကြမ်းဖက်အုပ်စုများနှင့် အစွန်းရောက်ဝါဒီတို့၏ခြိမ်းခြောက်မှု

တိုး - ရေးသည်

အာဖရိကတိုက် မာလီနိုင်ငံမြောက်ပိုင်းကို သိမ်းပိုက်ထားသည့် စစ်သွေးကြွ အစ္စလာမ္မစ်ဝါဒီများကို ကူညီတိုက်ထုတ်ရန်အတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က တပ်ဖွဲ့ဝင်များစေလွှတ်ပေးပါရန် အာဖရိကသမဂ္ဂ (အေယူ) ဥက္ကဋ္ဌ သောမတ်ဘိုနီယာယီက တိုက်တွန်းပြောကြားလိုက်သည်။ မာလီနိုင်ငံလက်နက်ကိုင်ပဋိပက္ခမှာ နိုင်ငံတကာပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နေတိုးအဖွဲ့အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ဝင်ရောက်ဆောင်ရွက်သကဲ့သို့ မာလီနိုင်ငံသို့ ဝင်ရောက်သင့်ကြောင်း အေယူဥက္ကဋ္ဌ ဘီနင်နိုင်ငံသမ္မတ သောမတ်ဘိုနီယာယီက ပြောကြားလိုက်သည်။ သို့သော် စစ်သွေးကြွများအားနှိမ်နင်းရာတွင် အာဖရိကတပ်များက ဦးဆောင်ပါဝင်သင့်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

မာလီနိုင်ငံသို့ အင်အား ၃၀၀၀ ရှိသော အာဖရိကတပ်ဖွဲ့ဝင်များ စေလွှတ်ရေးအစီအစဉ်ကို ကုလသမဂ္ဂက ပြီးခဲ့သည့်လကပင် အတည်ပြုပေးပြီးဖြစ်သည်။ အဆိုပါတပ်ဖွဲ့ဝင်များ မာလီနိုင်ငံ၌ ဖြန့်ကြက်ရေးမှာ စက်တင်ဘာလ မတိုင်မီ ဖြစ်လာနိုင်ဖွယ်မရှိဟု ကုလသမဂ္ဂ အရာရှိများကပြောကြားသည်။

ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါနှင့် ကနေဒါနိုင်ငံ အော့တဝါမြို့၌ တွေ့ဆုံဆွေးနွေးအပြီးတွင် အာဖရိကသမဂ္ဂ (အေယူ) ဥက္ကဋ္ဌ သောမတ်ဘိုနီယာယီက မာလီနိုင်ငံအရေးတွင် နေတိုးအဖွဲ့ပါဝင်သင့်ကြောင်း တိုက်တွန်းပြောကြားခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်၌ နေတိုးအဖွဲ့ ပါဝင်ပတ်သက်သည့်နည်းတူ မာလီနိုင်ငံ၌ နေတိုးအဖွဲ့ပါဝင်သင့်ကြောင်း၊ မာလီနိုင်ငံမှလက်နက်ကိုင် ပဋိပက္ခမှာ နိုင်ငံတကာပြဿနာတစ်ရပ်ဖြစ်နေကြောင်း အေယူဥက္ကဋ္ဌကပြောကြားသည်။

"အာဖဂန်၌ နေတိုးအဖွဲ့ ပါဝင်ပတ်သက်သည့် နည်းတူ မာလီနိုင်ငံ၌ နေတိုးအဖွဲ့ ပါဝင်သင့်"

၂၀၀၃ ခုနှစ်က အာဖဂန်နစ္စတန် နိုင်ငံအတွင်းဝင်ရောက်သည့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို နေတိုးအဖွဲ့က ထိန်းချုပ်ခဲ့သည်။ အမေရိကန်နှင့် ပြင်သစ်အပါအဝင် နေတိုးအဖွဲ့ဝင်နိုင်ငံအချို့က မာလီစစ်ဆင်ရေးအတွက် အာဖရိကတပ်ဖွဲ့ဝင်များကို သင်တန်းပေးကူညီမည်ဟု ပြောကြားသည်။ သို့သော် မြေပြင်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဟူ၍ကား ကမ်းလှမ်းခြင်းမရှိပါပေ။နေတိုးအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံက မာလီနိုင်ငံသို့ စစ်ရေးအရ တိုက်ရိုက်ပါဝင်ရန် မစဉ်းစားကြောင်း ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက ပြောကြားသည်။ အမှန်စင်စစ် မာလီအခြေအနေကို မိမိတို့ များစွာစိုးရိမ်ကြောင်း၊ အကြမ်းဖက်သမားတို့၏ ဒေသကြီးတစ်ခုလုံး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာအသိုက်အဝန်း

အတွင်းရှိကြသူတိုင်း စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

မာလီနိုင်ငံ ဘာမာကိုမြို့တော်၌ ပြီးခဲ့သည့်နှစ်က အာဏာသိမ်းပိုက်မှုဖြစ်ပွားပြီးနောက် မာလီနိုင်ငံမြောက်ပိုင်းတွင် ပြင်သစ်နိုင်ငံ အရွယ်အစားမျှ ကျယ်ဝန်းသည့်ဒေသကို အစ္စလာမ္မစ်ဝါဒီများနှင့် တွာရက်သူပုန်တို့က သိမ်းပိုက်လိုက်သည်။

လစ်ဗျားခေါင်းဆောင် ကဒါဖီအစိုးရ ၂၀၁၁ ခုနှစ်တွင် ပြုတ်ကျသွားပြီးနောက် လစ်ဗျားမှ တိုက်ခိုက်ရေးသမားများ မာလီနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာပြီး လက်နက်ကိုင်တို့နှင့် ပေါင်းလိုက်သည့်အတွက်ကြောင့်လည်း မာလီသူပုန်များမှာ ပိုမိုအင်အားတောင့်တင်းလာရသည်။ နေတိုးအဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုမှာ လစ်ဗျားကဒါဖီအစိုးရအား ဖြုတ်ချရာတွင် လစ်ဗျားစစ်သွေးကြွများကို အထောက်အကူပိုရခဲ့ခြင်းဖြစ်

သည်။ အစ္စလာမ္မစ်ဝါဒီများနှင့် တွာရက်သူပုန်တို့၏ မဟာမိတ်ဖွဲ့စည်းမှုမှာ မာလီနိုင်ငံမြောက်ပိုင်း အဓိကမြို့ပြ အချက်အချာနေရာများကို အစ္စလာမ္မစ်ဝါဒီများက သိမ်းပိုက်လိုက်သောအခါ ချက်ချင်းဆိုသလို ပြိုကွဲသွားသည်။

အစ္စလာမ္မစ်ဝါဒီများက ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို ဖျက်ဆီးပစ်သည့်အပြင် အစ္စလာမ္မစ်ဥပဒေများကို တင်းကျပ်စွာ ပြဋ္ဌာန်းလိုက်သည့်အခါ တွင်မူ နိုင်ငံတကာက မကျေနပ်သံများ ထွက်ပေါ်လာတော့သည်။ မာလီနိုင်ငံ လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးအတွက် ဘူကီနာဖာဆိုအစိုးရက ကြားဝင်ဆောင်ရွက်ပေးရန် ကြိုးပမ်းလျက်ရှိသည်။

မာလီနိုင်ငံ မြောက်ပိုင်းမှ သူပုန်အုပ်စုများ၏ စစ်ရေးလှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်ကြောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ညက ညှိနှိုင်းအပြီးတွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံတို့က အကြမ်းဖက်သမားများနှင့် အစွန်းရောက်ပါတီတို့၏ လက်နက်စွဲကိုင်တိုက်ခိုက်လာမှုကို များစွာစိုးရိမ်ကြောင်း အထူးသဖြင့် မာလီနိုင်ငံ ဘာမာကိုမြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၇၀၀ ခန့်အကွာရှိ လူဦးရေ ၅၀၀၀၀ ရှိသော နိုင်ငံအလယ်ပိုင်းရှိ ကွန်နာမြို့ကို သိမ်းပိုက်လိုက်ခြင်းအပေါ် စိုးရိမ်ကြောင်း ကုလသမဂ္ဂ ဌာနချုပ်၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပိုမိုဆိုးရွားလာသော ယင်းအခြေအနေမှာ မာလီနိုင်ငံ၏ တည်ငြိမ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ပိုမိုခြိမ်းခြောက်လာသည့်အပြင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုပါ ထိပါးခြိမ်းခြောက်ရာကျနေကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက်၌ ဖော်ပြထားသည်။

အကြမ်းဖက်အဖွဲ့အစည်းများနှင့် အပေါင်းပါအုပ်စုများ၏ ခြိမ်းခြောက်မှု လျော့ပါးသွားရေးအတွက် မာလီလုံခြုံရေးတပ်ဖွဲ့များသို့ အကူအညီပေးကြရန်လည်း လုံခြုံရေးကောင်စီက အဖွဲ့ဝင်နိုင်ငံများအား နှိုးဆော်လိုက်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးသူ ၄၁၂၀၀၀ အထိရှိသည်။ မာလီအစိုးရနှင့် သူပုန်အုပ်စုများအကြား ဘူကီနာဖာဆိုနိုင်ငံ၏ မြို့တော်၌ ယခုလကုန်ပိုင်းတွင် တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ရသည်ဆို၏။ ။

ဆဲလ်ထိုးသွင်းကုသနည်းဖြင့် မျက်စိအမြင်ပြန်လည်ရရှိ

မျက်စိမမြင်သောကြွက်များ၏ မျက်စိအတွင်းသို့ အလင်းအာရုံခံဆဲလ်ထိုးသွင်းပေးခြင်းဖြင့် မျက်စိပြန်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သတင်းထုတ်ပြန်သည်။

အဆိုပါ သုတေသနနည်းသစ်ဖြင့် ဆေးကုသ၍ မပျောက်နိုင်သော မျက်စိဝေဒနာရှင်များကို ကုသမှုပေးနိုင်လိမ့်မည်မှာ သေချာသလောက် ရှိနေကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနအဖွဲ့က ဆိုသည်။

သုတေသနစမ်းသပ်မှုသည် လျင်မြန်စွာ တိုးတက်အောင်မြင်ခဲ့ကြောင်း၊ သို့သော်လည်း ပြန်လည်ရရှိသည့် အမြင်အာရုံကြည်လင်မှု ရှိ မရှိက မေးခွန်းတစ်ရပ်ဖြစ်နေဆဲဖြစ်ကြောင်း ပညာရှင်ပါရဂူများက ပြောကြားသည်။

အာရုံခံလွှာရောင်ရမ်းခြင်းခံစားနေရသော ဝေဒနာရှင်များသည် မျက်စိအာရုံခံလွှာ (retina)ရှိ အလင်းအာရုံခံဆဲလ်များ တဖြည်းဖြည်းပျက်စီးဆုံးရှုံးကာ နောက်ဆုံးမျက်စိအလင်းကွယ်ရသည်။ အောက်စဖို့ဒ်တက္ကသိုလ်မှ ၎င်းသုတေသနအဖွဲ့က မျက်စိအာရုံခံလွှာ (retina)ရှိ အလင်းအာရုံအမြင်ဆဲလ်များ ပျက်စီးနေသည့် ကြွက်များဖြင့် စမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။ ကြွက်များ၏ မျက်စိအာရုံခံလွှာအတွင်း အလင်းအာရုံခံဆဲလ်များ ထိုးသွင်းပေးခဲ့သည်။ ထိုသို့ ထိုးသွင်းပြီး သီတင်းနှစ်ပတ်အကြာတွင် ကြွက်များ၏ မျက်စိအာရုံခံလွှာ တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာသည်ကို တွေ့ရှိခဲ့ကြောင်း အမျိုးသားအကယ်ဒမီသိပ္ပံဂျာနယ်တွင် သုတေသနအဖွဲ့က ရေးသားဖော်ပြခဲ့သည်။

ယခုသုတေသနစမ်းသပ်မှုသည် အမြင်အာရုံမရှိသောကြွက်များကို အမြင်အာရုံပြန်လည်ပေးစွမ်းနိုင်ခဲ့သည်မှာ ပထမဆုံးသက်သေပြနိုင်မှုဖြစ်ကြောင်း၊ ဆဲလ်ထိုးသွင်းကုသခြင်းဖြင့် မျက်စိအမြင်အာရုံခံအလွှာတစ်ခုလုံးကို ပြန်လည်ဖွဲ့တည်နိုင်ခဲ့ကြောင်း သုတေသနအဖွဲ့မှ ပါမောက္ခ ရောဘတ်မတ်လာရန်က ဆိုသည်။

လန်ဒန်ယူရီဗာစတီကောလိပ် မျက်စိဆိုင်ရာဆေးသိပ္ပံကျောင်းမှ ပါမောက္ခတစ်ဦးဖြစ်သူ ပတ်ကော့ဖေးက "အမြင်အာရုံဆုံးရှုံးနေတဲ့ ဝေဒနာရှင်များကို မျက်စိပြန်မြင်ဖို့ ကုသပေးနိုင်တဲ့ နည်းတစ်နည်းဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် ဘယ်လောက်အထိ အမြင်အာရုံကောင်းမွန်တယ်ဆိုတာရယ် အလင်းစူးရှမှုဒဏ် ဘယ်လောက်အထိ ခံနိုင်ရည်ရှိတယ်ဆိုတာ သုတေသနပြုဖို့ များစွာ လိုအပ်ပါဦးမယ်"ဟု ပြောကြားခဲ့သည်။

မောင်သံဆင့် - ရေးသည်။

ကန်တပ်ဖွဲ့ဝင်များ အာဖဂန်မှစော၍ ရုတ်သိမ်းမည်

အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ယခုနှစ်နွေဦးရာသီအတွင်း စစ်ဆင်ရေးအားလုံးနီးပါးအဆုံးသတ်ရန် အမေရိကန် သမ္မတအိုဘားမားနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့ သဘောတူညီလိုက်ကြောင်း ဇန်နဝါရီ ၁၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ နှစ်နိုင်ငံခေါင်းဆောင်များက ကာတာနိုင်ငံ ဒိုဟာမြို့၌ အာဖဂန်အစိုးရနှင့် တာလီဘန်ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးခြင်းကို ထောက်ခံခဲ့သည်။ အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၆၆၀၀၀ နီးပါး ၂၀၁၄ ခုနှစ်တွင်ထွက်ခွာကြလိမ့်မည်ဖြစ်သည်။

သီရိလင်္ကာအမျိုးသမီးအိမ်ဖော် ဆော်ဒီတွင် ခေါင်းဖြတ်သေဒဏ်ပေးခံရ

ဆော်ဒီအာရေဗျနိုင်ငံရောက် သီရိလင်္ကာအမျိုးသမီးအိမ်ဖော်တစ်ဦးအား ၂၀၀၅ ခုနှစ်က ၎င်းပြုစုစောင့်ရှောက်ပေးသော ကလေးတစ်ဦးကိုသေစေမှုဖြင့် ခေါင်းဖြတ်သေဒဏ်ပေးလိုက်ကြောင်း ဇန်နဝါရီ ၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ရီဇာနားနာဖက်အမည်ရှိ အဆိုပါအမျိုးသမီးသည် လေးလသားအရွယ် ကလေးအားသတ်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုသည်။

ထိုစဉ်က သူမသည် အသက် ၁၇ နှစ်မျှသာရှိသေးသည်။ သူမအား အယ်လ်ဒွာမီမြို့မှ ကလေးမိဘ၏တရားစွဲဆိုခံရပြီးနောက် ကလေးအား တစ်စုံတစ်ခုပြုလုပ်ခဲ့သည့်အတွက် သေဒဏ်ပေးလိုက်ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

ထိုသို့ သေဒဏ်ပေးစီရင်မှုအတွက် သီရိလင်္ကာအစိုးရနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့က စိုးရိမ်ပူပန်လျက်ရှိသည်။

မာလီသူပုန်များအား အစိုးရနှင့် ပြင်သစ်တပ်များပူးပေါင်းတိုက်ထုတ်

မာလီရှိအစိုးရတပ်များသည် ပြင်သစ်တို့က လေကြောင်းမှ ပစ်ကူတိုက်ခိုက်ပေးသဖြင့် အစ္စလာမ္မစ်စစ်သွေးကြွများထံမှ နယ်မြေကို ပြန်လည်သိမ်းယူပေးခဲ့သည်။ သူပုန်အဖွဲ့ကိုတိုက်ထုတ်ပြီး ကွန်နာမြို့လယ်ကို အစိုးရတပ်များက ထိန်းချုပ်ထားသည်။ ပြင်သစ်တို့က မာလီစစ်တပ်ကို စစ်ရေးကူညီမည်ဟု ကြေညာပြီး မကြာမီက သတင်းထွက်ပေါ်လာခဲ့သည်။ အယ်လ်ကိုင်ဒါနှင့် ဆက်နွယ်နေသော စစ်သွေးကြွများက မာလီမြောက်ပိုင်းကို လွန်ခဲ့သည့် ဧပြီလကစတင်ကာ ထိန်းချုပ်ထားသည်။

မြင့်မောင်စိုး - စုစည်းသည်။

ဖိလစ်ပိုင်တွင် ဟိုတယ်ငယ်သုံးလုံးမီးလောင် နိုင်ငံခြားသားအပါအဝင် ခြောက်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတွင် ဘေးချင်းကပ်ဆောက်လုပ်ထားသည့် ဟိုတယ်ငယ်သုံးလုံး ဇန်နဝါရီ ၁၀ ရက်က မီးလောင်မှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါမီးလောင်မှုသည် အိုလွန်ဂါပိုမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အမေရိကန်ပင်စင်စားသုံးဦး၊ တောင်ကိုရီးယားနိုင်ငံသားတစ်ဦးနှင့် ဒေသခံအမျိုးသမီးနှစ်ဦးတို့သေဆုံးကြောင်း၊ အမေရိကန်နိုင်ငံသားများအနက် တစ်ဦးမှာ အဆောက်အအုံအတွင်း ပိတ်မိခဲ့ခြင်းဖြစ်ကြောင်း၊ အခြားနှစ်ဦးမှာ ယင်းတို့၏ အခန်းအတွင်း၌ သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ် ဆိုင်ရာအရာရှိတစ်ဦးဖြစ်သည့် အင်ဂျင်လီတိုလာယက်က ပြောကြားခဲ့သည်။

၎င်းအိုလွန်ဂါပိုမြို့လေးသည် မြို့တော်မနီလာ၏ အနောက်ဘက် ယခင်အမေရိကန်ရေတပ် အခြေစိုက်ရာနေရာတစ်ခုဖြစ်သည်။ မီးလောင်ခဲ့သည့် အဆိုပါ ဟိုတယ်ငယ်သုံးလုံးသည် တစ်လုံးနှင့်တစ်လုံးနီးကပ်စွာတည်ရှိပြီး မီးကိုသုံးနာရီကြာငြိမ်းသတ်ခဲ့ရသည် ဟုဆိုသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ချက်ချင်းမသိရသေးဟုဆိုသည်။

ဖုန်းဆော့ဖ်ဝဲလ် ဆိုင်ရာ ပြုပြင်နည်း

ANDROID ROOT GUIDE

ဖုန်းဆော့ဖ်ဝဲလ်ဆိုင်ရာပြုပြင်နည်း

Android ရဲ့ ICS, 4.0.1–4.0.4, Jellybean 4.1.1,4.1.2 တို့ရဲ့ Root လုပ်နည်းများ။ Offical Firmware ပြန်ထည့်နည်း။

Mobile Phone များရဲ့ OS ကို Root လုပ်ပြီး ထိန်းချုပ်နည်း။

Format အမျိုးမျိုးပြောင်းလဲ အသုံးပြုနည်း

Format

Format Factory

Photo Slideshow ဗီဒီယိုခွေအဖြစ် ပြောင်းလဲနည်း

Photo Slide Show

Effect များ

Power Director 10

ထွက်ပြီ မနောဖြူစာပေ — ဖုန်း–၀၉–၇၃၂၄၆၉၀၀၊ ၀၉ ၇၃၀၄၃၈၇၃ E-mail : manawphyu.books@gmail.com ထွက်ပြီ

နိုင်ငံရေးဆောင်းပါးနှင့် ပြည်တွင်းသတင်း

သူ့အတွေး သူ့အမြင်

ယုံကြည်စိတ်ချရသောပြုပြင်ပြောင်းလဲရေး

မင်းပထူး

(ဇန်နဝါရီ ၄ ရက်မှ အဆက်)

အရှေ့မြောက်အာရှဒေသ နိုင်ငံတချို့၏ နမူနာ

လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်ကစပြီး အစိုးရများအပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှုကျဆင်းလာခြင်းဟာ ကမ္ဘာလုံးဆိုင်ရာ သဘာဝဖြစ်စဉ်များလားလို့ လေ့လာသူအများအပြားက စိုးရိမ်ခဲ့ကြပါတယ်။ ဒါ့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတချို့က ယုံကြည်စိတ်ချမှုရရှိစေမယ့် အလုပ်တွေကို တွန်းလုပ်လာကြတဲ့ လိုင်းတွေကိုလည်း တွေ့နေရပါတယ်။ ပြည်သူလူထု ကိုယ်နှိုက်က သဘောထားအမြင် ပြောင်းလဲလာကြခြင်း သို့မဟုတ် နိုင်ငံရေးသမားများရဲ့ ပုံစံကိုယ်နှိုက်က နိုင်ငံရေးကိစ္စများကို ကိုင်တွယ်ရာမှာ နည်းလမ်းပြောင်းလဲလာကြခြင်းတို့ကြောင့်ဖြစ်တယ်လို့ တချို့က ဆိုကြပါတယ်။ အစိုးရများအပေါ် မကောင်းမြင်ခြင်းဟာ အစိုးရရဲ့ ယုံကြည်စိတ်ချရမှု ဆောင်ရွက်ချက်နဲ့ **“လူမှုရေးအရင်း”**တို့ကြောင့် ဖြစ်တယ်လို့ အခိုင်အမာယုံကြည်သူများကလည်း ယုံကြည်ကြပါတယ်။ ဒီပြဿနာဟာ အနောက်တိုင်း နိုင်ငံများမှာသာမက အရှေ့နဲ့ မြောက်အာရှဒေသတွေမှာလည်း အရေးကြီးပြဿနာတစ်ရပ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ ဆက်စပ်ပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နဲ့ မွန်ဂိုလီးယား နိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲမှုများကို အကြမ်းဖျင်း လေ့လာနိုင်ဖို့ အကျဉ်းချုံးဖော်ပြလိုပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် သုံးခုကျော်ကစပြီး တရုတ်ပြည်ရဲ့ စီးပွားရေးဟာ ဗဟိုဦးစီးစီမံကိန်းစီးပွားရေးစနစ်မှ ဈေးကွက်ကို ရှေးရှုတဲ့စီးပွားရေးသို့ သိသာထင်ရှားစွာ ပြောင်းလဲခဲ့ပါတယ်။ တရုတ်ပြည်ရဲ့ အလွန်လျင်မြန်စွာ ကြီးထွားလာတဲ့ ဈေးကွက်ကြီးဟာ ပြင်ပရင်းနှီးမြှုပ်နှံမှု အမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့တန်ဖိုးများ ဆန်းစစ်လေ့လာရေးအသင်းကြီးရဲ့ ၂၀၁၀ခုနှစ် ဇန်နဝါရီလ ထုတ်ပြန်ချက်အရ တရုတ်အစိုးရနဲ့ အမျိုးသားပြည်သူ့ကွန်ဂရက်အပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှုဟာ အတော်ကလေးမြင့်မားကြောင်း တွေ့ရပါတယ်။ ၂၀၀၉ ခုနှစ် စာရင်းအရ တရုတ်ပြည်မှာ တရားဝင်အသိအမှတ်ပြု လူမှုအဖွဲ့အစည်း ၄၁၅၀၀၀ ဖွဲ့ရှိပြီး စီးပွားရေးအဖွဲ့အစည်း မှတ်ပုံမတင်ထားတဲ့ လူမှုအခြေပြုအဖွဲ့အစည်းထောင်ပေါင်းများစွာလည်း ရှိပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းပေါင်းများစွာဟာ ပတ်ဝန်းကျင်ရေးရာ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံပညာသုတေသန၊ ယဉ်ကျေးမှု၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တရားဥပဒေရေးရာ အကူအညီပေးရေး၊ လူမှုဝန်ထမ်းစတဲ့ လုပ်ငန်းအများအပြားမှာ တရုတ်ပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်နဲ့ ပြည်သူလူထုအကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။

၂၀၀၅ ခုနှစ် ပြည်သူ့ဝန်ထမ်းဥပဒေဟာ အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ သိသာထင်ရှားပါတယ်။ ပြည်သူ့ဝန်ထမ်းရေးရာကို ပြုပြင်ပြောင်းလဲရာမှာ အဓိကကျတဲ့ ကဏ္ဍလေးရပ်ပါရှိပါတယ်။ အထူးလေ့ကျင့် သင်ကြားပေးထားတဲ့ ကေဒါစီမံခန့်ခွဲမှုစနစ်မှ **ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းစနစ်သို့ ပြုပြင်ပြောင်းလဲမှု၊ ဝန်ထမ်းဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲမှု၊ လုပ်ခပြုပြင်ပြောင်းလဲမှုနဲ့ ဝန်ထမ်းလေ့ကျင့်ရေးပြုပြင်ပြောင်းလဲမှု**တို့ ဖြစ်ပါတယ်။ စီမံအုပ်ချုပ်ရေးအပိုင်းကို အရွယ်အစားသေးငယ်စေခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ အရည်အချင်းမီသူများကို အစိုးရဝန်ထမ်းအဖြစ် တိုက်ရိုက်စိစစ်ရွေးချယ်ခန့်အပ်ပြီး စီမံခန့်ခွဲမှုအပါအဝင် အရေးကြီးလုပ်ငန်းတာဝန်များဆောင်ရွက်ခွင့်ပေးခြင်း၊ လူသစ်များရွေးချယ်ရာမှာ အလုပ်နဲ့ပတ်သက်တဲ့ပညာ၊ ကျွမ်းကျင်မှုအဆင့်အတန်းကိုသာ အဓိကထားစစ်ဆေးခြင်း၊ အစိုးရဝန်ထမ်းအဖြစ်မှ ဦးနှောက်ယိုစီးမှုမဖြစ်စေဖို့ လုပ်ခပြုပြင်ပြောင်းလဲသတ်မှတ်ပေးခြင်း၊ စွမ်းဆောင်ရည်နဲ့ သင်တန်းများအပေါ်မူတည်၍သာ အဆင့်တိုးမြှင့်ပေးခြင်းနဲ့ ဝန်ကြီးဌာနများမှာ အရည်အချင်းပြည့်မီသူများကို လိုအပ်လျှင် လိုအပ်သလို တိုက်ရိုက်ရွေးချယ် ရာထူးတိုးခန့်အပ်ခြင်းတို့ဖြစ်ပါတယ်။

ဥပဒေပြုရေးနဲ့ပတ်သက်လို့ ရှေးဦးပြောင်းလဲမှုအများစုဟာ စီးပွားရေးနယ်ပယ်နဲ့ပတ်သက်ပါတယ်။ ၁၉၉၄ ခုနှစ်တွင် အုပ်ချုပ်ရေးဥပဒေအရ အာဏာအလွဲသုံးစားပြုလုပ်တဲ့ အစိုးရဝန်ထမ်းကို မည်သည့်နိုင်ငံသားတစ်ဦးကမဆို တရားစွဲဆိုခွင့်ပေးခဲ့ပါတယ်။ လူ့အခွင့်အရေး အကာအကွယ်ပေးခြင်းနဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ပေးခြင်းတို့ပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုကို ၂၀၀၄ ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်းနဲ့ ၂၀၀၇ ခုနှစ်တွင် ဘီဂျင်းမှာ အကျင့်ပျက်ခြစားမှု ကာကွယ်ရေး အမျိုးသားဗျူရို တည်ထောင်ခြင်းတို့ဟာ အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုများအဖြစ် ရှုမြင်ရပါတယ်။

ဂျပန်နိုင်ငံအတွက် ကမ္ဘာ့တန်ဖိုးများ ဆန်းစစ်လေ့လာရေးစာရင်းဇယားအရ ဂျပန်ပြည်သူလူထုရဲ့ အစိုးရဌာနများအပေါ် ယုံကြည်မှုဟာ ယေဘုယျနိမ့်ကျနေပေမယ့် တရားစီရင်ရေးနဲ့ ရဲတပ်ဖွဲ့တို့အပေါ် ယုံကြည်စိတ်ချရမှုက ပိုပြီးမြင့်ပါတယ်။ လွှတ်တော်၊ နိုင်ငံရေးပါတီနဲ့ လူထုအဖွဲ့အစည်းများအပေါ် ယုံကြည်မှုဟာလည်း အစိုးရထက်ပင် အနည်းငယ်နိမ့်နေခဲ့ပါတယ်။ သတင်းမီဒီယာကို ယုံကြည်စိတ်ချမှုက အတော်အတန်မြင့်ပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းများက လွတ်လပ်တဲ့လူမှုအဖွဲ့အစည်းများကို တရားဝင်မှုရဖို့ ခက်ခဲပေမယ့်လည်း ဒေသန္တရလူမှုအခြေပြုအကူအညီပေးရေးအဖွဲ့ငယ်များ ဖွဲ့စည်းဖို့ကိုတော့ အစိုးရကအားပေးမှုရှိပါတယ်။ အစိုးရလမ်းစဉ်အတွက် အထောက်အကူပေးတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုသာ ပိုမိုလိုက်လျောပေးတဲ့ သဘောနဲ့ လူမှုရေးအရင်းကိုလည်း မူဝါဒကွဲပြားမှုနည်းတဲ့ဘက်ကို ပိုပြီးတိုးမြှင့်ပေးတဲ့ သဘောရှိတယ်လို့ ဆိုသူများက ဆိုကြပါတယ်။

ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုအတွက် တောင်းဆိုခြင်းများရှိနေခဲ့ပါတယ်။ ဂျပန်မှာ ၁၉ ရာစုမှစပြီး အတော်ဆုံး အထက်မြက်ဆုံး ပုဂ္ဂိုလ်များကိုသာ သူတို့ရွေးချယ်တဲ့ဌာနများမှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုအတော်ဆုံးလူများကို အစိုးရဗျူရိုကရက်ဖြစ်လာစေတဲ့ ရိုးရာအစဉ်အလာအတိုင်း ရွေးချယ်မှုဟာ လူအင်အားမလုံမလောက်ဖြစ်လာတာကတစ်ကြောင်း၊ အဲဒီဗျူရိုကရက်များဟာ အစိုးရတာဝန်မှ အနားယူပြီးနောက် ပုဂ္ဂလိကလုပ်ငန်းတွေမှာ ရာထူးကြီးများ ဆက်ယူထားကြတာကတစ်ကြောင်း၊ ဗဟိုအစိုးရဗျူရိုကရက်များဟာ ရိုးရာအစဉ်အလာအရ ဥပဒေပြုရေးနဲ့ ဘဏ္ဍာရေးကိစ္စတွေမှာ အခွင့်အာဏာများ ရရှိကြတာကတစ်ကြောင်းတို့ကြောင့် ပြောင်းလဲမှုအတွက် တောင်းဆိုကြခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အစိုးရဝန်ထမ်းများ ကိုယ်နှိုက်က လက်ရှိအစဉ်အလာကို လိုလားနေကြတဲ့အတွက် ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုမှာ မလွယ်ကူသေးဘူးလို့ ယူဆသူများရှိနေကြောင်း တွေ့ရပါတယ်။

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အကျင့်ပျက်ခြစားမှု အညွှန်းကိန်းများအရ နိုင်ငံပေါင်း (၁၈၀)မှာ ဂျပန်နိုင်ငံဟာ အဆင့်(၁၈)သာရှိပါတယ်။ ယခင်ကထက် ယခုအခါ အကျင့်ပျက်ခြစားမှု ပိုမိုလျော့နည်းလာခဲ့ပြီး နောင်လည်း ဆက်လက်လျော့နည်းသွားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

တောင်ကိုရီးယားဆိုင်ရာ အချက်အလက်များကောက်ယူခဲ့သည့် လွန်ခဲ့သောနှစ်အနည်းငယ်အထိ ယေဘုယျအားဖြင့် အစိုးရအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချမှုဟာ အနည်းငယ်လျော့နည်းနေပြီး တရားစီရင်ရေးနဲ့ ရဲတပ်ဖွဲ့အပေါ်မှာ ယုံကြည်မှုမြင့်မားပါတယ်။ ပြည်သူ့ဝန်ထမ်းများနဲ့ သတင်းမီဒီယာများအပေါ်မှာတော့ ယုံကြည်စိတ်ချရမှု အတော်အတန်မြင့်မားတာကို တွေ့ရပါတယ်။ လွှတ်တော်နဲ့ နိုင်ငံရေးပါတီများအပေါ်မှာ ယုံကြည်စိတ်ချမှုနိမ့်ကျတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် တောင်ကိုရီးယားလူထုဟာ နိုင်ငံရေးလုပ်ငန်းစဉ်များအပေါ်မှာ ယုံကြည်မှုနည်းတယ်လို့ ဆိုနိုင်ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်များကစပြီး အတော်အတန်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်လာခဲ့ပါတယ်။ အမျိုးသားညီလာခံမှာ အခွင့်အာဏာ လုံလုံလောက်လောက်ရှိပါတယ်။ လူထုအဖွဲ့အစည်းများက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လူမှုနိုင်ငံရေးစနစ်များကို ဝေဖန်ခြင်းနဲ့ အပြုသဘောစောင့်ကြပ်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူထုဆက်သွယ်ရေးနည်းလမ်းများအသုံးပြုပြီး နှိုးဆော်ခြင်းများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်နှောင်းပိုင်းကာလမှစပြီး ရဲရင့်တဲ့ပြည်သူ့ဝန်ထမ်းရေးရာပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပါတယ်။ ကင်ဒေးဂျုံအစိုးရကာလမှာ ပြည်သူ့အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေးလုပ်ငန်းကြီးများနဲ့ အလုပ်သမားကဏ္ဍတို့မှာ ပြုပြင်ပြောင်းလဲရေးကို ၁၉၉၇ ခုနှစ် စီးပွားရေးအကျပ်အတည်းဖြေရှင်းရေးလုပ်ငန်းအစီအစဉ်နဲ့ ဆက်စပ်ပြီး စတင်ပြုလုပ်ခဲ့ပါတယ်။ ပွင့်လင်းမှု၊ ယှဉ်ပြိုင်မှုနဲ့ စွမ်းဆောင်ရည်အခြေပြု စီမံခန့်ခွဲမှုစနစ်များ သွတ်သွင်းပေးခဲ့ပါတယ်။ သမိုင်းကြောင်းအရ မူလက အာဏာရှင်လက်သုံးကိရိယာများဖြစ်ခဲ့တဲ့ ဥပဒေများကို ထင်သာမြင်သာဖြစ်အောင် ပြုပြင်ပေးခြင်းဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အသုံးဝင်စေခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အားနည်းချက်တချို့ရှိကြောင်း ဝေဖန်ချက်များရှိနေပေမယ့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့အဆုံးအဖြတ်နဲ့ အစိုးရရဲ့လုပ်ဆောင်ချက်များကို လက်တွေ့အလုပ်ဖြစ်စေခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ စိတ်ကျေနပ်မှုကို ရရှိစေခဲ့ပါတယ်။

(အပတ်စဉ် ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုနေ့အခမ်းအနားညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးဦးသန်းဆွေနှင့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးတို့က တိုင်းရင်းသားအသီးသီးတို့၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားလှယ်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်လုပ်သားများအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီတွင် ယာဉ်လုပ်သားမွမ်းမံသင်တန်းနှင့် အခြေခံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း မထသ (ဗဟို) မှ သိရသည်။

မထသ(ဗဟို)၏ ယာဉ်လိုင်းအသီးသီးတွင် နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးသည့် ယာဉ်လုပ်သားများအတွက် မွမ်းမံသင်တန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှစ၍ နှစ်ပတ်တစ်ကြိမ် သင်တန်းပို့ချခဲ့ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၂) မှ (၁၂/၂၀၁၂) အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ယာဉ်မောင်း ၄၉၅ ဦးနှင့် ယာဉ်နောက်လိုက် ၇၃၇ ဦး စုစုပေါင်း ၁၂၃၂ ဦးအား ပို့ချခဲ့ပြီးဖြစ်သည်။

မထသ(ဗဟို)၏ ယာဉ်လိုက်အသီးသီးတွင် စတင်တာဝန်ထမ်းဆောင်ကြမည့်ဘတ်စ်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် အခြေခံသင်တန်းကိုမူ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှစတင်ပို့ချခဲ့ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၁) မှ (၁၄/၂၀၁၂) အထိသင်တန်း(၁၄) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ယာဉ်မောင်း ၅၀၈ ဦးနှင့် ယာဉ်နောက်လိုက် ၈၅၁ ဦး စုစုပေါင်း ၁၃၅၉ ဦးအား ပို့ချခဲ့ပြီး ဖြစ်သည်။ ယာဉ်လိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် ယာဉ်လုပ်သားများအတွက် အခြေခံသင်တန်းအမှတ်စဉ် (၁၅/၂၀၁၃) ကို ဇန်နဝါရီ ၁၃ ရက်မှ စတင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆွေဆွေနိုင်(သတင်းစဉ်)

ပဲခူးမြို့ သနပ်ပင်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းဆုံနေရာတွင် တပ်ဆင်ထားသော မီးပွိုင့်မှာ Free Line တစ်လိုင်းလိုအပ်နေသဖြင့် တာဝန်ရှိသူများမှ Free Line တစ်လိုင်းကို ဇန်နဝါရီ ၁၁ ရက်က တိုးချဲ့တပ်ဆင်နေစဉ်။ (၁၁၆)

ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံပိတ်ပွဲနှင့် အကောင်းဆုံး သုတေသနစာတမ်းနှင့် အကောင်းဆုံးပိုစတာ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က အမှာစကားပြောကြားပြီး အကောင်းဆုံးစာတမ်းနှင့် အကောင်းဆုံး ပိုစတာဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Loi Hein Co., Ltd.

ဝန်ထမ်းအလိုရှိသည်

(1) Supervisor	ကျား	(၂) ဦး
(2) Sale Drive	ကျား	(၁၀) ဦး
(3) Office Staff	မ	(၂) ဦး

အမှတ်စဉ်(1)၊ (2)အတွက် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။

ခရီးဝေးသွားလာနိုင်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

အောက်မြန်မာပြည်မြို့နယ်များသို့ ကျွမ်းကျင်စွာ သွားလာနိုင်သူဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

၁၄ ပေ ယာဉ်ကြီးများကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(3)အတွက် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

ရုပ်ရည်ပြေပြစ်သူ၊ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

ကွန်ပျူတာကျွမ်းကျင်ပြီး စာရင်းအင်းပိုင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများ သက်ဆိုင်ရာအထောက်အထားအပြည့်အစုံနှင့်အတူ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၁၇၊ ဗဟိုစည်အိမ်ရာရှေ့ Loi Hein ရုံးချုပ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။ ဖုန်း-၂၂၈၉၅၆၊ ၂၂၉၆၅၊ ၂၁၁၆၈၂၊ ၀၉-၅၃၉၆၅၉၈

 လွှတ်တော်ရေးရာကဏ္ဍ

ရှေ့ဆောင်ရွက်မည့်လုပ်ငန်းအဖြစ်မဲခေါင်ဒေသခွဲမဟာဗျူဟာမူဘောင်သစ် ၂၀၁၂ – ၂၀၂၂ကို အတည်ပြုပြဋ္ဌာန်းခဲ့

နိုင်ငံခြားသားများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအဖြစ်လုပ်ငန်းပေါင်း (၂၅)ခုအား ပြောင်းလဲဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသည့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးပထမနေ့၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေနှင့် ဒေါက်တာ မြတ်ဉာဏစိုးတို့၏ မေးမြန်းချက်များနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တို့၏ ဖြေကြားချက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(၄)ကြိမ်မြောက် မဟာမဲခေါင်မြစ် ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့မည်မျှ လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုသည့်မေးခွန်း

ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအနေဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေးမှအစပြု၍ အကြီးအကဲကွပ်ကဲမှုဖြင့် အေးချမ်းသာယာစွာ ယနေ့ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ကျင်းပပေးလာနိုင်မှုကို လေးစားစွာ ဂုဏ်ပြုအပ်ပါတယ်။ အလားတူ ယနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပတဲ့နေ့မှာ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျန်းကျန်းမာမာ၊ ရွှင်ရွှင်လန်းလန်းနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်စကား တင်ပြပန်ကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ဖူးပွင့်လာမယ့် အသီးအပွင့်တွေဟာ နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားအပေါင်းတို့ ခံစားစေနိုင်ဖို့အတွက် ရည်ရွယ်ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလမှာ GMS လို့ခေါ်တဲ့ Greater Mekong Sub-Region မဲခေါင်မြစ်ဝှမ်းဒေသဆွေးနွေးပွဲ (၄) ကြိမ်မြောက်ကို ခမ်းခမ်းနားနား ကျင်းပခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ထိုမဲခေါင်မြစ်ဝှမ်းဒေသရဲ့ အစီအစဉ်မှာ မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံနှင့်တကွ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်ပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေးကို အဓိကထားပြီးတော့ မဟာဗျူဟာစီမံကိန်း(၃)ချက်နဲ့ ဆောင်ရွက်ချမှတ်ထားတဲ့ ဒီကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်(၁)အနေနဲ့ကြည့်ရင် နိုင်ငံအချင်းချင်း ဝိုင်းဝန်းပံ့ပိုးကူညီရန်၊ ဒုတိယအချက်အနေနဲ့ ကြည့်လို့ရှိရင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးကို Implement လုပ်ရန်အတွက် ဖြစ်ပါတယ်။ တတိယအချက်အနေကတော့ Social Living Standard ကို Promote လုပ်ဖို့အတွက် တည်ထောင်ထားတဲ့ ကော်မရှင်ဖြစ်ပါတယ်။ နောက် သူ့ရဲ့ရည်ရွယ်ချက်ဟာ စိုက်ပျိုးရေးကိုအဓိကရည်ရွယ်ချက်ဖြစ်တဲ့အတွက် C.A.S.P လို့ခေါ်တဲ့ Co-Agriculture Support Programme ဒါလေးကိုတော့ ကျွန်တော့်ကိုပြောခွင့်ပြုပါခင်ဗျား။ ဒီလိုမှိုငြမ်းပြီးပြောမှလည်း မဲခေါင်မြစ်ဝှမ်းဒေသရဲ့ မေးခွန်းဟာ ပြည့်စုံမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ C.A.S.P ခေါ်တဲ့ Co-Agriculture Support Programme ကို သူတို့ချမှတ်ခဲ့ပါတယ်။

အဲဒီကနေပြီးတော့မှ Working Group of Agriculture ဆိုပြီးတော့ တစ်ခါ ချမှတ်ခဲ့ပါတယ်။ ချမှတ်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ အဆင့် (၃)ဆင့်နဲ့ သွားမယ်ဆိုပြီးတော့ စီမံကိန်းတွေ ဆွဲထားပါတယ်။ စီမံကိန်းအဆင့် (၃)ဆင့်မှာတော့ ဒီစိုက်ပျိုးရေးကိုအခြေခံပြီး ဆောင်ရွက်မယ်ဆိုပြီးတော့ ဆုံးဖြတ်ထားခြင်းဖြစ်ပါတယ်။ ဒုတိယအဆင့်မှာတော့ ဒီစိုက်ပျိုးရေးကနေရရှိလာတဲ့ ဒီအသီးအနှံစားသုံးမှု၊ ဆန်ရေစပါး အပေါင်းတို့ကို ကာလဒေသနဲ့လိုက်လျောညီစွာ ဆောင်ရွက်နိုင်ဖို့အတွက် ဘေးအန္တရာယ်ကြုံကြိုက်တဲ့အခါမှာ Crisis တွေဝင်တဲ့အခါမှာ ပြောင်းလဲပြီးဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ခြွင်းချက်တွေကိုထားပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ သိရပါတယ်။ ဒါကြောင့်မို့လို့ အရေးအကြီးဆုံးကတော့ Food Security ဖြစ်မယ်။ Food Security ဖြစ်လို့ပိုလျှံလာမယ်ဆိုရင် ကျွန်တော်တို့ဒေသတွင်း (Plat Form) ကနေပြီးတော့ ကမ္ဘာ့ဈေးကွက်ကိုလှမ်းနိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်ထားရှိပါတယ်။ နောက်အဲဒီမှာပဲ ကျွန်တော်တို့ Agriculture Research တွေလုပ်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ Institutional Meganism For Regional Co-Operation ဆိုတဲ့လုပ်ငန်းကိုင်ငန်းတွေနဲ့ထပ်တူညီမျှနိုင်တဲ့ နိုင်ငံတွေကို ပေါင်းစပ်ရမယ်ဆိုပြီး အဆင့်(၂) မှာ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ဂျပန်-မဲခေါင် ဆွေးနွေးပွဲတွေ၊ အိန္ဒိယ- မဲခေါင်ဆွေးနွေးပွဲတွေ ဆောင်ရွက်လာတာကို တွေ့ရပါတယ်။

အထူးသဖြင့် ဂျပန်ရဲ့ဆောင်ရွက်မှုဟာ ၂၀၀၉ ခုနှစ်လောက်ကတည်းက ဒီမဲခေါင်ကော်မရှင်ကလည်းပဲ ကျွန်တော်တို့ ယခုမှဆောင်ရွက်နေတဲ့ အဖွဲ့အစည်းမဟုတ်ဘဲနဲ့ ဒီနိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ လက်ထက်လောက်ကတည်းကကို ဖွဲ့စည်းပြီးတော့ ဒီကော်မရှင်ဟာရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပေါင်းစပ်တဲ့ (Institutional Meganism For Regional Co-Operation) တွေကို လုပ်ရမယ်ဆိုတဲ့ အတိုင်း ခုနနှစ်နိုင်ငံက လုပ်ဆောင်သွားတာကိုလည်း တွေ့ရပါတယ်။ နောက်တတိယ အဆင့် အနေနဲ့ကတော့ လေထုညစ်ညမ်းမှု မရှိရေးဖြစ်ပါတယ်။ ဒီလေထုညစ်ညမ်းမှု မရှိရေးမှာလည်း အထူးသဖြင့် ကျေးလက်ဒေသတွေမှာ သန့်စင်တဲ့ (Renewable Energy) လို့ခေါ်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို တည်ထောင်နိုင်ဖို့လိုပါတယ်ဆိုတဲ့အကြောင်း ဒီလိုတည်ထောင်နိုင်တဲ့ စွမ်းအင်ကြောင့်သာလျှင် စိုက်ပျိုးရေးကဏ္ဍကို တိုးချဲ့မယ်ဆိုတဲ့အကြောင်း ဒီအချက်တွေပါပါတယ်။

နောက်တစ်ခါ အခုနောက်ဆုံးကတော့ ကျွန်တော်တို့ ၂၉ရက်၊ နိုဝင်ဘာ ဒီ ၂၀၁၂ အထဲမှာပဲဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့သမ္မတကြီးနဲ့ ဒီကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံရဲ့ သမ္မတကြီးတို့ ပူးတွဲကြေညာချက်ထုတ်တဲ့အခါမှာလည်း ဒီမဲခေါင်မြစ်ကော်မရှင်ကို လက်ခံကြောင်း၊ မဲခေါင်မြစ်၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ကျွန်တော်တို့ စဉ်ဆက်မပြတ်သုံးစွဲမှုကို မဲခေါင်မြစ်ကော်မရှင်ကနေ ဆုံးဖြတ်ချက်တွေကို သဘောတူတဲ့အကြောင်းတွေပါရှိပါတယ်။ ဒီလိုအချက်တွေကို ဘာကြောင့် ကျွန်တော်တင်ပြခဲ့ရသလဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ မျှော်မှန်းထားတဲ့အတိုင်း ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ Reducing of Poverty ဆင်းရဲမှုလျှော့ချရေး ၂၆ ရာခိုင်နှုန်းကနေ ၁၆ ရာခိုင်နှုန်းကျရေးအတွက်ကို ဒီရရှိလာမယ့် မဲခေါင်မြစ်ဝှမ်းရဲ့ အသီးအပွင့်တွေကနေ ရှိကြတဲ့တိုင်းရင်းသား ပြည်သူတွေ၊ ဒီမြစ်နဲ့ဆက်စပ်ပြီး ဆောင်ရွက်နေကြတဲ့ ပြည်သူတွေမှာ အသီးအပွင့် ခံစားပြီးတော့ စီးပွားရေးအလုပ်အကိုင်များ ဖွံ့ဖြိုးအောင်၊ မဲခေါင်မြစ်ရဲ့ချမှတ်ထားတဲ့ မဟာဗျူဟာနဲ့လည်း ကိုက်ညီအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မျှော်မှန်းပြီးတော့ ဆင်းရဲမှုလျှော့ချနိုင်ရေးကို အကျိုးပြုစေနိုင်မယ့် မေးခွန်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်လေးစားစွာဖြင့် လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်သက်ဆိုင်ရာဝန်ကြီး၊ပြည်ထောင်စုဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းရခြင်းဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ရဲ့ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးနေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ နိုင်ငံခြားသားလုပ်ငန်းရှင်တွေရော၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေရော အများအပြားထူထောင်ပြီးတော့ အထည်ချုပ်လုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။ ဒီလို လုပ်ကိုင်နေတဲ့အခါမှာ ဒီအထည်ချုပ်လုပ်ငန်းတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်များပြားလာတဲ့အခါမှာ နိုင်ငံရဲ့ စီးပွားရေးကိုလည်း အထောက်အကူပြုနေတာကို တွေ့ရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ကျွန်တော်တို့ပြဋ္ဌာန်းဖို့၊ ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပြောင်းလဲလာတဲ့ ခေတ်စနစ်တွေနဲ့အညီ စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ရိုးသားဖြောင့်မတ်မှုရှိဖို့ အလွန်အင်မတန်မှပဲ အရေးကြီးလာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လိုပါတယ်။ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားတွေအတွက် ပြဋ္ဌာန်းပေးထားတဲ့ အခွင့်အရေးတွေကို မသမာတဲ့နည်းတွေနဲ့ တိုင်းရင်းသားတွေကို အမည်ခံခိုင်းပြီးတော့ ရယူဆောင်ရွက်နေတယ်ဆိုရင် ဒါဟာ အင်မတန်မှမသင့်လျော်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းတွေမှာဆိုရင် အဓိကအားဖြင့် လုပ်ငန်းနှစ်မျိုးနှစ်စား ရှိပါတယ်။ တစ်ခုကတော့ အထည်ချုပ်လုပ်တဲ့လုပ်ငန်းပါ။ နောက်တစ်ခုကတော့ အထည်တွေရဲ့ အရည်အသွေးကို စစ်ဆေးရတဲ့ Inspection လုပ်ရတဲ့လုပ်ငန်းပါ။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်လို့ အမည်ခံထားပေမယ့် တကယ့်တကယ်တော့ နောက်ကွယ်မှာ နိုင်ငံခြားသားတွေကနေပြီးတော့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းတွေမှာဆိုလည်း အထည်ချုပ်အလုပ်သမားထောင်နဲ့ချီတဲ့ လုပ်ငန်းကြီးတွေပါဝင်နေတာကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဒီအထည်စစ်ဆေးတဲ့ လုပ်ငန်းတွေဆိုရင်လည်း လုပ်သားဦးရေ ၁၀၀၊ ၂၀၀ လောက်ပဲရှိတယ်ဆိုပေမယ့် အင်မတန်မှ ဒါဟာ ဝင်ငွေရလမ်း အခွင့်အရေးများတဲ့ လုပ်ငန်းတွေဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ နိုင်ငံခြားသားတွေကတော့ အမျိုးမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ များသောအားဖြင့်တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ် (တိုင်ပေ)၊ ကိုရီးယား၊ ဂျပန်စတဲ့ လုပ်ငန်းရှင်တွေဟာ ဒီမှာ အုပ်ချုပ်မှုဒါရိုက်တာဆိုပြီးတော့ မြန်မာတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးတွေကို အမည်ခံခိုင်းပြီးတော့ ဒီလိုဆောင်ရွက်နေတာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါမှာ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခတွေလည်း အများကြီးနစ်နာပါတယ်။

နောက်တစ်ခါ တိုင်းရင်းသားလုပ်ငန်းရှင်စစ်စစ်တွေရဲ့ အခွင့်အရေးတွေကိုလည်း ထိပါးဆုံးရှုံးနေတာကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို လှည့်ဖြားပြီးတော့၊ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီးတော့ မသမာတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါတွေကိုတော့ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဖို့လိုအပ်ပါပြီလို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုတဲ့မေးခွန်းကတော့ အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေတဲ့ စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါကလည်း မည်သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ အပြုသဘော တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဖြေကြားချက်

ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မေးမြန်းသည့် (၄)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့၊ မည်မျှလုပ်ငန်းအဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ နေပြည်တော်မှာ လက်ခံကျင်းပခဲ့ပြီး မဟာဗျူဟာမူဘောင်သစ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လမ်းညွှန်အဖြစ် မဲခေါင်ဒေသခွဲ မဟာဗျူဟာ မူဘောင်သစ် ၂၀၁၂-၂၀၂၂ ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မဟာဗျူဟာမူဘောင်သစ်အရ GMS အစီအစဉ်အနေဖြင့် အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်မည့် ဦးတည်ချက်ကို အဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ထိုသို့ ချမှတ်ထားရာတွင် အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ Hardware Infrastructure တွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်အလေးပေးဆောင်ရွက်သွားရန်နှင့် ယင်းကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ဒေသအဆင့်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ၊ ဖွဲ့စည်းမှု၊ အသိပညာနှင့်နိုင်ငံများအကြား ပေါင်းစည်းညှိနှိုင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များ (Software)များကို ပိုမိုစူးစိုက်ဆောင်ရွက်ရန်တို့ ပါရှိပါတယ်။

ထို့ပြင် မဟာဗျူဟာမူဘောင်သစ်တွင် ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးစင်္ကြံလမ်းကြောင်းများ ချဉ်းကပ်မှု (Corridor Approach) နည်းလမ်းကိုလည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် လမ်းညွှန်ထားပါတယ်။

မဲခေါင်ဒေသခွဲ မဟာဗျူဟာမူ ဘောင်သစ် (၂၀၁၂-၂၀၂၂) အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင်(မူကြမ်း)ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ၁၁-၁၂-၂၀၁၂ ရက်နေ့နှင့် ၁၂-၁၂-၂၀၁၂ ရက်နေ့တို့တွင် တရုတ်နိုင်ငံ၊ နန်းနင်းမြို့၌ ကျင်းပသည့်(၁၈)ကြိမ်မြောက် GMS ဝန်ကြီးများအစည်းအဝေးသို့ တင်ပြ အစီရင်ခံခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS (MOU) ကို နားလည်မှုစာချွန်လွှာအဖြစ် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU for Joint Action to Reduce HIV Vulnerability Related to Population Movement ကို MOU အဖြစ် လည်းကောင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် The Establishment of GMS Freight Transporters Association (FRETA)ကို MOA အဖြစ် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS နှင့်စပ်လျဉ်း၍ မြန်မာ-တရုတ် Cross Border Link အရ ကျွန်တော်တို့ Voice Internet ကို (30 × E1) လိုင်းအဖြစ် လည်းကောင်း၊ Internet ကို 2.035 Gb သို့ လည်းကောင်း တိုးမြှင့်ခဲ့ပြီး၊ မြန်မာ-ထိုင်း Cross Border Link အရ Internet ကို 2.81 Gb သို့ တိုးတက်ခဲ့ကြောင်းတင်ပြအပ်ပါတယ်။

MOU for Joint Action to Reduce HIV Vulnerability Related to Population Movement နှင့် စပ်လျဉ်း၍ မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ရွှေ့ပြောင်းသွားလာနေကြသူများအကြား ဆောင်ရွက်လျက်ရှိတဲ့ HIV ရောဂါကာကွယ်တားဆီးရေး၊ လုပ်ငန်းတိုက်ဖျက်ရေးများမှာ (က) ပြည်သူလူထုတို့အား အသိပေးဆွေးနွေးတင်ပြခြင်း၊ (ခ)ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဂ) လိင်ဆက်ဆံမှုမှ တစ်ဆင့် HIV ပိုးကူးစက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဃ) မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (င) မိခင်မှကလေးသို့ HIV ပိုး ကူးစက်ပြန့်ပွားမှု ကာကွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (စ) ပိုးမွှားကင်းစင်သော သွေးများရရှိစေရန် ဆောင်ရွက်ခြင်း၊ (ဆ) ဝေဒနာရှင်နှင့် မိသားစုများအား ကုသမှုပေးခြင်းနှင့် သင့်လျော်သည့် ပြုစုစောင့်ရှောက်မှုများပေးခြင်း၊ (ဇ) ကဏ္ဍစုံ၊ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ခြင်း၊ (ဈ) အထူးစီမံချက်လုပ်ငန်းဆောင်ရွက်ခြင်း (နယ်စပ်ဒေသရောဂါတိုက်ဖျက်ရေး အစီအစဉ်များ)၊ (ည) လုပ်ငန်းဆောင်ရွက်မှုများ ဆန်းစစ်ဆွေးနွေးသုံးသပ်ခြင်းတို့ ဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် အစည်းအဝေးများကိုလည်း နှစ်စဉ် ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများကိုလည်း နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ရွှေ့ပြောင်းလုပ်သားများ အပြန်အလှန် လွှဲပြောင်းပေးပို့ကုသခြင်းများ (Cross Referral System) ပြုလုပ်ခြင်း၊ နယ်စပ်ဒေသဂိတ်များတွင် နိုင်ငံတကာကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်နည်းလမ်းများ(International Health Regulation) အတိုင်း လိုက်နာဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသဖြင့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများသာမက ပြည်သူလူထုအတွင်း အသိပညာများ မြင့်တက်လာကာ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာတာကို တွေ့ရှိရပါတယ်။ အသက် (၁၅)နှစ်အထက် HIV ပိုးတွေ့ရှိနှုန်းမှာ ၂၀၀၉ ခုနှစ်တွင် ၀ ဒသမ ၆၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၀ ဒသမ ၅၃ ရာခိုင်နှုန်းအထိ ကျဆင်းလာတာကို တွေ့ရှိရပါသဖြင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သားများအတွင်း ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး MOU for Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအစီအစဉ်ကို ၁၁-၁၂-၂၀၁၂ ရက်နေ့နဲ့ ၁၂-၁၂-၂၀၁၂ ရက်နေ့များမှာကျင်းပခဲ့တဲ့ (၁၈)ကြိမ်မြောက် GMS ဝန်ကြီးများ အစည်းအဝေးတွင်လည်း အတည်ပြုနိုင်ခဲ့ကြပါတယ်။

MOA on the Establishment of GMS Freight Transporters Association (FRETA)နှင့် စပ်လျဉ်း၍ (၄)ကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးဆွေးနွေးပွဲ GMS စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေးကွန်ဖရင့် (GMS BIC) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉၊၂၀ ရက်နေ့များတွင် နေပြည်တော်၌ ပူးတွဲကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါထိပ်သီးဆွေးနွေးပွဲသို့ မဲခေါင်ဒေသ (၆)နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။

GMS BIC ၏ GMS FRETA and Multimodal Transport Development in GMS Session တွင် GMS နိုင်ငံများမှ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာစာတမ်းများ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဆိုင်ရာ စာတမ်းများ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

GMS အသေးစား၊ အလတ်စား SME Credit Guarantee Scheme နဲ့ Promotion of Mutual Investment in GMS Session မှာ မဲခေါင်ဒေသတွင်း အသေးစားနှင့် အလတ်စား ချေးငွေအာမခံ အစီအစဉ်များ၊ စီးပွားရေးစင်္ကြံတစ်လျှောက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းများနဲ့ဆွေးနွေးချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS Summit မှာ Reporting to GMS Leaders From GMS Business and Investment Conference အဓိကထောက်ခံ တင်ပြချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်မှလည်းကောင်း၊ GMS Business Forum (BF) ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများကို GMS Business Forum ဥက္ကဋ္ဌ Mr.Sun Anmin မှလည်းကောင်း တင်ပြခဲ့ပါတယ်။ GMS နိုင်ငံ့ခေါင်းဆောင်ကြီးများ ရှေ့မှောက်တွင် GMS Business Forum ဥက္ကဋ္ဌရာထူး (၂၀၁၂-၂၀၁၃)အား All China Federation of Industry &Commerce မှVicepresident Mr.Sun Anmin မှ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

GMS (၆)နိုင်ငံအကြား Freight & Transport Association ဖွဲ့စည်း ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။

မဲခေါင်ဒေသအတွင်း ကုန်စည်ပို့ဆောင်ရေးအသင်းဖွဲ့စည်းရန် (၄)ကြိမ်မြောက် မဲခေါင်ညီလာခံတွင် GMSနိုင်ငံများရှိ GMS-Business Forum ဥက္ကဋ္ဌများမှ သဘောတူညီချက်အား ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးလည်းဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ရက်နေ့တွင် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည့် GMS-FRETA Lanch Meeting တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင် (၅)ဦး အမည်စာရင်း တောင်းခံထားခြင်းအား GMS-Business Forum ရုံးသို့ ပေးပို့ပြီးလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

မဒဲကျွန်း မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

ဒေဝူးကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ထုတ်လုပ်ရေးစင်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါထုတ်လုပ်ရေးစင်မှာ စစ်တွေမြို့မှ ၇၀ ကီလိုမီတာ၊ ကျောက်ဖြူမြို့မှ ၁၀၅ ကီလိုမီတာအကွာရှိ မြန်မာ့ပင်လယ်ပြင်တွင် တည်ရှိသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မွန်းလွဲပိုင်းတွင် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရှိ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တရုတ်နိုင်ငံ CNPC ကုမ္ပဏီမှ South East Asia Pipeline Co.,Ltd.(SEAP) ဥက္ကဋ္ဌ Mr. Jiang Changliangက စီမံကိန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် ကျောက်ဖြူမြို့သို့ရောက်ရှိပြီး ဒေဝူးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကုန်းတွင်း သဘာဝဓာတ်ငွေ့စခန်း (Onshore Gas Terminal) တည်ဆောက်နေမှု၊ အမှတ်(၁) ဒေသသုံး ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုနှင့် ဒေသခံများအတွက် ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ဆိပ်ခံတံတား တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

GMS-FRETA နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေး၊ လွယ်ကူချောမွေ့ရေး၊ ကွင်းဆင်းလေ့လာရေးခရီးကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစပြီး မန္တလေးမှမူဆယ်မြို့များသို့ အသင်းချုပ်ဥက္ကဋ္ဌနှင့် MIFFA ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်နှင့် GMS-Business Forum,Board of Director, Mr.John Quarmby တို့ သွားရောက်ခဲ့ကြပါတယ်။

GMS FRETA Meeting ကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင်ကျင်းပခဲ့ရာ GMS-Business Forum ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစကြံများ Forum နှင့် GMS အဆင့်မြင့်အရာရှိများ အစည်းအဝေး လက်ခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ မန္တလေးမြို့၊ SEDONA Hotel တွင် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစကြံများ Forum နှင့် GMS အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင် ဦးဆောင် အစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ (၁၆)ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum ကို လည်းကောင်း ကျင်းပနိုင်ခဲ့ပါတယ်။

(၁၆)ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum တွင် မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာပြုစုသည့် Myanmar Transport Sector Initial Assessment ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ရန်ကုန်မြို့တွင် (၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကိုကျင်းပနိုင်ခဲ့ပြီး မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်နှင့် ရှေ့လုပ်ငန်းအစီအစဉ် ၂၀၁၃၊ ၂၀၁၇ ကိုလည်းကောင်း၊ MoU for the Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS အကောင်အထည်ဖော်နိုင်ရေးအတွက် Draft Action Plan (၂၀၁၂၊ ၂၀၁၄)ကို လည်းကောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့၊ ၂၇ ရက်နေ့များမှာလည်း ရန်ကုန်မြို့တွင် GMS Joint Working Group(WG) နှင့် 13th Meeting of the Regional Power Trade Coordination Committee (RPT CC-13) အစည်းအဝေးကိုလည်း ကျင်းပပြုလုပ် နိုင်ခဲ့ပါတယ်။ မဲခေါင်ဒေသခွဲ ရထားအသင်း ထူထောင်ရေး (Establishment of GMS Railways Association -GMRA) ကို ကနဦးတွင် Non-Legal Body အဖြစ် ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင်ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် မဲခေါင်ဒေသခွဲဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီမှုရရှိခဲ့ကြပါကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ၏မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးမေးမြန်းသည့် အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေး မသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ အချို့လုပ်ငန်းများက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ်အမည်ခံကာ နိုင်ငံခြားသားများက ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်ကို ၂၀၁၁ ခုနှစ် မေလတွင် ကော်မရှင်အနေဖြင့် စိစစ်တွေ့ရှိခဲ့ပါတယ်။ ဤသို့ ဖြစ်ရခြင်း၏အကြောင်းရင်းတွင် ယခင်က လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးများပြားခြင်း၊ ဥပဒေအရ နိုင်ငံခြားသားများသည် နိုင်ငံပိုင်မြေကို ငှားရမ်းလုပ်ကိုင်ခွင့်မရှိခြင်း စသည့်အခြေအနေများကြောင့် နိုင်ငံသားအမည်ခံ ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အထည်ချုပ်လုပ်ငန်းများအနက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီပြောင်းလဲနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံသားလုပ်သားများ မူလအခြေမပျက် ဆက်လက်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ကာ နိုင်ငံသားအမည်ခံရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံခြားသားပိုင် မြှုပ်နှံမှုများအဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်က အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၂ ကို ၂၇-၂-၂၀၁၂ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ပြန်လည်တည့်မတ်ဆောင်ရွက်ပေး ခဲ့ပါတယ်။ ယင်းအမိန့်ကြော်ငြာစာအရ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသား အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအဖြစ် လုပ်ငန်းပေါင်း ၂၅ ခုအား ပြောင်းလဲဆောင်ရွက် ပေးခဲ့ပြီး လုပ်ငန်း(၁)ခုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးဆဲ ဖြစ်ပါတယ်။ ၄င်းအမိန့်ကြော်ငြာစာအရ ပြောင်းလဲရမည့်အချိန်ကာလမှာ အမိန့်ထုတ်ပြန်ပြီး ရက်ပေါင်း ၉၀ အတွင်း ၂၇-၂-၂၀၁၂ နေ့မှ ၂၇-၅-၂၀၁၂ နေ့အပြီး ဆောင်ရွက်ရမည်ဖြစ်သော်လည်း အချို့သောနိုင်ငံခြားသား လုပ်ငန်းရှင်များ လုပ်ထုံးလုပ်နည်းနှင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် အချိန်လိုအပ်ခြင်း ထိုသို့ ပြောင်းလဲဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများရပ်တန့်မှုဖြစ်ပေါ်ပါက နိုင်ငံသားအလုပ်သမားများ ထိခိုက်နစ်နာဖွယ်ရှိခြင်းကြောင့် မူလ အခြေမပျက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ၃၀-၉-၂၀၁၂ နေ့အထိ တစ်လချင်း သက်တမ်းတိုး ဆောင်ရွက်ပေးခဲ့ပါတယ်။

ဇေယျာသီရိ အဆင့်မြင့် ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

❒ ***ကျောဖုံးမှ***

ပြီးစီးမှုအနေအထားကို တာဝန်ရှိသူများဖြစ်သည့် ဇေယျာသီရိအဆင့်မြင့် အားကစားကွင်း စီမံကိန်းမန်နေဂျာ ဦးကျော်ကျော်ဦး၊ အဆင့်မြင့် ရေကူးကန်တည် ဆောက်ရေး အမှုဆောင်အင်ဂျင်နီယာ ဒေါ်ခင်မေဝင်းနှင့် အဆင့်မြင့် အားကစားရုံ တည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်ကြည်နှင့် အဆင့်မြင့် အားကစားရုံ စီမံကိန်းမန်နေဂျာ ဦးမြင့်နိုင်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဒီအားကစားကွင်းကို ဘယ်အချိန်က စတင်တည်ဆောက်ခဲ့တာနဲ့ အခုအချိန်မှာ ဘယ်လောက်အထိ ပြီးစီးသွားပြီဆိုတာကို သိရှိလိုပါတယ်။

ဦးကျော်ကျော်ဦး ။ ဒီအားကစားကွင်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှာ စတင်ပြီး မြေနေရာရှင်းလင်းမှုနဲ့ မြေကြီးလုပ်ငန်းတွေ ပြုလုပ်ပါတယ်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှာ အုတ်မြစ် စတင်တူးဖော်မှုလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ တည်ဆောက်မှုလုပ်ငန်း ၉၈ ရာခိုင်နှုန်းပြီးစီးခဲ့ပြီမို့ မကြာမီမှာသက်ဆိုင်ရာကို လွှဲပြောင်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။

မေး။ ။ အဓိကပြုလုပ်ခဲ့ရတဲ့ လုပ်ငန်းတွေကို ပြောပြပေးပါဦး။ ဒီအားကစားကွင်းဟာ ပရိသတ်ဦးရေ ဘယ်လောက်ထိ ဝင်ဆံ့ပါသလဲ။ ဒီဒီဇိုင်းထုတ်လုပ်မှုနဲ့ နည်းပညာအကူအညီက ပြည်ပကအကူအညီယူထားတာလားဆိုတာ သိလိုပါတယ်။

ဦးကျော်ကျော်ဦး ။ ဒီအားကစားကွင်းကို တရုတ်နိုင်ငံက ဒီဇိုင်းပုံစံထုတ်လုပ်ထားတာဖြစ်ပါတယ်။ နည်းပညာပိုင်းအနေနဲ့ တချို့အစိတ်အပိုင်းတွေမှာ တရုတ်နည်းပညာကိုရယူထားပါတယ်။ အဆောက်အအုံတည်ဆောက်မှုအပိုင်းကတော့ ကျွန်တော်တို့မြန်မာအင်ဂျင်နီယာတွေ၊ဝန်ထမ်းတွေနဲ့ အလုပ်သမားတွေက တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအားကစားကွင်းဟာ ပရိသတ် ၃၀၀၀၀ ကျော် ဝင်ရောက်ကြည့်ရှုနိုင်တဲ့အပြင် အထူးဧည့်သည်တော်တွေကြည့်ရှုနိုင်တဲ့အခန်းတွေလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။

မေး။ ။ ဒီအဆင့်မြင့်အားကစားကွင်း အဆောက်အအုံအတွင်းမှာ ဘယ်လိုအခန်းတွေ ပါဝင်တည်ဆောက်ထားလဲဆိုတာ ရှင်းပြပေးပါဦး။

ဦးကျော်ကျော်ဦး ။ အားကစားသမားတွေ နားနေခန်း၊ အဝတ်လဲခန်း၊ အထူးဧည့်သည်များနားနေခန်း၊ အားကစားကွင်းအတွင်း အနိုင်အရှုံးပြ အီလက်ထရွန်နစ်ဖန်သားပြင် ထိန်းချုပ်ခန်း၊ Soung Box ၁၄၂-ခု တပ်ဆင်ထားတဲ့ အသံစနစ်ထိန်းချုပ်ခန်း၊ မီဒီယာရှင်းလင်းခန်း၊ အားကစားအထောက်အကူပြုကိရိယာများ ထားရှိလေ့ကျင့်ခန်း၊ ဘောလုံးကွင်းအတွင်း ကြည့်ရှုနိုင်တဲ့ စီစီတီဗွီအခန်းစတဲ့အခန်းတွေကို ထည့်သွင်းထားပြီး နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ရာနှုန်းပြည့် တည်ဆောက်ပြီးလု ဖြစ်နေပါပြီ။

မေး။ ။ ဇေယျာသီရိအဆင့်မြင့် ရေကူးကန်ကို ဘယ်အချိန်က စတင် တည်ဆောက်ခဲ့တာနဲ့ အခုအချိန်မှာ တည်ဆောက်မှုရာခိုင်နှုန်း ဘယ်လောက်အထိ ပြီးစီးသွားပြီဆိုတာ သိရှိလိုပါတယ်။

ဒေါ်ခင်မေဝင်း ။ ဒီရေကူးကန် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၁ ခုနှစ် အောက်တိုဘာမှာ စတင်ခဲ့တာဖြစ်ပြီး အခုအချိန်မှာတော့ ရေကူးကန်တည်ဆောက်မှုလုပ်ငန်း ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီး လေ့ကျင့်ကွင်းတည်ဆောက်မှုက ၃၀ ရာခိုင်နှုန်းနဲ့ ဒိုင်ဗင်ကန်ကတော့ တည်ဆောက်မှုလုပ်ငန်းတွေ ပြုလုပ်လျက်ရှိပါတယ်။ ရေကူးကန်အားကစားရုံ တည်ဆောက်မှုလုပ်ငန်းတစ်ခုလုံး ခြုံပြီးပြောရရင်တော့ ၆၆ရာခိုင်နှုန်း ပြီးစီးနေပါပြီ။

မေး။ ။ ဒီအဆင့်မြင့် ရေကူးကန် ဒီဇိုင်းကို ဘယ်နိုင်ငံက ပြုလုပ်ပေးတယ်ဆိုတာနဲ့ ပရိသတ်ဦးရေဘယ်လောက် ကြည့်ရှုနိုင်တာလည်း ရှင်းပြပေးပါဦး။

ဒေါ်ခင်မေဝင်း ။ ဇေယျာသီရိ အဆင့်မြင့်ရေကူးကန်ကို တရုတ်နိုင်ငံက ဒီဇိုင်းပုံစံ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီရေကူးကန်မှာ ပရိသတ် ၂၄၇၄ ဦးဝင်ရောက် ကြည့်ရှုမယ့် ထိုင်ခုံနဲ့ပွဲကြည့်စင်တွေပြုလုပ်ပေးထားပြီး ဖြစ်ပါတယ်။ ရေကူးကန်ကို မြေဧရိယာ အလျား ၂၁၇ မီတာနဲ့ အနံ ၂၆၉ မီတာပေါ်မှာ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။

မေး။ ။ အဆင့်မြင့်ရေကူးကန်ဟာ အထပ်ဘယ်လောက်ရှိပါသလဲ။ အထပ်ကို ဘယ်လိုအခန်းတွေဖွဲ့စည်း တည်ဆောက်ထားပါသလဲ။

ဒေါ်ခင်မေဝင်း ။ ဒီရေကူးကန်တည်ဆောက်ရေးလုပ်ငန်းဟာ အထပ်လေးထပ်ရှိပါတယ်။ မြေအောက်ထပ်၊ မြေညီထပ်၊ ပထမထပ်နဲ့ ဒုတိယထပ်တို့ဖြစ်ပါတယ်။ မြေအောက်ထပ်မှာ ဓာတုဆေးသိုလှောင်ခန်း၊ ရေကူးကန် ရေသန့်စင်ခန်း၊ အခန်းအတွင်း အပူထိန်းညှိခန်းစတဲ့ အခန်း ၂၂ ခန်း ပါဝင်ပြီး မြေညီထပ်မှာ ဒိုင်လူကြီးအစည်းအဝေးခန်း၊ မီဒီယာခန်း၊ သတင်းထုတ်ပြန်ရေးခန်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီရုံးခန်း၊ အားကစားသမားများ နားနေခန်းနှင့် အဝတ်လဲ ခန်းစတဲ့ အခန်း ၅၃ ခန်းပါဝင်ပါတယ်။ ပထမထပ်မှာ အစမ်းလေ့ကျင့်ရေးခန်းမ၊ ပရိသတ်နားနေခန်း၊ သန့်စင်ခန်းစတဲ့အခန်းပေါင်း ၂၀ ပါဝင်ပြီး ဒုတိယထပ်မှာ တိုက်ရိုက်ထုတ်လွှင့်အစီရင်ခံသူအခန်းအပါအဝင် အခန်းပေါင်း ၁၀ ခန်းပါဝင်ပါတယ်။ ဒါတွေအားလုံး တည်ဆောက်ပြီးစီးလု ဖြစ်နေပါပြီ။

မေး။ ။ ဇေယျာသီရိအဆင့်မြင့် အားကစားရုံတည်ဆောက်မှု အခြေအနေနဲ့ ပြီးစီးမှုအနေအထားကို သိရှိလိုပါတယ်။

ဦးခင်မောင်ကြည် ။ ဒီအဆင့်မြင့် အားကစားရုံတည်ဆောက်မှုရဲ့ လက်ရှိအချိန်မှာ ပြီးစီးမှုအနေအထားကတော့ ကြက်တောင်အားကစားရုံက ပြီးစီးမှု ၈၀ ရာခိုင်နှုန်း၊ ဘော်လီဘောအားကစားရုံက ပြီးစီးမှု ၆၅ ရာခိုင်နှုန်းနဲ့ စားပွဲတင်တင်းနစ်အဆောက်အအုံက ပြီးစီးမှု ၈၀ ရာခိုင်နှုန်းရှိနေပါပြီ။

မေး။ ။ ဘယ်လိုအစိတ်အပိုင်းတွေက တည်ဆောက်မှုအပိုင်းကျန်ရှိနေသလဲဆိုတာ သိရှိလိုပါတယ်။

ဦးခင်မောင်ကြည် ။ ကြက်တောင်ရုံနဲ့ စားပွဲတင် တင်းနစ်ရုံမှာ မှန်ကာမှုအပိုင်းနဲ့အတွင်း ပြင်ဆင်မှုအပိုင်းတွေပဲ ကျန်တော့တယ်။ ကျန်တဲ့ ထိုင်ခုံတပ်ဆင်မှု၊ ရေနှင့် မီးတပ်ဆင်မှု၊ အသံစနစ်တပ်ဆင်မှုနဲ့ အခြားတည်ဆောက်မှုတွေက ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပါတယ်။ ဘော်လီဘောရုံမှာတော့ အမိုးပြားတပ်မှု၊ ကစားကွင်းကြမ်းခင်းဧရိယာ အချောအပြီးသတ်မှု၊ ကြွေပြား၊ ကျောက်ပြားအပြီးသတ်ကပ်မှုစတဲ့ အပိုင်းတွေပဲ ကျန်ရှိပါတော့တယ်။ ကျန်တဲ့အစိတ်အပိုင်းတွေက ပြီးသလောက်ဖြစ်နေပါပြီ။

မေး။ ။ ဒီအဆင့်မြင့်အားကစားရုံဒီဇိုင်းကို ဘယ်နိုင်ငံက ထုတ်လုပ်ခဲ့တာလဲ။ ဒီဆောက်အအုံဘယ်အချိန်လောက် ပြီးစီးမယ်ဆိုတာ ပြောပြပေးပါဦး။

ဦးမြင့်နိုင် ။ ဇေယျာသီရိအဆင့်မြင့် အားကစားရုံ ဒီဇိုင်းကို တရုတ်နိုင်ငံက ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ဒီအားကစားရုံကို လုပ်ငန်းစတင်တာက ၂၀၁၁ ခုနှစ် မေလမှာဖြစ်ပြီးတော့ ၂၀၁၃ ခုနှစ် မတ်လမှာ ပြီးစီးဖို့ သတ်မှတ်ထားပါတယ်။ သတ်မှတ်ထားတဲ့ အချိန်အတိုင်း ပြီးစီးမှာဖြစ်ပြီး အရည်အသွေးစံချိန်မီအောင် စနစ်တကျတည်ဆောက်နေခြင်းဖြစ်ပါတယ်ဟု အသီးသီးဖြေကြားသွားသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တစ်ဆက်တစ်စပ်တည်း နေကြာဧက ၁၀၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ တစ်ဆက်တစ်စပ်တည်း ဖော်ထုတ် ရာနှုန်းပြည့် အောင်မြင်ရေး တောင်သူများကို စည်းရုံးအကောင်အထည်ဖော်

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာရှိ တစ်ဧက တန် ၆၀ ထွက်ရှိမည့်အထူးအထွက်တိုး ကြံမျိုးပွား တောင်သူပညာပေးစိုက်ခင်း ၁၀ ဧကသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ရောက်ရှိပြီး မျိုးသန့်ကြံများ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မျိုးပွားစိုက်ပျိုးပြီးစီးမှုနှင့် အပင်များစတင်ထွက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ငလိုက်ဆည်ရေသောက် ဆီထွက်သီးနှံ မြေပဲဧက ၅၀ စိုက်ခင်း၊ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအနီးရှိ စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ ဖော်ထုတ်ရေးလုပ်ငန်းခွင်ရှိ တစ်ဆက်တစ်စပ်တည်း နေကြာဧက ၁၀၀ စိုက်ကွင်းနှင့် ဧက ၁၀၀ အစေ့ထုတ်ပြောင်းစိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ ဖော်ထုတ်ရေးလုပ်ငန်းသည် နိုင်ငံနှင့်အဝန်းလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးဆုံး အကောင်အထည်ဖော်သည့် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းဖြစ်သည့်အားလျော်စွာ တစ်နိုင်ငံလုံးစံနမူနာယူနိုင်စေရန် မိုးသီးနှံ၊ ဆောင်းသီးနှံ၊ သီးထပ်သီးညှပ်သီးနှံများ သုံးသီးအပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ မဖြစ်မနေကူးပြောင်းရမည့်လုပ်ငန်းစဉ်အပေါ်တွင် ဤဧက ၃၀၀၀ စိုက်ကွင်းသည် ရှေ့ပြေးပထမဆုံး စီမံကိန်းဖြစ်သည်နှင့်အညီ ရာနှုန်းပြည့်အောင်မြင်ရေးအတွက် စက်မှုလယ်ယာပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ဆည်မြောင်းပညာရှင်များအားလုံး တောင်သူလယ်သမားများကိုစိတ်ရှည်စွာဖြင့် စည်းရုံးအကောင်အထည်ဖော်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ် သီရိရတနာနှင့် နေလမင်္ဂလာကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ၊ သီရိရတနာနှင့် နေလမင်္ဂလာနှစ်ထပ် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့် အလှူရှင်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက သီရိရတနာနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က နေလမင်္ဂလာနှစ်ထပ် ကျောင်းဆောင်သစ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်မိသားစုက နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့်စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့သို့ သွားရောက်၍ တာဝန်ခံပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

နေ့လယ်ပိုင်း

၁၀း၁၀ **ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဆန်းစစ်မြားပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၂း၁၀ ရွှေစခန်းမှသည် ရွှေဆုများဆီသို့

၁၂း၃၀ **ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဆန်းစစ်မြားပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**

ညပိုင်း

၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)

၆း၀၀ ညနေခင်းသတင်း

၆း၁၅ မိုးလေဝသအခြေအနေ

၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ

ရင်ဆိုင်မယ်နေ့ရက်များ (ဒုတိယတွဲ)(အပိုင်း-၁၃)

၇း၀၀ ပြည်တွင်းသတင်း

၈း၀၀ ပြည်တွင်းသတင်း

- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- တစ်မျက်နှာတစ်ကွက်စာ **မေတ္တာအိမ်သို့အပြန်** ကောင်းဆက်ထူး၊ နှင်းထက်ထက်ဝေ [ဒါရိုက်တာ-မေတင် (MMG)]
- **ရင်ခုန်လက်ကမ်းတေးသစ်လမ်း**

၁၀း၀၀ ပြည်တွင်းသတင်း

- မြတ်နိုးပါလေရိုးရာအမွေ (ပန်းဆယ်မျိုး)(ဒုတိယပိုင်း)

တပ်မတော်ရဟတ်ယာဉ်တစ်စင်း ရုတ်တရက်စက်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းတွင် မြစ်ကြီးနားလေတပ်စခန်းမှ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စ ဆောင်ရွက်ရန်အတွက် ပျံသန်းလာသော တပ်မတော်ရဟတ်ယာဉ်တစ်စင်းသည် မြစ်ကြီးနားမြို့ တောင်ဘက် မိုင် ၂၀အကွာ သစ်တောအုပ်အတွင်း ရုတ်တရက်စက်ချွတ်ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အခင်းဖြစ်ပွားရာသို့ တပ်ဖွဲ့များအား အခြားရဟတ်ယာဉ်များဖြင့် ချက်ချင်းပို့ဆောင်ပေးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါရဟတ်ယာဉ်အား ယမန်နေ့ ည ၉နာရီ ၁၅ မိနစ်တွင် ကယ်ဆယ်ရေးအဖွဲ့များက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ရဟတ်ယာဉ်အစိတ်အပိုင်းအချို့ ပျက်စီးသွားခဲ့ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်တွင် ပါရှိသည့် အရာရှိလေသူရဲနှစ်ဦးနှင့် ပျံသန်းရေးတပ်ကြပ်ကြီးတစ်ဦးတို့သည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ထုတ်ပြန်

ယမန်နေ့မှအဆက်

ဝိနယပိဋက၊ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ(၁၈)ပါး

၁။ ပလ္လင်အမှတ်(၁၅) အရှင်ကုလ္လာစာရာဘိဝံသ၊ အသက်(၄၁)နှစ်၊ သိက္ခာ(၂၁)ဝါ၊ သာမဏေကျော်ပရိယတ္တိ စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၉) အရှင်သုဝဏ္ဏ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေမင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၂) အရှင်သီလာနန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၃) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၃) အရှင်ဝိစိတ္တ(မလှိုင်)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေမင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၄) အရှင်ဝိလာသ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၆) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၂၆)နှစ်၊သိက္ခာ(၇) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၇) အရှင်ဝိစိတ္တ(ရေစကြို)၊အသက်(၃၃)နှစ်၊ သိက္ခာ (၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေမင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၅၄) အရှင်ဝဏ္ဏိတာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉) ဝါ၊ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ(၁၈)ပါးအဆက်

၁၀။ ပလ္လင်အမှတ်(၅၉) အရှင်နန္ဒသာရာလင်္ကာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၆၁) အရှင်ကုမုဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌဝိနယဓရ)

၁၂။ ပလ္လင်အမှတ်(၆၃) အရှင်ပညာဇောလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌဝိနယဓရ)

၁၃။ ပလ္လင်အမှတ်(၆၇) အရှင်ကုလ္လန္ဒက၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၇၂) အရှင်စန္ဒောဘာသ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ လေးထပ်ပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၇၈) အရှင်ရာဇပိယ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ မြို့ဦးတောရပရိယတ္တိစာသင်တိုက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်

၁၆။ ပလ္လင်အမှတ်(၇၉) အရှင်ဝိဇယဉာဏ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၈၀) အရှင်အကိုရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ နဘူးကျင်းရွာဦးကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၈၁) ရှင်သူရိယ၊ အသက်(၁၉)နှစ်၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၂)ပါး

၁။ ပလ္လင်အမှတ်(၈၉) အရှင်ဂန္ဓသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၉၃) အရှင်ဝဏ္ဏိသရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉) ဝါ၊ ကျိုက္ကစံ ပဋ္ဌမရွှေကျင်ကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၉၄) အရှင်ဝိစာရိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၉၅) အရှင်ဓမ္မပိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ပိဋက သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၉၆) အရှင်သုမနာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈) ဝါ၊ မာဂဒနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မဟာ အောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၉၇) အရှင်တိက္ခဉာဏ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၉၈) အရှင်နန္ဒိယ(ရွှေတောင်)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၉၉) အရှင်တေဇောသာရ၊အသက်(၂၈)နှစ်။ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော်ပျဉ်းမနားမြို့ မြို့တွင်းရှစ်လမ်း လမ်းမီးသွယ်တန်းတပ်ဆင်ပြီးစီးမှု ဖွင့်ပွဲကျင်းပ

ပျဉ်းမနား ဇန်နဝါရီ ၁၂

နေပြည်တော်ပျဉ်းမနားမြို့ မြို့တွင်းရှစ်လမ်း လမ်းမီးသွယ်တန်းတပ်ဆင်ပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးလမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းဆုံနေရာ၌ ကျင်းပသည်။

အစီအစဉ်အရ နံနက် ၈ နာရီ ၁၀ မိနစ်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်၊ ဦးကျော်မြင့်နှင့် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဖွင့်ပွဲဆိုင်းဘုတ်ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးတင်ချိုက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်ခဲ့သော လမ်းမီးလိုင်းသွယ်တန်းသည့် မြို့တွင်းရှစ်လမ်းဖြစ်သော ဗိုလ်ချုပ်လမ်း၊ ဗိုလ်တောက်ထိန်လမ်း၊ ဗိုလ်တာရာလမ်း၊မောင်ခင်လမ်း၊ စည်ပင်ရုံးလမ်း၊ တပေါင်းဘုရားလမ်း၊ ရန်ကုန်-မန္တလေးလမ်းနှင့် ဗိုလ်လက်ျာလမ်းများတွင် ဆိုဒီယမ်မီးလုံး ၁၂၀၊ မီးချောင်း ၆၅ ချောင်းနှင့် မီးလုံး ၃၀တို့ကို အချိန်တိုအတွင်း မီးလင်းနိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၂၃ သိန်း အကုန်အကျခံ သွယ်တန်းတပ်ဆင်ပေးခဲ့သည်။ ပျဉ်းမနားမြို့တွင်း၌ လမ်းမီးလိုအပ်သည့်နေရာများတွင်လည်း လမ်းမီးများထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဥက္ကာက ယခု ပျဉ်းမနားမြို့နယ်အတွင်းရှိ လမ်းမကြီးရှစ်လမ်းကို ဒီဇင်ဘာပထမပတ်မှစတင်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ခံ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကချင်ပြည်နယ်အတွင်း မန္တလာအဆန်ရထားဖြတ်သန်းစဉ် ရထားသံလမ်း၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၁၀ရက်က ကချင်ပြည်နယ်အတွင်း ရထားတစ်စင်းဖြတ်သန်းစဉ် ရထားသံလမ်း၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရထားများ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရှိရသည်။

အမှတ် (၅၇) မန္တလာအဆန်ရထားသည် မိုးညှင်းမြို့နယ် နန်းမားဘူတာအလွန် ပေ ၁၅၀ ခန့်အကွာ မိုင်တိုင်အမှတ် (၆၄၁/၂၄)နှင့် (၆၄၂/၁) အကြား တံတားအမှတ် (၆၈၀)အနီး ဖြတ်သန်းစဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ သစ်သားဇလီဖားတုံး တစ်တုံးသာ မီးလောင်ခဲ့ကြောင်းနှင့် ရထားများ ပုံမှန်သွားလာလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စီးပွားရေးနှင့်ဈေးကွက်

ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ် ငါး၊ ပုစွန် ပိဿာချိန် တစ်သိန်းရှစ်သောင်းကျော်ဝင်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်ဗဟိုစံပြ ငါးကြီးဈေးသို့ ယခုရက်ပိုင်းအတွင်း မွေးမြူရေး ရေချိုငါးများနှင့် မြစ်ချောင်းအင်းအိုင် ရေပေါ်ရေလျှံ ငါး၊ ပုစွန်မျိုးစုံ နေ့စဉ် ပိဿာချိန် တစ်သိန်းရှစ်သောင်းကျော် ဝင်ရောက်နေကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်ထိ ငါး၊ ပုစွန် ပိဿာချိန် ၁၂၇၇၉၄၅ ပိဿာ ဝင်ရောက်ခဲ့သည်ဟု သိရသည်။ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များမှ မွေးမြူရေးရေချိုငါး၊ ပုစွန်များ၊ စက်တပ်သမ္ဗန်ရေယာဉ်အလတ်စား အစင်း ၄၀ မှ ၅၀ အကြား နေ့စဉ်ဝင်ရောက်နေသည့်အပြင် စစ်တွေမှ ပင်လယ်ငါးများပါ ဝင်ရောက်နေကြောင်း သိရသည်။

ငါးဒိုင် ကိုယ်စားလှယ်ရုံးအဖွဲ့မှူး ဦးနေမျိုးက "အရင် ဒီဇင်ဘာလကဆိုရင် တစ်ရက်ကို ပျမ်းမျှ ငါး၊ ပုစွန် ပိဿာချိန် တစ်သိန်း ငါးသောင်းကျော်ပဲ ဝင်တယ်၊ အခုလက ငါးပေါ်ရာသီလည်းဖြစ်တယ်။ ရာသီဥတုကလည်း သာယာတယ်ဆိုတော့ ရေချိုမွေးမြူရေး ငါးတွေနဲ့ မြစ်ချောင်းအင်းအိုင်ကငါးတွေ တစ်ရက်ကို ပိဿာချိန် သုံးသောင်းကျော်လောက် ပိုဝင်လာတယ်။ ဈေးနှုန်းအနေနဲ့ အဆမတန်တက်တာလည်း မရှိဘူး။ အဆမတန် ဈေးကျသွားတယ်ဆိုတာလည်း မရှိဘူး။

ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဦးစီး၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ငါးကုန်သည်များ ပူးပေါင်းပြီး ပြည်သူများ ဈေးနှုန်းချိုသာစေဖို့ ဈေးနှုန်း မှန်စေဖို့ ညှိနှိုင်းထိန်းသိမ်းပေးပါတယ်။ ဇန်နဝါရီ ၇ ရက်ကဆိုရင် တစ်နေ့တည်း ငါး၊ ပုစွန် ပိဿာချိန် ၁၈၆၈၂၅ ပိဿာ ဝင်ရောက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပိဿာချိန် ၂၈၁၆၀ တင်ပို့ပေးရပါတယ်" ဟု ပြောပြသည်။

ဇန်နဝါရီ ၈ ရက်က ဗဟိုစံပြငါးဈေး ကုန်စည်ဒိုင်လက်ကား ဈေးနှုန်းမှာ အကောင်အရွယ် အကြီးအသေးကို လိုက်၍ တစ်ပိဿာ ဈေးနှုန်းများမှာ ငါးမြစ်ချင်း ငွေကျပ် ၁၃၀၀ မှ ၁၈၀၀၊ ငါးကြင်း ငွေကျပ် ၂၀၀၀ မှ ၃၃၀၀၊ ငါးသလောက် အကောင်သေး၊ (၃၅ ကျပ်သားကောင်) ငွေကျပ် ၃၀၀၀ မှ ၄၅၀၀၊ ပြည်ပနိုင်ငံများသို့ တင်ပို့သည့် တစ်ပိဿာနှင့်အထက် အကောင်ကြီးများမှာ ငွေကျပ် ၃၆၀၀၀ မှ ၄၅၀၀၀ ၊ ငါးခူ ငွေကျပ် ၂၅၀၀ မှ ၄၀၀၀၊ ငါးရံ့ ငွေကျပ် ၂၅၀၀ မှ ၃၅၀၀၊ ပုစွန်တုပ် ငွေကျပ် ၁၆၀၀မှ ၉၀၀၀ နိုင်ငံခြား တင်ပို့သည့် ပုစွန်တုပ်ကြီး (ရှယ်ကြီး) မှာ ငွေကျပ် ၁၆၀၀၀ မှ ၂၆၀၀၀ ရှိသည်။ ပုစွန်ကျော့၊ ဖော့ချိတ်ပုစွန်များ ယခုရာသီတွင် ဝင်ရောက်မှု မရှိဟု သိရသည်။

ဈေးကွက်သတင်းနှင့်ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဈေးနှုန်းသက်သာ၊ အရသာရှိသော ငါးမြစ်ချင်းခြစ်

ဗဟိုစံပြငါးဈေးကြီးသို့ တစ်ရက် ပိဿာချိန် ငါးထောင်ကျော်ဝင်နေသော ဈေးကွက်ဝင်ငါးတစ်မျိုးဖြစ်သည့် ငါးမြစ်ချင်း ၄၀ ကျပ်သား၊ ၅၀ ကျပ်သား အရွယ်ကို ဗဟိုငါးဈေးကြီးတွင် ယနေ့ ပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၆၀၀ ရှိသည်။ ငါးဦးခေါင်းကိုဖြတ်ထုတ်ပြီး အကြေးခွံများ ဖယ်ရှားကာ အသားများကို အရိုးမပါအောင် ခြစ်ထုတ်၍ ငါးမြစ်ချင်းခြစ်များ ပြုလုပ်လိုက်သည့်အခါ တစ်ပိဿာ ငွေကျပ် ၄၈၀၀ ဈေး ပေါက်သွားသည်။ အဆိုပါဈေးနှုန်းသည် ဒိုင်ဈေး၊ ပိဿာလိုက်ဈေးဖြစ်သည်။ ၁၀ ပိဿာအထက် လက်ကားဈေးသည် တစ်ပိဿာ ငွေကျပ် ၄၅၀၀ ဈေးဖြစ်သည်။

ဇန်နဝါရီ ၈ ရက်က ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ရောက်ရှိစဉ် ၃၃န လမ်းက မိသားစု တစ်ပိုင်တစ်နိုင် ငါးမြစ်ချင်းခြစ်လုပ်ငန်းကို ဝင်ရောက်လေ့လာမိသည်။ **(အပေါ်ပုံ)** မိသားစုဝင်လုပ်သား ၂၀ ဖြင့် နံနက်ပိုင်း နေ့တစ်ဝက်လုပ်ဆောင်နေကြသည်။ ငါးမြစ်ချင်းကို အသားလွှာပြီးသည်အထိ အဆင့်ဆင့်ပြုလုပ်ပေးရသည်။ အော်ဒါရှိလျှင်ရှိသလို လုပ်ပေးရသည်။ လုပ်ငန်းရှင် ဦးအေးတင်က "ဝယ်သူရဲ့ဆန္ဒအရ အသင့်ချက်ပြုတ်စားသောက်နိုင်အောင် စီစဉ်ပေးရခြင်း ဖြစ်ပါတယ်။ အရင်က ငါးဖယ်တစ်မျိုးကိုသာ ခြစ်တာပါ။ ငါးဖယ်ခြစ်က ဈေးကြီးတယ်လေ။ တစ်ပိဿာကို ငွေကျပ်တစ်သောင်းလောက်ရှိတယ်။ အခုငါးမြစ်ချင်းခြစ်က ဈေးနှုန်းသက်သာတယ်။ အရသာလည်းရှိတယ်။ လူတိုင်းလည်း နှစ်သက်တယ်။ ဒါကြောင့် ငါးမြစ်ချင်းခြစ်ကို ကြိုက်သူတွေများလာတယ်။ အခုရာသီမှာ ငါးမြစ်ချင်း အဝင်နည်းလို့ ဈေးနည်းနည်းမြင့်လာတယ်။ ငါးအစာဈေးကြီးတာလည်းပါတယ်။ ငါးမွေးမြူရေးသမားတွေက ဈေးကျတဲ့အချိန်မှာ ငါးကန်ဖော်လေ့မရှိဘူး။ အရင်က ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၄၂၀၀ ဈေးပဲရှိတာ။ အခု ငါးအဝင်နည်းလို့ ငါးဈေးတက်တော့ ငါးမြစ်ချင်းခြစ်လည်း ဈေးနည်းနည်းတက်ရတာပေါ့၊ ငါးဈေးပြန်ကျရင် ငါးမြစ်ချင်းဈေးလည်း ပြန်ကျမှာပေါ့။ အခုငါးမြစ်ချင်းခြစ်ကို နယ်စုံပို့နေရပါတယ်။ နေပြည်တော်၊ မန္တလေး၊ ဘားအံ၊ ထားဝယ်၊ မြစ်ကြီးနား၊ ဇန်းမော်နဲ့ ကလေး၊ တမူးအထိ ဖော့ပုံးထဲမှာ ရေခဲရိုက်ပြီး ကားနဲ့တင်ပို့ပေးနေရပါတယ်။ ငါးဈေးကြီးနဲ့နီးနေတော့ ဝယ်ရတာ၊ သယ်ရတာ လွယ်ကူအဆင်ပြေပါတယ်" ဟု ရှင်းပြသည်။ ၃၈ လမ်းဈေး၊ သိမ်ဖြူဈေးတို့တွင် ငါးမြစ်ချင်းခြစ် တစ်ပိဿာ ငွေကျပ် ၇၅၀၀ ဈေးရှိသည်ဟု အိမ်ရှင်မက ဆိုသည်။ လမ်းသွားရင်း ကြုံကြိုက်တွေ့ဆုံခဲ့သော ငါးမြစ်ချင်းခြစ်ဈေးကွက်သတင်းကို တင်ပြလိုက်ရပါသည်။ **(ဝ၂၇)**

စပါးအထွက်လျော့သောကြောင့် အင်းတော်ဒေသမှစိုက်ကေနည်းတောင်သူတို့ အခက်တွေ့

အင်းတော် ဇန်နဝါရီ ၁၂

လွန်ခဲ့သောနှစ်က မိုးခေါင်ကာ စိုက်ပျိုးချိန်နောက်ကျခဲ့ပြီး စပါးအထွက်နှုန်းလျော့ကျခဲ့မှုကြောင့် စိုက်ဧက နည်းပါးသော တောင်သူများ လူမှုရေးကျပ်တည်းမှုများ တွေ့ရှိနေကြကြောင်း သိရှိရသည်။

ယခင်နှစ်က မိုးလေဝသမှန်ကန်ခြင်း မရှိဘဲ မိုးခေါင်ကာ စိုက်ပျိုးချိန် နောက်ကျခြင်း၊ စိုက်ပျိုးစရိတ်များ ပိုမိုကုန်ကျခြင်း၊ ထွက်ရှိလာသော စပါးပင်များသည် အသီးအနှံ အောင်မြင်ခြင်းမရှိဘဲ စပါးအထွက်နှုန်း လျော့ကျခဲ့ခြင်းကြောင့် စိုက်ဧကနည်းပါးသော တောင်သူများအနေဖြင့် စပါးအထွက်မှာ တစ်ဧကလျှင် တင်း ၄၀ ခန့်သာ ထွက်ရှိခဲ့သဖြင့် ဧကနည်းပါးသော တောင်သူများအနေဖြင့် လူမှုရေး အခြေအနေ ကျပ်တည်းမှုကြောင့် ပြင်ပလုပ်ငန်းများ ရှာဖွေလုပ်ကိုင်နေရကြောင်း သိရှိရသည်။

အချို့တောင်သူများအနေဖြင့်မူ စပါးတစ်စေ့မျှမရရှိဘဲ ကောက်ရိုးသာ ရရှိလိုက်သော တောင်သူများလည်းရှိကြောင်း၊ ထို့အတွက် ဝမ်းစာစပါးမလုံလောက်မှုကြောင့် အိမ်ရှိ မိသားစုဝင်များအနေဖြင့် ရရာလုပ်ငန်းများ လုပ်ကိုင်ရှာဖွေကာ လူမှုရေး အခက်အခဲများကို ဖြေရှင်းနေရကြောင်း သိရှိရသည်။

"တချို့တောင်သူတွေဆို စပါး သိမ်းပြီးတော့ လုပ်အားခတွေရှင်းပေးလိုက်တာ ဝမ်းစာစပါးက မလောက်တော့ဘူးလေ။ အခုကျွန်တော့်ဆီမှာ တချို့တောင်သူတွေ ဆန်အိတ်ကို နောက်ပေးပေါ့ဗျာ။ နောက်လတွေမှ ဆပ်လို့ မရဘူးလား ဆိုပြီးတော့ လာဝယ်စားတဲ့သူတွေရှိနေတယ်။ နောင်နှစ်ဒီလိုမိုးခေါင်ရင် လယ်သမားတွေတော့ အခက်ပဲဗျာ" ဟု ဆန်ကုန်သည်ကြီးတစ်ဦးက ပြောပြသည်။

"ကျွန်တော့်သား မနှစ်က တခြားရွာမှာ လယ်သူရင်းငှားသွားလုပ်တာ (လယ်အငှားလုပ်သူ) မိုးခေါင်တော့ စပါးက စိုက်ချိန်နောက်ကျ၊ စပါးက မထွက်၊ ထွက်လာတော့ တစ်ဧကမှ ၃၅တင်းလောက်ထွက်လာတာ။ ငှားတုန်းကတော့ တစ်ဧက ၁၅ တင်းပေးမယ် ပြောထားတာလေ။ အခု စပါးက ထင်သလောက် ထွက်မလာတော့ လုပ်အားခတောင်းရမှာ အားနာတော့ ကြည့်ပြီးသာပေးခဲ့ပါလို့ ပြောလိုက်ရတယ်" ဟု လယ်သူရင်းငှားသွားလုပ်သောသူ၏ ဖခင်တစ်ဦးက ပြောပြသည်။

(ကျော်သီဟ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မငယ်ငယ်တုန်းကသနပ်ခါးသိပ်လိမ်းလေ့မရှိပါဘူး။ ကျောင်းတက်ရတဲ့နေ့တွေမှာတော့ နဂိုကညိုမည်းနေတဲ့အသားအရေကို နုသာဝင်းသာရှိအောင် သနပ်ခါးလိမ်းပါတယ်။ အမှင်ကြီးတဲ့ကျွန်မရဲ့အကျင့်ကြောင့် တွေ့ရာသနပ်ခါးခဲကိုပဲလိမ်းခဲ့ပါတယ်။ သနပ်ခါးခဲကပဲမသန့်တာလား ကျွန်မနဲ့ပဲမတည့်တာလားတော့မသိပါဘူး။ ပြီးလိမ်းကာစမှာ ဘာမှမဖြစ်ပေမယ့် တစ်လလောက်အကြာမှာတော့ မျက်နှာမှာအဖြူကွက်တွေထွက်ပေါ်လာပါတယ်။ အရမ်းကြောက်လန့်သွားမိပါတယ်။ တခြားနေရာမဟုတ်ဘဲ လူမြင်သာတဲ့မျက်နှာမှာဖြစ်နေလို့လည်းရှက်မိပါတယ်။ သနပ်ခါးခဲကုန်လို့ဈေးဆိုင်သွားဝယ်တဲ့အခါ **"ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး"**ဆိုတဲ့ဘူးစိမ်းလေးကိုတွေ့လိုက်ပါတယ်။ သဘာဝအသားဖြူဆိုတဲ့စာသားလေးက ကျွန်မလိုအသားညိုတဲ့မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်နေပါတယ်။ အဲဒီအချိန်က ကျွန်မဒဝတန်းကျောင်းသူပါ။ ယခုချိန်ထိ ရွှေပြည်နန်းသံပုရာတစ်မျိုးတည်းကိုသာစွဲသုံးခဲ့ပါတယ်။ စသုံးပြီးတစ်ပတ်လောက်အကြာမှာ **မျက်နှာမှအဖြူကွက်များ ထူးခြားသိသာစွာပျောက်ကင်းသွားခဲ့ပါတယ်။** နဂိုကညိုတဲ့အသားမှာလည်း ဝင်းလာပါတယ်။ (၁၀)တန်းအောင်ပြီး နည်းပညာတက္ကသိုလ်တက်ပြန်တော့လည်း နေ့တိုင်းမနက် (၇)နာရီမှ စထွက်ပြီး ညနေ (၅)နာရီလောက်မှ အိမ်ပြန်ရောက်ပေမယ့် အိမ်ရောက်တဲ့အထိ ကျွန်မပါးမှသနပ်ခါးမပျက်ပါဘူး။ သူငယ်ချင်းများကအံ့သြကြပြီး ကျွန်မပါးကွက်ကို စနောက်ကာလိုက်ဖျက်ကြပါတယ်။ ရွှေပြည်နန်းသနပ်ခါး နဲ့ပတ်သတ်ပြီးနောက်ထပ် ထူးခြားတာတစ်ခုရှိပါသေးတယ်။ သနပ်ခါးမလိမ်းဘဲနေပူထဲထွက်ရင် ကျွန်မအသားတွေချက်ချင်းမှတ်လာပြီး ညိုမည်းသွားတတ်ပေမဲ့ "ရွှေပြည်နန်းသံပုရာ"သနပ်ခါးလိမ်းပြီး နေပူထဲထွက်သည့်အခါ ညိုမည်းသွားခြင်းမရှိပါဘူး။ အဲ့ဒါကတော့ နေ့ခင်းဘက်လိမ်းတဲ့အကျိုးကျေးဇူးတွေပါ။ ညဘက်မှာလိမ်းရင်တော့ မနက်အိပ်ရာထချိန်မှာမျက်နှာအဆီပြန်ခြင်းမရှိပါဘူး။ မျက်နှာသစ်ပြီးပါးပြင်ကိုစမ်းကြည့်တဲ့အခါ နူးညံ့ချောမွေ့နေပါတယ်။ ဒါတွေဟာကျွန်မရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေပါ။ အခုဆိုရင်ရွှေပြည်နန်းနဲ့ မိတ်ဆွေဖြစ်တာ (၈) နှစ်ကျော်ပါပြီ။ ကျွန်မကိုစိတ်ချမ်းသာမှုပေးတဲ့မိတ်ဆွေလေး ပြည်တွင်းမှာသာမက ပြည်ပအထိပါအောင်မြင်ကျော်ကြားပြီး အသိအမှတ်ပြုဆုတွေ ချီးမြှင့်ခံခဲ့ရတာကို ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မရဲ့မိတ်ဆွေလေး **ဒီထက်ပိုပြီးအောင်မြင်ပါစေလို့** ဆန္ဒပြုလိုက်ပါတယ်။

မလင်းစာလီမော် (BE.IT) ၁၉/၃၅၂ မြို့ပတ်လမ်း၊ တောင်ငူမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။
မလင်းစာလီမော်၏ ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်ခါခါ(အထက်တန်းပြ) အ.ထ.က(၅) တောင်ငူမြို့။

ဖိတ်ခေါ်အပ်ပါသည်။
(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် ရေးသား၍ အမှတ်-၂၈ (II)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းများ ဒုတိယဝန်ကြီး ဦးသန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇန်နဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မြို့နယ်သမဝါယမ ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ အသင်းအလုပ်အမှုဆောင်များနှင့်တွေ့ဆုံပြီး မြစ်သာရွှေရည် သမဝါယမအသင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၆ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ရှိ အထက်တန်း ရက်ကန်း သင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ် ဆရာမကြီးနှင့်ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံကာ သင်တန်းသား သင်တန်းသူများ၏ ရက်ကန်းရက်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဟားခါးမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှူးများ၊ အသင်းစုချုပ်၊ အသင်းစုနှင့်အသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံကာ သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ်ငါးရပ်တို့အား ရှင်းလင်းဆွေးနွေးပြီး ဌာနဝန်ထမ်းများနှင့် အသင်းဝန်ထမ်းများ ပူးပေါင်းကာ ဒေသအာဏာပိုင်များ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသည့်တောင်သူများ ဝင်ငွေတိုး

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ယခုနှစ်ဝါအထွက်တိုးပြီး ဈေးနှုန်းကောင်းသဖြင့် ဝါစိုက်တောင်သူများ ဝင်ငွေများစွာရရှိကြောင်း သိရသည်။

အင်ပင်ကျေးရွာမှ တောင်သူ ဦးထွန်းမြင့်က ၎င်း၏မြေငါးဧကကို ဩဂုတ်လတွင် ငွေချည်- ၆ ချည်မျှင်ရှည်ဝါစိုက်ပျိုးခဲ့ရာ လုပ်အားခအပါအဝင် တစ်ဧကကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းခွဲခန့်ကုန်ကျပြီး တစ်ဧကလျှင် ဝါပိဿာ ၆၀၀ ကျော်ထွက်ရှိသဖြင့် အထွက်ကောင်းကြောင်း၊ ဝါဈေးနှုန်းမှာလည်း တစ်ပိဿာ ငွေကျပ် ၁၁၀၀ ရောင်းရသဖြင့် တစ်ဧကအသားတင်အမြတ် ငွေကျပ်သုံးသိန်းခွဲခန့် ရသောကြောင့် စီးပွားရေးအရတွက်ခြေကိုက်ကြောင်း၊ လာမည့်နှစ်များတွင် ဝါကိုတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အလားတူ ကျောင်းရွာကျေးရွာမှ တောင်သူဦးသန်းလွင်ကလည်း ဝါဈေးမှာ အစောပိုင်း ဈေးအေးနေသော်လည်း နောက်ပိုင်း ဈေးကောင်းရသဖြင့် ဝင်ငွေများစွာရရှိခဲ့ကြောင်း၊ ဝါကောက်သိမ်းရာတွင် ကန်သင်းပေါ်ရောက် ငွေပေါ်သဖြင့် ငွေမြန်မြန်ရကြောင်း ပြောကြားသည်။

တပ်ကုန်းမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးနှောင်းရာသီတွင် ချည်မျှင်ရှည်ဝါဧက ၈၅၀၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ၈၈၉၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှအထွက် ပိဿာချိန် ခန့်မှန်း ၆၄၀ ကျော်ထွက်ရှိနိုင်ကြောင်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(ဝ၂၁)

လျှောင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လျှောင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့်အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

လာရောက်လှူဒါန်း

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဦးမြသိန်းအောင်က အလှူငွေကျပ် တစ်သိန်း၊ ဒေါက်တာဦးတင်မြင့်-ဒေါက်တာဒေါ်ခင်ရီသင်းနှင့် သားသမီးမြေး မိသားစုက ငွေကျပ် ငါးသိန်း၊ ဇန်နဝါရီ ၃ ရက်တွင် ဒေါက်တာသိန်းထွန်း၊ ဒေါက်တာဒေါ်သန်းတိုးက ငွေကျပ် တစ်သိန်းနှင့်အဝတ်အထည်မျိုးစုံ၊ ဇန်နဝါရီ ၈ ရက်တွင် ဒေါ်သင်းသင်းဂျော် မိသားစုက အမေရိကန်ဒေါ်လာ ၄၀၀နှင့် ဇန်နဝါရီ ၁၀ ရက်တွင် ဒေါ်နီနီခိုင်နှင့် မြေး ကေခိုင်ဇင်တို့က ငွေကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်ပရောက် မြန်မာနိုင်ငံသားများ ကမ္ဘာ့နိုင်ငံအသီးသီးမှ ငွေလွှဲပေးပို့နိုင်ပြီ

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၂

ကမ္ဘာတစ်ဝန်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်နေသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ဘဏ်များ၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာလျက် ရှိသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှ မြန်မာနိုင်ငံသို့ ငွေကြေးလွှဲပြောင်းပေးရာတွင် အဆင်ပြေအောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သမဝါယမဘဏ်လီမိတက် (CB Bank)မှ မန်နေဂျင်း ဒါရိုက်တာ ဦးဖေမြင့်က ရန်ကုန်မြို့ ၂၃လမ်းရှိ စီဘီဘဏ်ရုံးချုပ်၌ ကျင်းပသောစီဘီဘဏ်နှင့် အမေရိကန်နိုင်ငံအခြေစိုက်ကမ္ဘာ့ထိပ်တန်း ငွေလွှဲကုမ္ပဏီကြီး တစ်ခုဖြစ်သည့် Western Union ကုမ္ပဏီတို့အကြား စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော်တို့ သမဝါယမဘဏ်လီမိတက် (CB Bank)အနေနဲ့ နိုင်ငံတကာ ငွေလွှဲလုပ်ငန်း (Global Money Transfer)ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ လမ်းညွှန်မှုနဲ့ ခွင့်ပြုချက်အရ ကမ္ဘာ့နိုင်ငံအရပ်ရပ်မှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံရှိ မိသားစုများထံသို့ လွယ်ကူလျင်မြန်စွာ ငွေပို့နိုင်ဖို့ အမေရိကန် ကမ္ဘာ့ငွေလွှဲ ကုမ္ပဏီဖြစ်တဲ့ Western Union နဲ့ CB Bank တို့အကြား လက်မှတ်ရေးထိုး စာချုပ်လိုက်ပါပြီ။ ဒါကြောင့် နိုင်ငံပေါင်း ၂၀၀ ကျော်မှ



မြန်မာနိုင်ငံသို့ ငွေပြန်လွှဲပို့ရာမှာ အဆင်ပြေ ချောမွေ့စွာဆောင်ရွက်ပေးနိုင်ပါပြီ" ဟု ဦးဖေမြင့်က ဆက်လက်ပြောကြားသည်။

အဆိုပါ စာချုပ်မချုပ်ဆိုမီ ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကာ ငွေလွှဲလုပ်ငန်း စတင်ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၉ ရက်အထိ ပြည်ပရောက်မြန်မာ နိုင်ငံသား ၁၄၄ ဦးက မြန်မာနိုင်ငံသို့ CB Bank မှတစ်ဆင့် ငွေလွှဲပေးပို့ခဲ့ရာ ကျပ်သိန်းပေါင်း ၁၂၀၀ ကျော်အထိ လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ထိုသို့ ငွေလွှဲပေးပို့ရာတွင် သက်ဆိုင်ရာ နိုင်ငံငွေကြေးပေါက်ဈေးနှင့် အမေရိကန်ဒေါ်လာတို့ တွက်ချက်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ CB bankခွဲများမှတစ်ဆင့် မြန်မာကျပ်ငွေများ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ Western Union ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းလုံးရှိ ၎င်း၏ ငွေပို့နိုင်သော နေရာပေါင်း ၅၂၀၀၀၀ ရှိသည်။ နိုင်ငံအားဖြင့် ၂၀၀ ကျော်ရှိသည်။ ဆိုမာလီ၊ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံများမှလွဲပြီး ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံသို့ ငွေလွှဲပေး ပို့နိုင်ပြီဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံတွင် ငွေလွှဲလုပ်ငန်းတိုးတက်လာသဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံရှိ မိဘဆွေမျိုးများထံသို့ ငွေကြေးများကို လုံခြုံစိတ်ချစွာ လွှဲပြောင်းပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးနဲတွင် ကတ္တရာလမ်းသစ်ဖွင့်

မိုးနဲ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့ စံပယ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်က အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေဖြစ်ပြီး မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၃ ဒသမ ၂၂ သိန်း အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်

Tun Foundation Bank Limited ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (ဗိုလ်တထောင်ဘဏ်)
ဖွင့်ပွဲအား (၉-၁-၂၀၁၃) ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးအောင်မြင်တိုးတက်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- Myanma Golden Star Co.,Ltd.
- MGS Beverages Co.,Ltd.
- Myanma Golden Star Sales & Distribution Center
- Pioneer Venture Ltd.
- Myanmar Development International Co.,Ltd.
- Tun Foundation Bank Co.,Ltd.
- MGS Food Co.,Ltd.
- Kawei Golden Star Co.,Ltd.
- Nan Htike Co.,Ltd.
- Universal Consumer's Goods Co.,Ltd.
- MGS Agriculture Co.,Ltd.
- National Development Corporation

ပြည်တွင်းသတင်းနှင့်ဒေသတွင်းဆောင်းပါး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု စတုတ္ထအကြိမ် အရဏ်ဆွမ်းလောင်းလှူ

နေပြည်တော် ဇန်နဝါရီ ၁၂

ဗုဒ္ဓဘုရားစေတီတော်မြတ်အနီး ပေပင်ကျောင်းဘုရားအရှေ့ဘက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဆွမ်းလောင်းအသင်း ယာယီမဏ္ဍပ်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများဦးစီး၍ တောင်ဘီလယ်ယားနယ်မြေသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုဂံမြို့ ဟောင်း သာယာအေးကျောင်း ကံစွယ်တိုက်ဆရာတော် ဦးအာစရအမှူးပြုသော သံဃာတော်အပါး ၈၀ အား အရဏ်ဆွမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၄ နာရီခွဲတွင် ကျင်းပသည်။

ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် အရဏ်ဆွမ်းလောင်းလှူပွဲဖြစ်ပြီး အလှူရှင်များဖြစ်ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်မိသားစုက ဆွမ်းနှင့်ဆွမ်းဟင်းကိုလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနရုံးအဖွဲ့မှူးနှင့် မိသားစုက ဆွမ်းဟင်းနှင့် အသီးအရွက်ကြော်များကိုလည်းကောင်း ပါဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဆွမ်းလောင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့်အတူ သမိုင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပုဂံဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ယင်းတို့၏မိသားစုဝင်များ၊ ဗုဒ္ဓဘုရားဂေါပကအဖွဲ့ဝင်များ၊ ပုဂံဒေသရှိဟိုတယ်လုပ်ငန်းရှင်များ၊ ဗုဒ္ဓဘုရားဆိုင်ခန်းမှ ဈေးသည်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးဧည့်သည်များပါ ကုသိုလ်ယူ အရဏ်ဆွမ်းလောင်းလှူခဲ့ကြသည်။

ကျင်းပသွားမည်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ပင့်ဖိတ်၍ အရဏ်ဆွမ်းလောင်းလှူပွဲကို လစဉ် လပြည့်၊ လကွယ်နေ့တိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာရာဇီးနိုင်ငံမှ ဂန္ထဝင်ကစားသမားများ၏ ခြေစမ်းခရီးစဉ်ပျက်ပြယ်

ရန်ကုန် ဇန်နဝါရီ ၁၂

ဘာရာဇီးနိုင်ငံမှ ဂန္ထဝင်ကစားသမားများ၏ မြန်မာနိုင်ငံခြေစမ်းခရီးစဉ်မှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါခြေစမ်းပွဲမှာ ဘာရာဇီးဂန္ထဝင်ကစားသမားများကို စုဆောင်းမှုအဆင်မပြေသောကြောင့် ပျက်ပြယ်ခဲ့ရပြီး မြန်မာနိုင်ငံသာမက ASEAN Tour တစ်ခုလုံးပါပျက်ပြယ်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ ယင်းဘာရာဇီးလက်ရွေးစင်ဟောင်းအသင်းသည် မြန်မာနိုင်ငံအပြင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများတွင်ပါ ခြေစမ်းကစားရန် စီစဉ်ထားခဲ့သည်။

ဘာရာဇီး ဂန္ထဝင်ကစားသမားများအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းတို့၏ ခြေစမ်းပွဲကို မူလက ဇန်နဝါရီ ၂၃ ရက်တွင် ကစားရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ **(ညီညီစိုးညွန့်)**

ဆစ်ဒနီတင်းနစ် ရက်ဝမ်စကာ ဖလားဆွတ်ခူး

ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာသည် ဆစ်ဒနီအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆလိုဗက်ကီးယားတင်းနစ်မယ် ဒိုမီနီကာစီဘူးကိုဗာအား ၆-၀၊ ၆-၀ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားပြီဖြစ်သည်။ **(အပေါ်ပုံ)**

ရက်ဝမ်စကာသည် လွန်ခဲ့သည့် သီတင်းပတ်က အော့ကလန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ဖလားဆွတ်ခူးနိုင်ခဲ့၍ ယခုနှစ်အတွင်း ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲဖလားနှစ်လုံး ဆက်တိုက်ဆွတ်ခူးနိုင်သော ပထမဆုံးတင်းနစ်မယ်ဖြစ်သည်။

သူမသည် လာမည့်သီတင်းပတ်တွင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ သူမသည် အဖွင့်ပွဲစဉ်တွင် ဩစတြေးလျတင်းနစ်မယ် ဘိုဂျန်နာဘိုဘူဆစ်နှင့် ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးကျဆင်းခြင်းကြောင့် မြန်မာ့ရွှေဈေးကျ

ရန်ကုန် ဇန်နဝါရီ ၁၂

ကမ္ဘာ့ရွှေဈေးမှာ အနည်းငယ်ကျဆင်းသောကြောင့် မြန်မာ့ရွှေဈေးမှာလည်း အနည်းငယ်ကျဆင်းလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

ရောင်းဝယ်

ယမန်နေ့ နံနက်ပိုင်း ရွှေဈေးကွက်အဖွင့်ဈေးမှာ မြန်မာ့အခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၇၆၆၅၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၇၃ ရှိပြီး ညနေပိုင်းတွင် ကျပ် ၇၆၄၀၀၀ အမေရိကန်ဒေါ်လာ ၁၆၆၉ ဖြင့် ဈေးပိတ်ကြောင်း ရွှေဘုံသာလမ်းရှိ ရွှေထည်ပစ္စည်းရောင်းဝယ်သူတစ်ဦးက ၁၅ ပဲရည် ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၂၀၀၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်ကြောင်း သိရသည်။

ပြောကြား

ရန်ကုန်မြို့ ဟံသာဝတီကားပွဲစားတန်းမှ ဝါရင့်ကားဝယ်ရောင်းသူတစ်ဦးက " ကားဈေးကွက်မှာ လုံးဝအေးနေကြောင်း၊ ဝယ်လိုအားနည်းပြီး ရောင်းလိုအား များကြောင်း ကားစလစ်ဈေးကတော့ ငွေကျပ် ၉၁ သိန်းနဲ့ ၉၃ သိန်းဝန်းကျင်တွင် အရောင်းအဝယ်ရှိကြောင်း " ပြောကြားသည်။ **(အေးကို-သတင်းစဉ်)**

MRTV-3 ဓာတ်အားလိုင်းတိုင်ပြုပြင်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၄) ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ၆၆ ကေဗွီဆင်မလိုက် MRTV-3 ဓာတ်အားလိုင်းလေးတိုင်စင်ရှိ တိုင်တစ်တိုင်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁ နာရီခန့်တွင် ရေခဲတင်သည့်ယာဉ်ကြီးတစ်စီးက ဝင်ရောက်တိုက်မိခဲ့ရာ တိုင်၏အောက်ခြေကွန်ကရစ်သားများ ကြေမွလျက် အားဖြည့်သံချောင်းများ အနည်းငယ်ကွေးညွတ်သွားခဲ့သည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကမာရွတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သားများက ပျက်စီးသွားသော ဓာတ်အားလိုင်းတိုင်အောက်ခြေအား နှစ်ပေခွဲပတ်လည် လေးပေအမြင့်ရှိ Concrete Footing ခုံပြုလုပ်၍ ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။

၆၆ ကေဗွီ ဆင်မလိုက် MRTV-3 ဓာတ်အားလိုင်းတိုင်သည် ယာဉ်တိုက်မိချိန်တွင် ဓာတ်အားလိုင်းလျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းဖြစ်ပေါ်မှုမရှိခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်။

ဘာရာဇီးတိုက်စစ်မှူး ပေါ်လစ္စတာအား ဝက်စ်ဟမ်းက ခြောက်လအငှားစာချုပ်

ဘာရာဇီးတိုက်စစ်မှူး ဝဲလ်လင်တန် ပေါ်လစ္စတာအား ဝက်စ်ဟမ်းအသင်းက ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ပေါ်လစ္စတာသည် ဘာရာဇီးကလပ် ခရူဇီယာရိုအတွက် ပွဲပေါင်း ၁၆၀ ပါဝင်ကစားပေးခဲ့ပြီး ၇၅ ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

၎င်းသည် ဝက်စ်ဟမ်းနည်းပြ ဆမ်အလာဒိုက်စ်လက်ထက်တွင် ချုပ်ဆိုသည့် လေးဦးမြောက် ကစားသမားဖြစ်လာသည်။

၎င်းသည် ကွင်းလယ်ကစားသမား ဂျိုးကိုးလ်၊ တိုက်စစ်မှူးများဖြစ်ကြသည့် ချာမတ်နှင့် မက်ဂူရီတို့အား ခေါ်ယူခဲ့ပြီးနောက် ဝက်စ်ဟမ်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအနေဖြင့် ၎င်းအား သုံးနှစ်ထပ်မံစာချုပ်ဖွယ်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

သနင်္ဂနစ်ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်
ဟိန္ဒူဓမ္မသင်ကြားပို့ချရေးဗဟိုကော်မတီ
ဖိတ်ကြားလွှာ

ဟိန္ဒူဓမ္မ သင်ကြားပို့ချရေးဗဟိုကော်မတီက ကြီးမှူး၍ ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဓမ္မစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခြင်းနှင့် မက္ကရ်ဆံကရန္တိ(ခ)ပွန်ဂလ်ပွဲတော်အခမ်းအနားတစ်ရပ်ကို ယဉ်ကျေးမှုပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပေးပါရန် မိဘပြည်သူအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီ
နေရာ - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးမြင့်၏ ပတ်စပို့နံပါတ် A-၃၁၇၈၆၂သည် ရန်ကုန်မြို့တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၇၇၁၄၉၊
၀၉-၅၁၅၉၉၆၀၊ ၀၉-၅၁၅၆၁၁၃

ကားကောင်း၊ ကားသန့် ရောင်းရန်ရှိသည်

Suzuki Swift (ပုံပြောင်း) 2011 Model
XG Grade (Silver) Con- 5(A/A)
(Km, ငါးထောင်ကျော်) ကျပ်သိန်း ၁၅၀
XL Grade (Black) Con-4(A/A)
(Km, 14000 ထောင်ကျော်)ကျပ် ၁၆၅သိန်း

ဖုန်း-၇၀၄၅၆၀၊
၀၉-၇၃၁၀၂၆၂၀

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၇၈၁၊ မြေကွက်တည်နေရာ အမှတ် ၇၈၁၊ ဇဋ္ဌိလ ၄လမ်း၊ ၁၆/၁ ရပ်ကွက်၊ သဃ်န်းကျွန်း ဦးမောင်မောင်ခိုင် ၁၂/သဃက(နိုင်)၀၀၅၇၁၆ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ခိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်လှိုင် ၁၂/သဃက(နိုင်)၀၀၅၃၁၁က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၃၀၇၊ မြေကွက်တည်နေရာ အမှတ် ၃၀၇၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးစိုးမြင့် N/OKA - ၀၂၄၀၈၆ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းရီ ၁၂/ဥကမ(နိုင်)၀၉၅၆၅၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ အမှတ်(F-4)နေ ဒေါ်နန်းငွေကြူ(ဘ)ဦးစိုင်းခို ၉/မရမ(နိုင်)၀၃၈၄၂၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄/၁၄၁၇၆/၂၀၁၂ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား



မှတ်ပုံတင်သွင်းကြေညာသူက ဖော်ပြပါ CUPID ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုသုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိ ရောင်းချမှုအား ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ထိုတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးအား ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ဖြန့်ချိရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ ဆင်တူယိုးမှားပြု၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ ထိုတားမြစ်ချက်များအား မလိုက်နာဘဲ ပြုလုပ်ရောင်းချပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည့်အပြင် မူလကုန်အမှတ်တံဆိပ်ပိုင်ရှင်တွင် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာဆုံးရှုံးမှုမှန်သမျှ လျော်ကြေးငွေများ ပေးလျော်ရမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဒေါ်နန်းငွေကြူ
၉/မရမ(နိုင်)၀၃၈၄၂၄

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမြင့် LL.M
အထက်တန်းရှေ့နေ (လိုင်စင်အမှတ်-၂၀၆၆၂)
အခန်း(အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ်(၅၀)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၆၃၅၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၃၀)အတွက် သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၀)ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့် ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်း တက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ (Protocol)၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း(International Conferencing)၊ သံတမန်စာပေးစာယူဆက်သွယ်မှု (Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ (Negotiating Techniques) စသည့် ဘာသာရပ်များကို အထူးပြု သင်ကြားပေးမည်ဖြစ်ပါသည်။

၁။ တက်ရောက်နိုင်သူများ - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်)
၂။ သင်တန်းကာလ - ရက်သတ္တ (၁၂)ပတ်
၃။ သင်တန်းနေရာ - မဟောသဓာ ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး လျှောက်လွှာများကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား လက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရဋ္ဌဝတီလမ်းနေ ဒေါ်သန်းရွှေက တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ်(၁၅/၁၆)နေ ဒေါ်ကျင်မေ(ခ)ဒေါ်ခင်ဖြူဝင်း ၁၃/တကန(နိုင်)၀၆၆၈၈၈ ထံသို့ လွှဲအပ်ထားသော ၂၁-၆-၂၀၁၁ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၈/၂၀၁၁) အား ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း။

ဒေါ်သန်းရွှေ ၁၃/တကန(နိုင်)၀၂၇၀၉၆

အားကစားသတင်း အတိုအထွာ

❑ ဘလက်ပူးအသင်း တောင်ပံကစားသမား တွမ်အင့်အား ဆွမ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၇ သန်းဖြင့် ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

❑ ကျူပီအာအသင်းက ခေါ်ယူရန်ကြိုးစားနေသော ပြင်သစ်ကွင်းလယ်ကစားသမား အမ်ဗီလာအား ပေါင် ၇ ဒသမ ၃ သန်းသာ ဈေးပေးသဖြင့် ရောင်းချမည်မဟုတ်ကြောင်း ရင်းနက်စ်အသင်းက ပြောကြားသည်။

❑ ရီးရဲမက်ဒရစ်မှ ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းဖြင့် ခေါ်ယူရန် ချယ်လ်ဆီးက ကြိုးစားလျက်ရှိသည်။

❑ အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ ဂယ်လီရာနီက ၃၄ နှစ်အရွယ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာအား ခေါ်ယူရန်ကြိုးစားလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

❑ စပါးအသင်းသည် ၂၄ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ဝီလျံကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❑ ၂၃ နှစ်အရွယ်ရှိ ဝက်စ်ဟမ်းနောက်ခံလူ ဂျိမ်းတွမ်ကင်စ်ကို နယူးကာဆယ်အသင်းက ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

❑ အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး ချာလ်တန်ကိုးကို ရက်ဒင်းနှင့် နော့ဝှစ်အသင်းတို့က ခေါ်ယူစာချုပ်နိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။

❑ ဗီလာအသင်းသည် စပါးနောက်ခံလူ စကော့ပါကာနှင့် မန်စီးတီးနောက်ခံလူ ဂျိုလီရွန်တို့အား ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

❑ ၃၂ နှစ်အရွယ်ရှိ ဘာမင်ဂမ်တိုက်စစ်မှူး ဇီဂစ်ကို ဗီလာရီးရဲအသင်းသို့ ပြန်လည်ကစားခွင့်ပြုမည်ဖြစ်ကြောင်း ဘာမင်ဂမ်အသင်းက သတင်းထုတ်ပြန်သည်။

❑ ဆန်းဒါးလန်းကွင်းလယ်ကစားသမား ဆစ်ဆိုကိုကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❑ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်သည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း အသင်းခေါင်းဆောင် ဂျရတ်က ချီးကျူးပြောကြားသည်။

❑ ဖီဖာ၏ ၂၀၁၂ ခုနှစ် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမား ဆုချီးမြှင့်ပွဲတွင် ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာသည် ရီးရဲမက်ဒရစ် တိုက်စစ်မှူး စီရိုနယ်ဒိုအား ရှောင်ဖယ်နေခဲ့ကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

❑ ဘရာဇီးတိုက်စစ်မှူးဟောင်း ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုက မိမိသည် ဥရောပလိဂ်ပြိုင်ပွဲများတွင် ပရီမီယာလိဂ်ပြိုင်ပွဲများကို အနှစ်သက်ဆုံးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ မက်ဆီသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး၌ ရှိသင့်ရှိထိုက်သည့် ဘောလုံးပညာစွမ်းရည်နှင့် ဂိုးသွင်းစွမ်းရည်တို့တွင် မိမိထက်ပိုမိုကောင်းမွန်ကြောင်း ပြင်သစ်ဘောလုံးသမားဟောင်း ဇီဒန်းက ထုတ်ဖော်ပြောကြားသည်။

❑ ချယ်လ်ဆီးအသင်းကို ယခုနှစ် ဘောလုံးရာသီအကုန်၌ ပြုပြင်ပြောင်းလဲမှုအများအပြားပြုလုပ်မည်ဖြစ်ကြောင်း ပိုင်ရှင်အေဘရာမိုဗစ်ချ်က ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

အက်ဖ်အေဖလားအတွက် အိုးထရက်ဖို့ဒ်မှာ ခြေကုန်ထုတ်ရမယ့် မန်ယူ

ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေ အလေးအနက်တန်ဖိုးထားရတဲ့ အက်ဖ်အေဖလားပွဲစဉ်တွေရဲ့ တတိယအဆင့်ပြန်ကန်ပွဲစဉ်တွေကို ဇန်နဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်တွေမှာ သရေပွဲတွေဖြစ်ခဲ့လို့ အခုပြိုင်ပွဲတွေကတော့ ယှဉ်ပြိုင်မယ့်အသင်းတွေအတွက် ပြတ်သားတဲ့ရလဒ်ရရှိဖို့ ရေကုန်ရေခန်းနွှဲရမှာဖြစ်တာမို့ ရှိသမျှအင်အားထုတ်သုံးရမယ့် ပွဲစဉ်တွေဖြစ်နေပါတယ်။

မန်ယူနှင့် ဝက်စ်ဟမ်း

ပြီးခဲ့တဲ့ ဝက်စ်ဟမ်းကွင်းမှာ ကစားခဲ့ရတဲ့မန်ယူတို့ သရေပွဲဖြစ်အောင် နောက်ဆုံးအချိန်အထိ ခက်ခဲစွာ အားထည့်ရုန်းကန်ခဲ့ရတာ ပူပူနွေးနွေး အမှတ်ရနေစေတာမို့ ဒီပွဲမှာ ဖာဂူဆန်သတိထားပြီး ပွဲထွက်ကစားသမားတွေ ရွေးချယ်ခင်းကျင်းမှာဖြစ်ပါတယ်။ မန်ယူဟာ အိမ်ကွင်းကစားခဲ့တဲ့ပွဲတွေမှာ အနိုင်ရအောင် ကြိုးကြိုးစားစား ကစားတတ်တာမို့ ဒီပွဲကိုလည်း အားထည့်မှာသေချာပါတယ်။ ဝက်စ်ဟမ်းတို့က မန်ယူနဲ့ဆိုတိုင်း ပွဲကျပ်ဖြစ်အောင် ကစားနိုင်တဲ့ အသင်းဖြစ်ပြီး အထနေးတဲ့မန်ယူကို ဘယ်လိုကစားရမလဲဆိုတာ သိရှိနေပါတယ်။ ဒီပွဲမှာ မန်ယူတို့ အားသာချက်ရှိနေသလို ဝက်စ်ဟမ်းတို့ကလည်း အဝင်အထွက်ရဲရဲနဲ့ ရင်ဆိုင်မှာမို့ မန်ယူတို့ သတိထားပြီး ကစားရမယ့်ပွဲဖြစ်ပါတယ်။

အာဆင်နယ်နှင့် ဆွမ်ဆီး

အသင်းကြီးတွေကို ကောင်းကောင်းဒုက္ခပေးတတ်တဲ့ ဆွမ်ဆီးဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့လို့ အိမ်ရှင်တို့ စိုးရိမ်စိတ်ရှိနေတာတော့ အမှန်ပါပဲ။ ဆွမ်ဆီးနဲ့ဆိုတိုင်း ခက်ခက်ခဲခဲကစားရတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာလည်းဆွမ်ဆီးရဲ့ ခြေကုန်ထုတ်မှုနဲ့ ရင်ဆိုင်ရမှာ သေချာနေပါတယ်။ ကစားသမားတွေရဲ့ စိတ်ဓာတ်မြင့်မားအောင် ပြန်လည်စုစည်းမြှင့်တင်နေတဲ့ နည်းပြအာစင်ဝင်းဂါးအတွက် မျှော်လင့်ချက်တွေ ပြည့်ဝနိုင်ပါ့မလား ကြည့်ရမယ့်ပွဲပါပဲ။

ဝက်စ်ဘရွန်းနှင့် ကျူပီအာ

ပြီးခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့ ကျူပီအာအတွက် အခုပွဲမှာ အဝေးကွင်းမှာ ကစားရတာဖြစ်တာမို့ ဝက်စ်ဘရွန်းရဲ့ထိုးစစ်ကို ဘယ်လိုတောင့်ခံနိုင်မလဲတွေ့ရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေရသလို အခုပွဲမှာလည်း ဝက်စ်ဘရွန်းကွင်းမှာ ကစားရမှာမို့ ကျူပီအာရဲ့ မျှော်လင့်ချက်တွေ အကောင်အထည်ဖော်ဖို့ဆိုတာ ခက်ခဲနေမှာ အမှန်ဖြစ်ပါတယ်။

ဘလက်ပူးနှင့် ဖူလ်ဟမ်

ဖူလ်ဟမ်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ ဘလက်ပူးတို့အတွက် အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ဘလက်ပူးတို့ခြေစွမ်းကလည်း အိမ်ကွင်းဆိုပေမယ့် စိတ်မချရတာမို့ ဖူလ်ဟမ်ရဲ့တိုက်စစ်အောက်မှာ ဘလက်ပူး ခံစစ်မှူးတွေ ပျာယာခတ်နေအောင် ကြိုးစားဟန့်တားနေရမလားဆိုတာ ကြည့်ရှုအားပေးရမယ့်ပွဲဖြစ်ပါတယ်။

ဆန်းဒါးလန်းနှင့် ဘော်လ်တန်

ဆန်းဒါးလန်းတို့ ပြီးခဲ့တဲ့ပွဲမှာ ဘော်လ်တန်ကို နှစ်ဂိုးစီသရေကစားထားတဲ့ ခြေစွမ်းက ကောင်းမွန်နေပါတယ်။ အခု ဆန်းဒါးလန်းကွင်းမှာ ကစားရမှာမို့ ဆန်းဒါးလန်းတို့ သေသေချာချာ ပြင်ဆင်ကစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ဘော်လ်တန် တိုက်စစ်မှူးတွေက မထင်မှတ်တဲ့ရလဒ်ကို ဖန်တီးနိုင်ကြသူတွေဖြစ်တာမို့ နှစ်သင်းစလုံး အမှားအယွင်းနည်းအောင် ကစားကြရမှာဖြစ်ပါတယ်။

စတုတ်နှင့် ခရစ္စတယ်ပဲလေ့

နှစ်သင်းစလုံး တိုက်စစ်၊ ခံစစ်တွေ အသီးသီး ခြေစွမ်းတူညီနေကြလို့ ပွဲရလဒ်ကလည်း ပြီးခဲ့တဲ့ ပွဲစဉ်မှာ ရလဒ်မပြတ်သားခဲ့ပါဘူး။ အခုဒီပွဲမှာ စတုတ်တို့ ခြေကုန်ထုတ်ပြီး နောက်တစ်ဆင့်တက်ရေး ကြိုးစားမှာမို့ ခရစ္စတယ်ပဲလေ့တို့ သေသေချာချာ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ဒီပွဲမှာ စတုတ်တို့ကလည်း မျှော်လင့်နေသလို ခရစ္စတယ်ပဲလေ့တို့ကလည်း အားထုတ်မှုကို လျှော့မှာမဟုတ်တဲ့အတွက် ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။

ဘာမင်ဂမ်နှင့် လိဒ်ယူနိုက်တက်

ဘာမင်ဂမ်တို့ဟာ အခုပွဲမှာ အနိုင်ရလဒ်ကိုဖန်တီးနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ဘာမင်ဂမ်ဟာ အိမ်ကွင်း ခြေစွမ်းမာကျောပြီး တိုက်စစ်မှူးတွေရဲ့ တိုက်ပွဲဝင်စိတ်ကလည်း ဆူဝေပြင်းထန် နေတတ်တာမို့ ဒီပွဲရဲ့ ပရိသတ်အဖြစ် ဘာမင်ဂမ်ဘက်မှာ ရပ်ရမှာဖြစ်ပေမယ့် လိဒ်ယူနိုက်တက်ရဲ့ တိုက်စစ်ခြေစွမ်းကိုလည်း လျှော့တွက်လို့တော့မရတာ အမှန်ပါပဲ။

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ တိုက်အမှတ် ၇၊ ငါးလွှာ၊ အကျယ်အဝန်း (၂၂×၅၇)ပေရှိ ကိုယ်ပိုင်ရေမော်တာနှင့် လျှပ်စစ်မီတာပါရှိသည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ဒေါ့ဒိမ် ၅/ကလထ(နိုင်)၀၁၀၃၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မရန်ဂျာဆိုင်း (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ (စဉ်-၂၉၆၀၅)
အမှတ် ၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၅၁၃၄

ဖခင် အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရပ်ကွက်(၁)၊ အမှတ် ၅၉၄မှ စောလားကပေါ်ရီး ၃/ကကရ(နိုင်)၀၈၃၉၄၀၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွား (ခ)ဦးစောစိန်ထွားသည် တစ်ဦးတည်းဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၂-၂၀၁၂ရက်ထုတ် စာမျက်နှာ(ဃ)တွင် ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါ အမှတ်စဉ်(၁၀) ဒေါ်ခင်အေးလွင်(ခ)လင်ဖီဟောင်၏ မြေကွက် (၂၄/၂၄) အစား (၂၃/၂၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်၊ စိန်ပန်းလမ်းရှိ စာချုပ်ဖြင့်ပိုင်ဆိုင်ထားသူ ဒေါ်သီရိအေးအေးဇော်ထံမှ အလျား ပေ၃၀×အနံ ပေ၃၀ရှိ မြေကွက်နှင့် အိမ်ကို ဝယ်ယူလိုပါသဖြင့် ကန့်ကွက်မည့်သူရှိက အထောက်အထားပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကြည်ကြည်လှိုင်
ဖုန်း-၀၉-၇၃၁၅၈၂၀၈

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀/သမိုင်း၊ မြေကွက်အမှတ် ၁၉/က၂/၁၁၊ မြေကွက်တည်နေရာ အမှတ်-၅၊ ပြည်လမ်း၊ ၇မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ် ဒေါ်ထွေးထွေး အမည်ပေါက် မြေပိုင်မြေ၊ လယ်ယာစိုက်ပျိုးမှုမှအပ အခြားကိစ္စအသုံးပြုရန်မြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ဦးသိုက်စိုး ၁၂/လကန(နိုင်)၀၁၆၄၇၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ရုံမှူးနေအိမ်နှင့် စက်ရုံအဆောက်အအုံအသစ်တည်ဆောက်ရေးအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ထပ်ဆင့်လွှင့်စက်ရုံ(၃)ရုံတွင် စက်ရုံမှူးနေအိမ် နှစ်လုံးနှင့် စက်ရုံအဆောက်အအုံအသစ်တစ်လုံးတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁-၂၀၁၃ရက်မှ ၁၇-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၇၉၁၃၅

အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄ (အောင်စေတီစီမံချက်)၊ မြေကွက်အမှတ် ၁/ခ B-၂၃၃အထူးဂရန်လျှောက်ထားခြင်းအတွက် ရန်ကုန်မြို့တော်ဘဏ်လီမိတက်သို့ စာရင်းအမှတ်DY-9၊ ချလန်အမှတ် CPL-၇၇ဖြင့် ၃၀-၁၁-၂၀၁၂ရက်တွင် တရားဝင်ငွေပေးသွင်းခွင့်ရရှိထားသော အမှတ် ၈၁၉၊ အောင်စေတီလမ်းသွယ်(၃)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် မြေချည်းသက်သက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင်ဒေါ်နိုင်နိုင်လွင် ၁၂/ကမရ(နိုင်)၀၄၁၁၀၂ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူသိရှိရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုံးမောင် (ဘီအက်စ်စီ၊ ဘီအယ်လ်)
တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် (စဉ်-၈၃၀)
အမှတ် (၃)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၁၂၉၈၂၊ ၀၉-၇၃၀၂၄၈၃၆၊ ၅၂၅၅၆၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၈/၆/၅၆၈ (က)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀×၆၀)မြေပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးမြင့်လွင် ၁၂/အစန(နိုင်)၁၂၁၅၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောမှတ်ပုံတင်၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခမ်းလှိုင်
B.Pharm, B.Sc., B.A, D.B.L,H.G.P.
အထက်တန်းရှေ့နေ(စဉ်-၂၂၀၉၁)
အမှတ် (၆၀-၆၁)၊ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၆၆၇၅၈၃၊ ၀၉-၇၃၁၀၀၂၆၄

မဇာဇာဝင်းနှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၈၊ ၂၇×၂၈လမ်းကြား၊ ၈၃လမ်း၊ ကြယ်တိုက်ဝင်း၊ တိုက်ဖြူနေ ဦးမိုဟာမက်စလင်း(ခ) ဦးရဲထွန်း တီဂျီကေအင်န်-၀၅၅၁၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမိုဟာမက်စလင်း(ခ)ဦးရဲထွန်းသည် ၂၀၀၁ ခုနှစ်ကတည်းက မဇာဇာဝင်း တီဂျီကေအင်န်-၀၆၈၂၁၃ နှင့် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီးသုံးဦးထွန်းကားခဲ့ပြီး မန္တလေးမြို့တွင် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

၅-၁၂-၂၀၁၂ရက်က ဦးမိုဟာမက်စလင်း(ခ)ဦးရဲထွန်း၏ဇနီး မဇာဇာဝင်းအား ဦးရှော်မိုလွတ်နှင့် ဒေါ်အိုက်ရာတို့ လင်မယားမှ ရန်ကုန်မြို့သို့ အလည်အပတ်သွားရန်အတွက်ဟု ပြောဆိုခွင့်တောင်းပြီး ခေါ်ဆောင်သွားခဲ့ရာ ယနေ့အချိန်အထိ မဇာဇာဝင်းမှာခင်ပွန်းဖြစ်သူ ဦးမိုဟာမက်စလင်း(ခ)ဦးရဲထွန်းထံသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။

ခင်ပွန်းဖြစ်သူမှ ဖုန်းဆက်ခေါ်ယူခြင်း၊ လူလွှတ်ခေါ်ယူခြင်းပြုသည့်အခါတွင်လည်း ဦးရှော်မိုလွတ်နှင့် ဒေါ်အိုက်ရာတို့မှ မချေမငံ ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုပြီး မိုဟာမက်စလင်း(ခ) ဦးရဲထွန်း၏ ဇနီးမဇာဇာဝင်းကို ခင်ပွန်းဖြစ်သူထံသို့ ပြန်ခွင့်မပြုခဲ့ပါ။

သို့ဖြစ်ပါ၍ မဇာဇာဝင်းကို သွေးဆောင်ဖြားယောင်းပြီး ရန်ကုန်မြို့သို့ခေါ်ဆောင်သွားသောသူများနှင့်လက်ခံထားရှိထားသောသူများအနေဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း မဇာဇာဝင်း၏ တရားဝင်ခင်ပွန်းဖြစ်သော မိုဟာမက်စလင်း(ခ)ဦးရဲထွန်းထံသို့ ပြန်လည်ပို့ဆောင်ပေးရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ထားသော နေ့ရက်အတွင်း ပြန်လည်ပို့ဆောင်ခြင်း မပြုပါက တည်ဆဲတရားဥပဒေများနှင့်အညီ အမှုဖွင့်တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သက်ဆိုင်သူများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ညီညီ LL.B, D.B.L LL.B
ဦးမျိုးမြင့်
ဦးနေဝင်းသန့် LL.B, LL.M, D.B.L

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၂၁၊ ၆၃ လမ်း၊ ၂၆×၂၇ လမ်းကြား၊ မန္တလေးမြို့
ဖုန်း-၀၂-၃၃၉၉၀၊ ၀၂-၇၂၇၇၉၊ ၀၉-၂၀၂၄၅၁၅၊ ၀၉-၂၀၁၄၃၄၆၊ ၀၉-၂၀၃၈၇၈၆၊
E-mail: zarniaung@mandalay.net.mm.

ပြည်တွင်းသတင်း

ကျောက်တန်းမြို့ဦးကာဏန်းမွေးမြူရေး အအေးခန်းစက်ရုံ မီးလောင်မှုဖြစ်ပွား

ကျောက်တန်း ဇန်နဝါရီ ၁၂

ယမန်နေ့ညနေ ၄ နာရီ မိနစ် ၂၀ က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ သီတာမြိုင်ရပ်ကွက် သဘော်ဖျက်စက်ရုံလမ်း မွေးမြူရေးဇုန်အတွင်းရှိ အောင်မိုးခိုင်ကဏန်းမွေးမြူရေး အအေးခန်းစက်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါအအေးခန်းစက်ရုံအတွင်းရှိ အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှုမှ အပူချိန်မြင့်တက်ပြီး မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း ရန်ကုန်မီးသတ်ဌာနချုပ်မှ မီးသတ်ယာဉ် ၁၁ စီးအပါအဝင် ကျောက်တန်း၊ သန်လျင်၊ ကျောက်တံတား၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ သာကေတမြို့တို့မှ စုစုပေါင်း မီးသတ်ယာဉ် ၁၉ စီး၊ ရေသယ်ယာဉ် နှစ်စီးဖြင့် သန္ဓေမီးသတ်အင်အား ၁၅၂ ဦး အရန်မီးသတ်အင်အား ၁၀၀ တို့၏ ငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီ ၁၈ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် စက်ရုံအတွင်းရှိ အအေးခန်းတစ်ခန်းနှင့် ပရိဘောဂများ တန်ဖိုးငွေကျပ် သိန်း ၁၅၀ ခန့် ဆုံးရှုံးပြီး လူတိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်ရုံမှူး ဦးအောင်ရွှေအား ကျောက်တန်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၁၉)**

အရှိန်ပြင်းစွာမောင်းသည့်ဆိုင်ကယ် အခြားဆိုင်ကယ်ကိုဝင်တိုက်

လွိုင်လင် ဇန်နဝါရီ ၁၂

လွိုင်လင်မြို့တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲခန့်က မင်းလမ်းတွင် ဆိုင်ကယ်နှစ်စီး တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ လွိုင်လင်မြို့ မင်းလမ်းတွင် တောင်ဘက်မှ မြောက်ဘက်သို့ ကိုရင်နှစ်ပါးစီးနင်းလာသည့်ဆိုင်ကယ်သည် ယာဉ်ကြောအတိုင်းပြန်ဝင်ရန် လမ်းလယ်အုတ်ခုံများအကြား ဖြတ်မောင်းနှင်စဉ် မြောက်ဘက်သို့ အရှိန်ပြင်းစွာမောင်းနှင်လာသည့်ဆိုင်ကယ်က ဖြတ်တိုက်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ အရှိန်ပြင်းစွာဝင်တိုက်သည့်ဆိုင်ကယ်သည် မြေပြင်မှ အမြင့်သုံးပေအထိ မြောက်တက်ပြီး ပေ ၃၀ အကွာတွင် လမ်း၏အရှေ့ဘက် ပလက်ဖောင်းအနီးတွင် ပြန်ကျသော်လည်း ၄င်းမှာ တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ ကိုရင်နှစ်ပါးအနက် တစ်ပါးမှာ ခေတ္တသတိလစ်မေ့မြောသွားပြီး ပြန်သတိရချိန်တွင် အနီးအနားရှိပြည်သူများက ဆေးရုံသို့ပို့ဆောင်ပေး၍ ဆေးကုသမှု ခံယူလျက်ရှိပြီး သတ်မှတ်နှုန်းထက်ပိုပြီး ဆိုင်ကယ်ကို အရှိန်ပြင်းစွာမောင်းနှင်သူကို ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဦးမိုးလွင်

စာပေဟောပြောပွဲ ထားဝယ်တွင် ကျင်းပမည်

ထားဝယ် ဇန်နဝါရီ ၁၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(DDPC)၏ ပံ့ပိုးကူညီမှုဖြင့် ထားဝယ်မြို့နယ် စာရေးဆရာအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက်တွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် အမှတ်(၁) အထကနှင့် ထားဝယ်ပညာရေးကောလိပ်၌ လည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် အမှတ်(၃) အထက၌လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် ရှင်မုတ္တီးကျေးရွာအုပ်စု စော်ဝကျေးရွာ ပညာအလင်း စာကြည့်တိုက်၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဟောပြော

စာပေဟောပြောပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ လယ်တွင်းသားစောချစ်(ဦးတင်လှိုင်)နှင့် မြင်းမူ မောင်နိုင်မိုး (ဦးအုန်းမောင်) တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။

(ဖိုးရွှေသွန်း-ထားဝယ်)

ကော့ကရိတ်၌ ဥပဒေရေးရာဆွေးနွေး

ကော့ကရိတ် ဇန်နဝါရီ ၁၂

ကော့ကရိတ်ခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးဝင်းကြွေသည် ကော့ကရိတ်ခရိုင် ဥပဒေရေးရာဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကို ပြည်သူများသိရှိနားလည်လိုက်နာ ကျင့်သုံးလာစေရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

မီးမီး(လှိုင်)

မျက်စိလည်လမ်းမှားလာသော လင်းတငှက် လွိုင်လင်၌ တွေ့ရှိ

လွိုင်လင် ဇန်နဝါရီ ၁၂

ဇန်နဝါရီလဆန်းပိုင်းခန့်က လွိုင်လင်မြို့နှင့် ရှစ်မိုင်ခန့်အကွာ အမြင့် ၆၁၀၀ ပေရှိသည့် မိုက်ခရိုဝေ့ဖ် စခန်းတွင် လင်းတငှက်နှစ်ကောင် ပျံသန်းလာစဉ် တစ်ကောင်သည် ဆက်လက်၍ ပျံသန်းနိုင်ခြင်းမရှိတော့ဘဲ မိုက်ခရို ဝေ့ဖ်စခန်းအနီး ကျကျန်ခဲ့ရာ ဆက်သွယ်ရေးဝန်ထမ်းများက ယင်းလင်းတငှက်ကို အစာအာဟာရများ ကျွေးမွေးပြီး စောင့်ရှောက်ထားသည်။



အဆိုပါ လင်းတငှက်ကြီး **(အပေါ်ယာပုံ)**လွိုင်လင်မြို့သို့ ရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်၍ သတင်းဓာတ်ပုံရိုက်ကူးပြီး မှတ်တမ်းတင်ခဲ့သည်။

အဆိုပါလင်းတငှက်ကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိသည်။ ယင်းလင်းတငှက်သည် တောင်ပံ နှစ်ဖက်ဖြန့်လိုက်ပါက အလျားခြောက်ပေနီးပါးရှိပြီး တစ်နေ့လျှင် အသားစိမ်း နှစ်ဆယ့်ငါးကျပ်သားခန့် စားသုံးကြောင်း သိရှိရသည်။

မိုးလွင်ဦး(လွိုင်လင်)

MRTV-4

၁၃-၁-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၃၀ ဘဝအရှုပ်ကို ဘယ်လိုရှင်းမလဲ တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆း၂၅ မိုးကောင်းဆုတောင်းပြည့် စေတီတော်၏ (၁၂၀)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
- ၇း၃၀ MRTV-4 သတင်း
- ၈း၅၀ ဝေလေ့ရိုးရာ မမေ့သာ
- ၉း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ

အထာအသစ်နဲ့ နှစ်ခါချစ်မယ်

- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၂း၁၅ Kid's Show
- ၁း၀၀ ဘဝအရှုပ်ကို ဘယ်လိုရှင်းမလဲ တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၃း၀၅ Cafe's NAPOLI
- ၃း၁၀ အလှအပနှင့် ကျန်းမာရေးအတွက် June Rose
- ၃း၃၀ World on the Street
- ၅း၀၅ Fashion Week Hera Beauty & Spa (Part-3)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ အနုပညာမိုးကောင်းကင်
- ၇း၃၅ သွားမယ် စားမယ် (Aquarium Seafood)
- ၈း၀၀ MRTV-4 သတင်း
- ၈း၁၀ Sunday Talk (ဦးလှခိုင်၊ ဒေါက်တာ ဇာနည်မင်း၊ မျိုးမြတ်သူ)
- ၁၀း၃၀ Barclays Premier League Arsenal Vs Man City (Live)
- ၁၂း၅၀ Word of Knowledge (Wicked Tuna: Pirate Problems)
- ၁း၄၀ **တက်ကြွကျန်းမာအသက်ရှည်ပါ** ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ အကယ်ဒမီ ချိုပြုံး၊ နန်းဆုရတီစိုး
- ၂း၄၅ ကျွန်ပြုခြင်း လူကုန်ကူးမှုဆိုင်ရာ ပညာပေးဇာတ်လမ်း
- ၃း၃၅ Rainforest Homeland (အပိုင်း-၂)
- ၄း၁၀ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၀၀	Man U-Liverpool	(ESPN)
၁၀း၃၀	Arsenal -Man City	(ESPN)(MRTV-4)

မီး
သတိပြု

ဘောဂသိဒ္ဓိဟိုတယ်(ပုဂံ)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဘောဂသိဒ္ဓိ Hotel (Bagan) အား ၁၂-၁-၂၀၁၃ရက် (စနေနေ့) ကရင်နှစ်သစ်ကူးနေ့တွင် အမှတ် (၁၀)၊ မြတ်လေးလမ်း၊ အနော်ရထာရပ်ကွက် (နရသိခ်အရပ်)၊ ပုဂံမြို့သစ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရှေ့ဆက်၍ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်း

ကျောင်းသင်ခန်းစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမည်။ပထမပိုင်းမှာ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံကို တင်ပြပြီး ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံ ဖြေဆိုနည်းနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က) နှင့် အပိုင်း (ခ) ဟူ၍ နှစ်ပိုင်းခွဲခြားမေးထားပါသည်။ အပိုင်း(က) တွင် မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း နှစ်ပုဒ်မေးထားပါသည်။ မေးခွန်းနံပါတ် (၁) နှင့် မေးခွန်းနံပါတ် (၂) ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)ကို (၃)မျိုးခွဲခြားထားရာ ပေးထားသည့် ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမည့် မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနှင့် ရွေးချယ်မှုမေးခွန်းတို့ ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၂)မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် အဓိပ္ပာယ်ဖွင့်ဆိုရမည့် ဝေါဟာရများကို ပေးထားပြီး ယင်းတို့အထဲမှ နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ ဒသမတန်း ဘောဂဗေဒသင်ရိုးစာအုပ်တွင် ရေးသားဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တိတိကျကျပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် ရရှိနိုင်မှာ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၏ အပိုင်း(က) တွင် မေးထားသည့် မေးခွန်းနံပါတ် (၁) နှင့် မေးခွန်းနံပါတ်(၂)တွင် ပါဝင်သည့်မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုး စာအုပ်ပါ အခန်း (၆) ခန်းစလုံးနှင့် သက်ဆိုင်သော မေးခွန်းများဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁) နှင့် မေးခွန်းနံပါတ်(၂) နှစ်ပုဒ်ပေါင်းအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀) ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် မေးခွန်းနံပါတ် (၂) ကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်(၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ်ပေးထားပါသည်။ မေးခွန်း နံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါသည်။ ထို(၄)ပုဒ်မှ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါသည်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့မှာ ပုံစံတူ မေးခွန်းများဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီတွင် (က) နှင့် (ခ) ဟူ၍ အပိုင်းနှစ်ပိုင်းစီ ပါဝင်ပြီး (က) အပိုင်းသည် မေးခွန်းရှည်ဖြစ်ပြီး (ခ) အပိုင်းသည် မေးခွန်းတို(၄)ပုဒ် မေးထားပါသည်။ ဤ (ခ) အပိုင်းမေးခွန်းတိုသည် မှတ်စုတိုရေးရန်ဖြစ်ပြီး ယင်းမေးခွန်းတို(၄)ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂) ပုဒ် ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် (က)အပိုင်း မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုပါက (ခ) အပိုင်းမှ မှတ်စုတိုမေးခွန်း(၂)ပုဒ်ကို ဖြေဆိုရန် မလိုသကဲ့သို့ (ခ)အပိုင်း၏ မေးခွန်းတို(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုပါကလည်း (က)အပိုင်း၏ မေးခွန်းရှည်ကို ဖြေဆိုရန် မလိုပါ။ (က) အပိုင်းမေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး (ခ) အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်လျှင် (၁၀)မှတ်နှင့် နှစ်ပုဒ်အတွက် အမှတ်(၂၀) ပေးထားပါသည်။

နောက်ဆုံးမေးခွန်းဖြစ်သည့် မေးခွန်းနံပါတ် (၆) သည် ဉာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားသည့် စာရင်းအင်းကိန်းဂဏန်းများကိုအခြေခံပြီး မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ် ဖြေဆိုခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၆)တွင် မေးခွန်း (၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး၊ ယင်း (၃)ပုဒ်မှ နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းပုစ္ဆာများ ဖြေဆိုပါကလည်း ပုစ္ဆာတစ်ပုဒ်လျှင် (၁၀)မှတ်စီနှင့် နှစ်ပုဒ်အတွက် အမှတ်(၂၀) ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၏ အပိုင်း(ခ)အတွက် ပေးမှတ်စုစုပေါင်းမှာ အမှတ်(၆၀) ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကို ခြုံပြီးပြောရလျှင် မေးခွန်းအမျိုးအစား (၅) မျိုး ပါဝင်သည့် မေးခွန်း (၆) ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်ပါသည်။ မေးခွန်းအမျိုးအစား (၅) မျိုးမှာ (၁)ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်မေးခွန်းနှင့် (၅) ဉာဏ်စမ်းမေးခွန်းတို့ ဖြစ်ပါသည်။ မေးထားသည့်မေးခွန်း (၆)ပုဒ်အနက် အပိုင်း(က)တွင် ပါဝင်သည့် မေးခွန်းနံပါတ် (၁) နှင့် မေးခွန်းနံပါတ် (၂) တို့သည် မဖြေမနေရ မေးခွန်းများဖြစ်ပြီး အပိုင်း(ခ)တွင် ပါဝင်သည့် မေးခွန်း(၄)ပုဒ်မှ မိမိနှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည့်အတွက် စုစုပေါင်း မေးခွန်း (၅) ပုဒ်ဖြေဆိုရမည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သည့် မေးခွန်း(၆)ပုဒ်ကို ဖြေဆိုသည့်အခါ မည်ကဲ့သို့ ဖြေဆိုရမည်ကို မေးခွန်းတစ်ပုဒ်ချင်းစီ ရှင်းလင်းသွားပါမည်။

မေးခွန်းနံပါတ် (၁-က) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်သည့် မှား/မှန် မေးခွန်းဖြစ်၍ ဖြေဆိုသည့်အခါ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက် နားလည်အောင် စဉ်းစားပြီးမှ (မှား) သို့မဟုတ် (မှန်) ဟု ဖြေဆိုရမည်။ ဥပမာ-

'ပညာရေး၊ အလှုပြုပြင်ရေးစသည့် ဝန်ဆောင်မှုများသည် ဒြပ်မဲ့အရာများ ဖြစ်သည်။' ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ 'မှန်' ဖြစ်ပါတယ်။ အဘယ်ကြောင့် 'မှန်' တယ်ဆိုတာကို ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း(၁) အပိုင်း(၁-၂)မှာ 'ဝန်ဆောင်မှုများမှာ ကျန်းမာရေး၊ ပညာရေး၊ အလှုပြုပြင်ရေး စသည့် ဒြပ်မဲ့အရာများကို ဆိုလိုသည်။' ဟု ဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါတယ်။ သို့ဖြစ်၍ မေးထားတဲ့ မေးခွန်းအတွက် အဖြေမှန်မှာ 'မှန်' လို့ ဖြေဆိုရမှာဖြစ်ပါသည်။

မေးခွန်းနံပါတ်(၁-ခ) သည် ကွက်လပ်ဖြည့်မေးခွန်းဖြစ်ပြီး ဖြေဆိုရာတွင် ပေးထားသည့် စာကြောင်း၏ ကွက်လပ်ထဲတွင် တိကျသောစကားလုံးများကို ရေးသားဖြည့်စွက်ရမည်ဖြစ်ပါသည်။ ဥပမာ- 'ဝင်ငွေတိုးလာသောအခါ ဝယ်လိုအားကျဆင်းသွားသော ကုန်စည်များကို-------ဟုခေါ်သည်။' ဟု မေးထားလျှင် ကွက်လပ်ဖြည့်ရမည့် စကားလုံးမှာ 'ကုန်ညံ့များ' ဟု ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းကို ပြဋ္ဌာန်းစာအုပ်၏ အခန်း(၂)အပိုင်း(၂-၃)တွင်ဖော်ပြထားပါသည်။ မေးခွန်းနံပါတ်(၁)(ဂ)မှ ရွေးချယ်မှုမေးခွန်းကို ဖြေဆိုရာတွင်လည်း အဖြေမှန်ဖြစ်သည့် အက္ခရာကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပြီး မေးခွန်းစာကြောင်းကို ပြန်လည်ကူးပေးရန် မလိုပါ။

ဥပမာ- 'ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပြင်ပသို့ ရွှေ့ပြောင်းခြင်းသည် (က) နိုင်ငံစီးပွားရေးတိုးတက်ခြင်း၊ (ခ) နိုင်ငံစီးပွားရေးကျဆင်းခြင်း၊ (ဂ) နိုင်ငံစီးပွားရေး မပြောင်းလဲခြင်းကြောင့်ဖြစ်သည်။' ဟု မေးထားလျှင် ဖြေဆိုရမည့် အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကို ပြဋ္ဌာန်းစာအုပ်၏ အခန်း(၁) အပိုင်း(၁-၄) တွင် ဖော်ပြထားပါသည်။ ဤမေးခွန်းတွင်လည်း အဖြေမှန်(က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ကိုသာ ဖြေရန်ဖြစ်ပြီး မေးခွန်းစာကြောင်းပြန်ကူးရန်မလိုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းအပိုင်း(က)တွင် မေးထားသည့်မေးခွန်း နံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာစာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ပေးထားသည်များကို လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းမှာပေးထားသည့် ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုသည့်အခါ ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားရမှာဖြစ်ပြီး အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာဖြစ်ပါသည်။ ဥပမာ'ဈေးကွက်စီးပွားရေးစနစ်'ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း 'ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်မျှထုတ်လုပ်မည်၊ မည်သည့်ကုန်ထုတ်နည်းလမ်းများကို အသုံးပြုမည် စသော အခြေခံစီးပွားရေးပြဿနာများကို ဆုံးဖြတ်ရာတွင် ဈေးကွက်အင်အားစုများဖြစ်သော ဝယ်လိုအားနှင့် ရောင်းလိုအားတို့က ပြဋ္ဌာန်းပေးသောဈေးနှုန်းများအပေါ် မူတည်၍ ဆုံးဖြတ်ကြသောစနစ်ဖြစ်သည်' ဟု ဖြေဆိုမှသာ အမှတ်ပြည့်ရမှာ ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) မှ မေးခွန်းရှည် သို့မဟုတ် မေးခွန်းတိုနှစ်ပုဒ်ကို ရွေးချယ် ဖြေဆိုရာတွင် မေးခွန်းမှာပါရှိသည့် အကြောင်းအရာနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမည်ဖြစ်ပါသည်။ ဥပမာ- အခွန်စည်းကြပ်ခြင်း၏ အခြေခံမူများကို မှတ်စုတိုရေးသားဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ အခွန်စည်းကြပ်ခြင်း၏ ရည်ရွယ်ချက်ဖော်ပြပြီး အခွန်စည်းကြပ်ခြင်း၏အခြေခံမူ (၃)မျိုးကို ဖော်ပြရှင်းလင်းရမည်ဖြစ်ပါသည်။ မေးခွန်းရှည် ဖြေဆိုပုံ ဥပမာပေးရမည်ဆိုလျှင် 'ဈေးကွက်၏လုပ်ဆောင်ချက်များကို ပြည့်စုံစွာရှင်းပြပါ။' ဟုမေးထားလျှင် ပထမဦးစွာ ဈေးကွက်၏ အဓိကလုပ်ဆောင်ချက် (၅)ချက်ကို ဖော်ပြရမည်။ ယင်းနောက် ဈေးကွက်၏လုပ်ဆောင်ချက်များကို ဆက်လက်ရှင်းပြရမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅) တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၁) မှ အခန်း (၆) ထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းစီမှ မေးထားခြင်းမျိုးမဟုတ်ဘဲ အခန်း (၁) မှ (၆) အထိ အကြောင်းအရာများကို ရောပြီး မေးထားနိုင်ပါသည်။

နောက်ဆုံးမေးခွန်းဖြစ်သည့် မေးခွန်းနံပါတ် (၆) ကို အထူးရှင်းပြလိုပါသည်။ မေးခွန်းနံပါတ် (၆) ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ် ဖြေဆိုရမှာ ဖြစ်ပါသည်။ မေးခွန်းများမှာပေးထားသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ/ပုံများရေးဆွဲခြင်း၊ တွက်ချက်ပြီးရရှိသည့်အဖြေများကို သုံးသပ်တင်ပြခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းတွင်ပေးထားသည့် ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများ ရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမည် ဖြစ်ပါသည်။

ဥပမာ-ဝယ်လိုအားနှင့် ရောင်းလိုအား ဆန်းစစ်မှုအခြေခံမူအခန်းမှ ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား ပြောင်းလဲခြင်းများကြောင့် အားမျှဈေးနှုန်းနှင့်အားမျှကုန်စည် အရေအတွက်တို့ကို ပြောင်းလဲစေနိုင်သောဖြစ်ရပ်များကို ဆန်းစစ်မေးနိုင်ပါသည်။ ဥပမာ-ရေလွှမ်းမိုးခြင်းကြောင့် စပါးဈေးကွက်၏ အားမျှအခြေအနေပေါ် အကျိုးသက်ရောက်ပုံကို ပုံဆွဲ၍ ဝေဖန်သုံးသပ်ပါ။ ဟု မေးထားပါက –

- **ပထမဦးစွာ အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်တို့နှင့်ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖော်ပြရန်လိုပါသည်။**
- **ယင်းဖြစ်ရပ်ကြောင့် ဈေးကွက်ပေါ်အကျိုးသက်ရောက်ပုံကို ပုံဖြင့် ရှင်းပြရန် လိုပါသည်။ ပေးထားသောဥပမာအရ ရေလွှမ်းမိုးခြင်းကြောင့် စပါးဈေးကွက်အပေါ် အကျိုးသက်ရောက်ပုံ** ကို ရှင်းပြရမည်ဆိုလျှင် -
- ရေလွှမ်းမိုးခြင်းသည် စပါးအထွက်(ထုတ်လုပ်မှု)-လျော့စေသည်။
- စပါးထုတ်လုပ်မှုလျော့နည်းခြင်းကြောင့် စပါးရောင်းလိုအားကို လျော့ကျစေသည်။
- ဝယ်လိုအား မပြောင်းလဲသော အခြေအနေတွင် ရောင်းလိုအား လျော့နည်းသွားခြင်းကြောင့် ရောင်းလိုအားမျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားသည်။
- ထို့ကြောင့် ဈေးကွက်တွင် အားမျှခြေအသစ်ဖြစ်ပေါ်ပြီး အားမျှဈေးနှုန်း မြင့်တက်လာပြီး အရောင်းအဝယ်ပြုလုပ်သော အားမျှကုန်စည်အရေအတွက် လျော့နည်းသွားသည်။
- အောက်ပါအတိုင်း ပုံနှင့်တကွရှင်းပြရန် လိုပါသည်။



ပုံတွင် DD သည် မူလဝယ်လိုအားမျဉ်းကွေး၊ SS သည် မူလရောင်းလိုအားမျဉ်းကွေးဖြစ်သည်။ DD နှင့် SS ဖြတ်ရာအမှတ် E သည် မူလအားမျှခြေအမှတ်ဖြစ်၍ မူလအားမျှ ဈေးနှုန်းသည် OP_0 ဖြစ်ပြီး၊ မူလအားမျှစပါးအရေအတွက်သည် OQ_0 ဖြစ်သည်။ သို့ရာတွင် ရေလွှမ်းမိုးခြင်းကြောင့် စပါးအထွက်လျော့သွားပြီး စပါးရောင်းလိုအား ကျဆင်းခြင်းကြောင့် မူလရောင်းလိုအား မျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားပြီး ရောင်းလိုအားမျဉ်းကွေးအသစ် S_1S_1 ကို ဖြစ်ပေါ်စေသည်။ S_1S_1 သည် DD မျဉ်းကွေးကို အမှတ် E_1 တွင်ဖြတ်၍ အားမျှဈေးနှုန်းအသစ် OP_1 နှင့် အားမျှစပါးအရေအတွက်အသစ် OQ_1 ကို ဖြစ်ပေါ်စေမည်။ ဤတွင် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် အားမျှဈေးနှုန်း OP_0 သည် OP_1 သို့မြင့်တက်လာပြီး၊ အားမျှအရေအတွက်သည် OQ_0 မှ OQ_1 သို့ လျော့နည်းသွား မည်ဖြစ်သည်။ ထို့ကြောင့် ရေလွှမ်းမိုးခြင်းသည် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် စပါးဈေးနှုန်း မြင့်တက်လာပြီး စပါးအရေအတွက် လျော့သွားမည်ဖြစ်ကြောင်း သုံးသပ်တင်ပြနိုင်ပါသည်။

အလျော့အတင်းပုစ္ဆာနှင့်ပတ်သက်ပြီး ဝယ်လိုအား အလျော့အတင်းနှင့် ပတ်သက်သော ပုစ္ဆာမေးနိုင်သလို ရောင်းလိုအား အလျော့အတင်းနဲ့ ပတ်သက်သော ပုစ္ဆာလည်း မေးနိုင်ပါသည်။

ဝယ်လိုအားအလျော့အတင်းနဲ့ပတ်သက်ပြီး ဝယ်လိုအား၏ ဈေးနှုန်း အလျော့ အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းတို့နဲ့ပတ်သက်သောမေးခွန်းများ မေးနိုင်သလို ရောင်းလိုအား အလျော့အတင်းနဲ့ ပတ်သက်ပြီး ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း တွက်ခိုင်းသည့်မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။

ဥပမာ- ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို လေ့လာမည်ဆိုပါက

လိမ္မော်သီးဈေးကွက်တွင် လိမ္မော်သီးဈေးနှုန်းသည် ကျပ်(၂၀၀)မှ ကျပ်(၁၅၀)သို့ ကျသွားသောအခါ လိမ္မော်သီး ဝယ်ယူမည့် အရေအတွက်သည် (၁၀)လုံး မှ (၁၅)လုံးသို့ တိုးလာပါက လိမ္မော်သီးဈေးနှုန်း ကျပ် ၂၀၀ ရှိ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို တွက်ချက်သုံးသပ်ပါ။

- ပထမဦးစွာဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖော်ပြရန်လိုပါသည်။
- ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုံသေနည်းကို ဖော်ပြရပါမည်။
- ယင်းဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုံသေနည်းတွင်ပေးထားသော ကိန်းဂဏန်းများကို အစားသွင်း၍ အဖြေရသည်အထိ တွက်ရပါမည်။
- ရရှိလာသောအဖြေကို သုံးသပ်ချက်ရေးရပါမည်။ သုံးသပ်ရာတွင် တွက်ချက်ရရှိထားသောအဖြေသည် တစ်ထက်ကြီးသလား။ တစ်ထက်ငယ်သလားကို ကြည့်ရမည်။ တစ်ထက်ကြီးလျှင် ဝယ်လိုအား အလျော့အတင်းများမည်။ တစ်ထက်ငယ်နေလျှင် ဝယ်လိုအား အလျော့အတင်းနည်းမည်။ ကုန်စည်တစ်ခုအတွက် ဈေးနှုန်းနှင့် ဝယ်ယူသောအရေအတွက်တို့သည် ပြောင်းပြန်ဆက်စပ်နေသည်ဖြစ်၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည်လည်း အမြဲလို အနုတ်တန်ဖိုးဖြစ်မည်။

စာမျက်နှာ ၁၆ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

သို့သော်လည်း ယင်းအလျော့အတင်း၏ အနုတ်လက္ခဏာကို လျစ်လျူရှုပြီး ပကတိတန်ဖိုးဖြင့်သာ သုံးသပ်ရပါမည်။

အထက်ပါဥပမာတွင် တွက်ချက်ထားသည့် လိမ္မော်သီး၏ဝယ်လိုအား အလျော့အတင်းသည် (၂)ဖြစ်ပြီး တစ်ထက်ကြီးသည့်အတွက် လိမ္မော်သီး၏ ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ ထိုဥပမာတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (-၂)ရှိသည်ဆိုသောအဓိပ္ပာယ်မှာ လိမ္မော်သီးဈေးနှုန်း (၁) ရာခိုင်နှုန်းကျလျှင် လိမ္မော်သီးဝယ်ယူသောအရေအတွက် (၂)ရာခိုင်နှုန်းတိုးလာမည်ဟု ဆိုလိုသည်။

အခန်း(၃) တိုင်းပြည်ဝင်ငွေနှင့် ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများပေးထားပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် GDP၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GNP ၊ အသားတင်တိုင်းပြည်ထုတ်ကုန် NNP ကို တွက်ချက်ခိုင်းသည့် မေးခွန်းမေးနိုင်ပါသည်။ ယင်းတို့ကို တွက်ချက်နိုင်ရန် တိုင်းပြည်ဝင်ငွေတွက်ချက်နည်း သုံးနည်းဖြစ်သည့် အသုံးစရိတ်နည်း၊ ကုန်ထွက်နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားရန်လိုပါသည်။

ဥပမာ(၂)- နိုင်ငံတစ်နိုင်ငံ၏ ၂၀၁၀ ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၂၀၀၅ ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
စားသုံးမှုတန်ဖိုး	၃၅၉၅၈
ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၁၂၆၃၅
အစိုးရအသုံးစရိတ်	၂၃၅၇၅
ပို့ကုန်တန်ဖိုး	၆၅၂၈
သွင်းကုန်တန်ဖိုး	၅၁၀၆
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	-၂၂၂
ပြုန်းတီးမှုတန်ဖိုး	၆၃၈၂

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်
(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်
(၃) အသားတင်တိုင်းပြည်ထုတ်ကုန်တို့ကိုတွက်ချက်ပါ။

(၁) ပထမဦးစွာ စုစုပေါင်းပြည်တွင်းထုတ်ကုန်၊ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်နှင့် အသားတင်တိုင်းပြည်ထုတ်ကုန်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ ထို့နောက်မှာ

စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP) = စားသုံးမှုတန်ဖိုး (C) + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (I) + အစိုးရအသုံးစရိတ်(G) + ပို့ကုန်တန်ဖိုး (X) – သွင်းကုန်တန်ဖိုး(M)

= ၃၅၉၅၈ + ၁၂၆၃၅ + ၂၃၅၇၅ + ၆၅၂၈ - ၅၁၀၆
= ၇၃၅၉၀ ကျပ်သန်းပေါင်း

အဖြေ။ ။စုစုပေါင်းပြည်တွင်းထုတ်ကုန် = ၇၃၅၉၀ ကျပ်သန်းပေါင်း

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန် (GNP) = စုစုပေါင်းပြည်တွင်းထုတ်ကုန် - နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေ
= GDP - NIPA
= ၇၃၅၉၀ - (- ၂၂၂)
= ၇၃၈၁၂ ကျပ်သန်းပေါင်း

အဖြေ။ ။စုစုပေါင်း တိုင်းပြည်ထုတ်ကုန် = ၇၃၈၁၂ ကျပ်သန်းပေါင်း

(၃)အသားတင်တိုင်းပြည်ထုတ်ကုန်(NNP)=စုစုပေါင်း တိုင်းပြည်ထုတ်ကုန် (GNP) - ပြုန်းတီးမှုတန်ဖိုး
= ၇၃၈၁၂ - ၆၃၈၂
= ၆၇၄၃၀ ကျပ်သန်းပေါင်း

အဖြေ။ ။ အသားတင်တိုင်းပြည်ထုတ်ကုန် = ၆၇၄၃၀ ကျပ်သန်းပေါင်း

အခန်း(၆)အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုနှင့်ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ချက်သည့် မေးခွန်းလည်း မေးနိုင်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုးတွက်ချက်မှုများကို သေသေချာချာမှတ်သားထားရန် လိုပါသည်။

ဥပမာအားဖြင့် -

၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေး ဆနှုန်းကိန်းမှာ ၉၅ ဒသမ ၇ ဖြစ်၍ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၉၂ ဒသမ ၂ ဖြစ်ခဲ့လျှင် ထိုနှစ်အတွက် ယင်းနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါ။ ဟူ၍မေးထားပါက

ပထမဦးစွာ ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရပါမည်။ထို့နောက် ကုန်ဖလှယ်မှုအချိုး၏ ပုံသေနည်းညီမျှခြင်းကို ရေးရပါမည်။

ကုန်ဖလှယ်မှုအချိုးကို အောက်ပါအတိုင်း တွက်ရပါမည်။

၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ရပါမည်။ တွက်ချက်သည့်အခါ ပေးထားချက်များဖြစ်သည့် -

၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပို့ကုန်ဈေးဆနှုန်းကိန်း =၉၅ ဒသမ ၇
သွင်းကုန်ဈေးဆနှုန်းကိန်း =၉၂ ဒသမ ၂ ရေးပြီး

အောက်ပါပုံသေနည်းတွင် အစားသွင်းခြင်းဖြင့် တွက်ချက်နိုင်ပါသည်။

$$\text{ကုန်ဖလှယ်မှုအချိုး} = \frac{\text{ပို့ကုန်ဈေးဆနှုန်းကိန်း}}{\text{သွင်းကုန်ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

$$= \frac{၉၅.၇}{၉၂ \text{ ဒသမ} ၂} \times ၁၀၀ = ၁၀၃ \text{ ဒသမ } ၇၉၆$$

အဖြေ =၂၀၀၉-၂၀၁၀ ခုနှစ်၏ ကုန်ဖလှယ်မှုအချိုး = ၁၀၃ ဒသမ ၇၉၆

ယင်းအဖြေကို သုံးသပ်ပြရပါမည်။ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပေးထားသော နိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးသည် ၁၀၃ ဒသမ ၇၉၆ ဖြစ်၍ ကုန်ဖလှယ်မှုအချိုး တိုးတက်လာပါသည်။ ထိုနိုင်ငံအတွက် ကုန်ဖလှယ်မှုအချိုး တိုးတက်လာသောကြောင့် အခွင့်သာစေပါသည်ဟု သုံးသပ်နိုင်ပါသည်။

တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားသော ဒသမတန်းဘောဂဗေဒစာအုပ်တွင်ပါသည့် အခန်းအားလုံးကို နားလည်သဘောပေါက်ပြီး ကျေညက်အောင် ဖတ်ရှုမှတ်သားထားပြီဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာ ဖြေဆိုနိုင်မှာ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘောဂဗေဒဘာသာရပ်ကို ဖြေဆိုကြမည့် တပည့်တို့ အခက်အခဲမရှိ ဖြေဆိုနိုင်ကြပြီး အောင်မြင်မှုများရပါစေလို့ ဆုတောင်းရင်း ယခုပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဂေါက်ကွင်းစားသောက်ဆိုင်လုပ်ငန်းဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်လုပ်ကိုင်ဆောင်ရွက်ရန် လေလံတင်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၃ ရက်မှ ၃၁-၁-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁-၂-၂၀၁၃ ရက် (သောကြာနေ့)
အချိန်နှင့်နေရာ - မွန်းတည့် ၁၂ နာရီ၊ သန်လျင်ဂေါက်ကလပ်၊ သန်လျင်မြို့။
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁-၂-၂၀၁၃ ရက် မွန်းလွဲ ၁နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးယာဉ်များဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးယာဉ်များကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။
(က) Turnkey Solutions - (4)Items
(ခ) STM-16 - (1)Card

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၈-၁-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပြည်တွင်းငွေဖြင့်စက်ပစ္စည်းများဝယ်ယူရေးနှင့်ဈေးနှုန်းစိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အမွေထိန်းစာ သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၉၁)
မြစ်ကြီးနားခရိုင်တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၈

ကွယ်လွန်သူ ဦးဖော်လာလ(ခ)လယန်လ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးဖော်လာဂမ်ရှောင်
အမှတ် (၁၇၃)၊ တပ်ကုန်းတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့ **လျှောက်ထားသူ**

အမှတ်(၁၇၃)၊ တပ်ကုန်းတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ဦးဖော်လာဂမ်ရှောင်က ကွယ်လွန်သူ ဦးဖော်လာလ(ခ)လယန်လ၏ဆွေမျိုး(တူဝရီး)ဖြစ်သည်ဟူ၍ အမှတ် ၉၉၊ တပ်ကုန်းတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ၎င်းကွယ်လွန်သူ ဦးဖော်လာလ(ခ)လယန်လမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေထိန်းစာ သက်သေခံအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဖော်လာလ(ခ)လယန်လမှာ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၁ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၀ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးဖော်လာဂမ်ရှောင်၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သဇင်ရွှေ
ခရိုင်တရားသူကြီး

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၁-၂၀၁၂ ရက် ဤသတင်းစာ၏ စာမျက်နှာ (၁၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၉) ဦးတင်ဇော်ဇော်အောင်၏ အမည်ပြောင်းတွင် မြေအမည်ပေါက်ဦးသိန်းအုပ်အစား ဦးမြင့်အောင်ထွန်းဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ကျိုင်းတုံ၊ အလက(၄)မှ မနန်းဆုရတီထွန်း (တတိယတန်း)နှင့် မောင်အောင်သူရထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝန်းဆေး(ခ) ထွန်းကိုကို ၁၃/ကတန(နိုင်)၀၉၀၆၇၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းဝန်းဆေး(ခ)ထွန်းကိုကို**

မန္တလေးတက္ကသိုလ်ညနေသင်တန်း အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မန္တလေးတက္ကသိုလ် ညနေသင်တန်းသို့ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်အသီးသီး၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား/သူများအားလုံး ပြန်လည်တွေ့ဆုံပြီး ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား **ပူဇော်ကန်တော့ပွဲ** ပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေများပါဝင်လှူဒါန်းပြီး **အာစရိယပူဇော်ပွဲအခမ်းအနား**သို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ - (၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်နေ့)၊ ၂၆-၁-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
ကျင်းပမည့်နေရာ - မန္တလေးတက္ကသိုလ်မွေ့ရုံ
ဆက်သွယ်ရန် -
ဦးသန်းကြွယ် ဖုန်း-၀၉-၉၁၀၁၂၇၅၃၊ ဦးဝင်းနိုင် ဖုန်း-၀၉-၄၀၂၅၄၉၈၂
ဦးကိုကိုဦး ဖုန်း-၀၉-၂၀၀၆၈၆၃၊ ဦးမြင့်စိုး ဖုန်း-၀၉-၂၀၃၅၈၉၁
ဦးကြည်စိုး ဖုန်း-၀၉-၄၃၁၄၁၃၃၃၊ ဦးဝင်းမော် ဖုန်း-၀၉-၄၃၀၉၉၄၆၀

Hotel Apple (Nay Pyi Taw)
Room Rate - 18000 Kyats
ph:09-8636624

အစီးရေ(၁၀၀၀)ကျော်
ကားပြပွဲကြီး(မြို့မကွင်း)
ကားပြပွဲသို့လာကြည့်ရှုဖြင့်လူတိုင်းကံစမ်းမဲတစ်စောင်အခမဲ့ရရှိမည်။ကားတစ်စီးဝယ်ယူရုံဖြင့်အထူးကံစမ်းမဲတစ်စောင်ရရှိမည်။
ပထမဆု TOYOTA BELTA ကားသစ်တစ်စီး အခြားဆုများ - တီဗွီ၊ဒီဗွီဒီ၊ရေခဲသေတ္တာနှင့်အခြားဆုမဲများ
နေ့ရက် - (24.1.13 မှ 27.1.13) နေရာ - မြို့မကွင်းကြီး၊ဦးဝိစာရလမ်း၊ရန်ကုန်မြို့
ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777,09-5099079

ကြော်ငြာ

မွေးနေ့ဆုမွန်လွှာ

၁၃ ရက်၊ ဇန်နဝါရီ ၂၀၁၃ (13 JAN 2013)တွင် ကျရောက်သော Power Prince Foodstuff Enterprise အား တာဝန်ကျေလည်စွာဖြင့်ဦးစီးလျက် ဝန်ထမ်းများအပေါ် စေတနာထားတတ်သူ အစ်မ **မဇာဇာလှိုင်း**မှဲ့ကိုင်ရှင် ဆရာ **ဦးဘိုဘိုထွေး**၏ ချစ်လှစွာသောဇနီးသည် ဤမွေးနေ့မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အလုပ်တာဝန်များကိုလည်း ဆတက်ထမ်းပိုး ဦးစီးဆောင်ရွက် တိုးတက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်.....

ချစ်ခင်ပွန်း-ဦးဘိုဘိုထွေးနှင့်
Power Prince ဝန်ထမ်းများအားလုံး

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

စင်ကာပူနိုင်ငံနေ ဦးတိုးရှိန်(Site co-ordinate Polyelectric Engineering Pte., Ltd, Singapore)-ဒေါ်သိန်းမြင့်(မော်လမြိုင်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရုံးအုပ်-အငြိမ်းစား)တို့၏သားကြီး

မောင်ထက်နေလင်း B.A (Psychology)
(Hp Elevator @ Engineering Plastic Ltd, Singapore)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဇီဝကလမ်းနေ Captain ဦးကိုကိုနိုင်(UAE)-ဒေါ်မော်မော်ထွန်း တို့၏ တစ်ဦးတည်းသောသမီး

မရူပါ B.A (Myan)
Accounting (UK), MYOB

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၃-၁၀-၂၀၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်ထပ်ပြီးစီးပြီးဖြစ်ကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထက်နေလင်း-မရူပါ

အောင်ထူးဆန်းဟောစခန်းဌာန
AUNG HTUSAN PREDICTION CENTER
အောင်ခြင်းမင်္ဂလာ
နဂါးအာရုံစိတ်ရှင်ဗေဒပညာဝါရမီရှင်
Mind reader through Occult Science

သားသမီးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်စာမေးပွဲ၊ စီးပွားရေး၊ တပ္ပကြီး ပွဲရုံ၊ ဈေးဆိုင်၊ အိမ်၊ ခြံ၊ မြေကားနှင့် အရောင်းအဝယ်၊ အနုပညာ၊ ပြည်တွင်းပြည်ပအလုပ်အကိုင်နှင့်ရာထူး အပြောင်းအရွှေ့၊ အမှုအခင်း၊ အိမ်ထောင်ရေး၊ ချစ်ရေး၊ အခက်အခဲများနှင့် ကိစ္စအထွေထွေတို့ကို ကျွန်ုပ်၏ လွန်စွာအစွမ်းထက်သော ဝိဇ္ဇာနည်းပညာသိဒ္ဓိ အစီအရင်(Occult Treatment) ဖြင့် ...

ယည္ရှသို့ ... ကြေညာ ➡ မေးမြန်းရန်

အမှတ်(၃၈)၊ (၆)လွှာ (ယာ)၊ ၅၂-လမ်း(အောက်)ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်၊ နံနက် (၁၀း၀၀) နာရီမှ ညနေ (၆း၀၀) နာရီအထိ ...

ကြိုတင်ချိန်းဆိုပါရန် (To make reservation well in advance)
Good intention will bring you good luck.

ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်

သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်အမှတ် ၂၂၊ နည်းဥပဒေ ၄)

မန္တလေးခရိုင်တရားမရုံးတော်၌

၂၀၁၂ ခုနှစ် တရားမမှုအမှတ်-၂၅၂

ဦးမော်ဦး နှင့် ၁။ ဦးအောင်နိုင်
၂။ ဒေါ်အေးအေးသိန်း
(ကွယ်လွန်သူဦးစိုးကိုကို၏ တရားဝင်ကိုယ်စားလှယ်)

တရားလို တရားပြိုင်များ

ဒေါ်အေးအေးသိန်း၊ အကွက် ၂၇၄၊ ပြည်ကြီးမဏ္ဍိုင်ကွယ်အရှေ့၊ ၃၅လမ်း×၈၆လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် တရားလိုဦးမော်ဦးက ဤရုံးတော်၌ တရားပြိုင်(၂) ဦးစိုး(ခ)ဦးစိုးကိုကို ကွယ်လွန်သူအပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ(၂)တရားပြိုင်ဦးစိုး(ခ)ဦးစိုးကိုကို၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင်ပြည့်သွင်းပါမည့်အကြောင်း၊ အထက်ဆိုခဲ့သော တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးတော်သို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီလာရောက်ရမည်။ အထက်ဆိုခဲ့သောနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်ကွယ်ရာတွင် ဆိုင်ဆိုကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားသူကြီး

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဦး(အငြိမ်းစားဗိုလ်ကြီး)

၃-ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကြိုးလုပ်ငန်း
O.T.S(31) ဗ ၁၀၄၁၇
အသက်(၇၀)

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း(MBE)မှ တွဲဖက်အတွင်းရေးမှူး ဒေါ်မေဦးခိုင် (EMBA 3rd Batch)၏ ဖခင် ဦးတင်ဦးသည် ၈-၁-၂၀၁၃ ရက် ညနေ ၅း၅၀နာရီတွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Myanmar Business Executives Association
မြန်မာစီးပွားစီမံအမှုဆောင်များအသင်းအဖွဲ့ဝင်များ
BCB Center နှင့် MBE ဝန်ထမ်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
စတုတ္ထအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၄-၃-၂၀၁၃ရက် (တနင်္လာနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀ နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀ နာရီ
- ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-
- ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာတက်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် (အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ဓာတ်ပုံ ၄ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီ၊ အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာနမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၆၈၅၂၇၇၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်စိန် GENERAL MANAGER
TKW Company

သူငယ်ချင်း ကိုမောင်မောင်စိန်၊ B.E (Chem)၁၉၇၅သည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၅ဓာတုအင်ဂျင်နီယာသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ တံတား၊ ရေတွင်း ရေကန်ဒါယကာကြီး

ဦးစံဖဲ (သာစည်)

အသက် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ(နယူးရွှေစင်မိန်ရွှေရတနာဆိုင်၊ မင်္ဂလာဈေး)တို့၏ ဖခင်ကြီး ဦးစံဖဲ အသက် (၈၆)နှစ်သည် ၁-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျာနှင့် အရောင်းဝန်ထမ်းများ၊ ရွှေပန်းထိမ်ဆရာကြီးများ
အမှတ် (၁)နှင့်အမှတ် (၂) နယူးရွှေစင်မိန်ရွှေရတနာဆိုင်များ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ တံတား၊ ရေတွင်း ရေကန်ဒါယကာကြီး

ဦးစံဖဲ (သာစည်)

အသက် (၈၆)နှစ်

မင်္ဂလာဈေးနေ ဒေါက်တာဝင်းနိုင်သူ၏အဘိုး ဦးစံဖဲ အသက်(၈၆)နှစ်သည် ၁-၁-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်စဉ် (၁၄)တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဆင်းအရာရှိများ

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရတမ်းတခြင်း

(၁၁-၁-၂၀၀၉) - (၁၁-၁-၂၀၁၃)

ဒေါက်တာအေးအေးရီ(ခ)ချစ်ချစ်

ညီမလေး မေချစ်

ပျော်ရွှင်မှု၊ သာယာမှုအပေါင်းနဲ့ ပြည့်စုံတဲ့မိသားစုဘဝလေးထဲက ထာဝရထွက်ခွာသွားတာ ၁၁-၁-၂၀၁၃ရက်ဆိုရင် (၄)နှစ်ပြည့်မြောက်ခဲ့ပေမယ့် အတူတူလက်တွဲခဲ့သော မိသားစုဘဝရဲ့ ချစ်ခင်ကြင်နာမှု၊ ပျော်ရွှင်ပုယမှု တွေကို တစ်သက်လုံး သတိရနေမှာပါ။ နေစဉ်၊ လစဉ်၊ နှစ်စဉ်ပြုပြုသမျှ ကုသိုလ်အဝဝကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုပြီး အေးချမ်းမှု အပေါင်းနဲ့ပြည့်စုံပါစေ။

ချစ်သော ကိုကို၊ ရဲရဲ၊ ပြည့်ပြည့်နှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဦးသာဒင်

တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ
အသက်(၈၆)နှစ်

ကျောင်းပြင်ပမူလတန်းပညာရေးအလှူရှင် ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)-ဒေါ်အေးအေးသန်း(ဒုဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)တို့၏ဖခင် သီရိသုဓမ္မဇောတိကဓဇ ဦးသာဒင်သည် ၈-၁-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် အနိစ္စရောက်ရှိ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းပြင်ပမူလတန်းပညာရေးစီမံချက်
မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ပု(ဖျာပုံ)
အသက်(၈၆)နှစ်

MHR သင်တန်းကျောင်းမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဆွေဇင်အေး၏ အဘွားသည် ၅-၁-၂၀၁၃ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

World First များ
Course Manager များ
Study Guide များ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဝင်း B.A Ed, BEd

အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
အထက (၆)အလုံ၊ ရန်ကုန်မြို့
အသက် (၈၃)နှစ်

ပါမောက္ခ ဒေါက်တာခန့်စန်းရွှဲ (ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး)၏ချစ်လှစွာသော မိခင်ဒေါ်ခင်ဝင်းသည် ၁၇-၁-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဆရာမကြီးနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မော်ကွန်းထိန်းနှင့် ဌာနမှူးများ
ဆရာ ဆရာမများနှင့်ဝန်ထမ်းများ
ဆေးဝါးတက္ကသိုလ်၊ မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဇော်ဝင်း (B.V.S)

မြို့နယ်ဦးစီးမှူး(မွေး/ကု ဦးစီးဌာန၊ အင်းမြို့)၊ လက်ပံတန်း
အသက် (၅၁)နှစ်

လက်ပံတန်းမြို့၊ ၄လမ်းနေ ဒေါက်တာသန်းသန်းနွယ် (မွေး/ကုဦးစီးဌာန၊ လက်ပံတန်း)၏ခင်ပွန်း ဒေါက်တာဇော်ဝင်းသည် ၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၂ BVS ဘွဲ့ရသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ကိုသိန်းဝင်း (B.E Mechanical 1987)

အသက်(၄၈)နှစ်

သူငယ်ချင်း ကိုသိန်းဝင်း ၇-၁-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၇နှင့်၁၉၈၁နှစ် ဘွဲ့ရအင်ဂျင်နီယာနှင့် မိသူကာများအသင်း
ရန်ကုန်စက်မှုတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မို့မို့လင်း

အသက်(၄၄)နှစ်

ဗိုလ်မှူးကိုကိုစန်း(ငြိမ်း)၏ ဇနီး ဒေါ်မို့မို့လင်း အသက်(၄၄)နှစ်သည် ၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာတင်ဝင်း၊ ဒေါက်တာနန်းကိန်ဖောင်းတစ်
ဦးဇော်မြင့်ထွေး(ခ)ကိုချိုတူး၊ ဒေါ်နန်းခမ်းယဉ်
မိသားစု၊ လားရှိုးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဆွေဆွေသက်(ခ)အန်တီသက်

အသက်(၇၇)နှစ်

ဒေါ်ဆွေဆွေသက်(ခ) အန်တီသက်သည် ၅-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကျေးဇူးရှင်အန်တီသက် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ချုပ်ရာ၊ ငြိမ်းရာ၊ သိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

ဦးစိုးတင်-ဒေါ်ခင်မြင့်
(ကျိုက်လတ်မိသားစု)

ကြော်ငြာ

အမည်ပြောင်း

ဦးမြင့်တင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃) သတ္တမတန်းမှ မမြင့်မြတ်နွယ်အား ယနေ့မှစ၍ မအိဇင်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိဇင်ကို

အမည်ဖြည့်စွက်ခေါ်ပါရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေးရဲစခန်းမှ ဒုရဲအုပ်ကိုကိုချစ်၉/တသန(နိုင်)၁၅၀၁၉၉အား ဦးကျော်ကိုကို(ခ)ဦးကိုကိုချစ်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ဦးကျော်ကိုကို(ခ)ဦးကိုကိုချစ်
၉/တသန(နိုင်)၁၅၀၁၉၉

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၄၇၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမင်းဦး ၅/ကလထ(နိုင်)၁၂၅၀၀၆က စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

ပန်းကေဇရီ အဆင့်မြင့်ခရီးသွားလုပ်ငန်း

09-73089523, 09-420247006

- (၃) ရက် Jan 11, 18, Feb 9,
- (၃) ရက် Mar 1, 23, 24
- (၅) ရက် Feb 8, Mar 23
- (၅) ရက် Feb 8, Mar 23

★New Star
★ကျိုင်းတုံ၊ ထာချီလိတ်၊ မယ်ဆိုင်၊
★ရွှေတြိဂံ၊ လော 18,25(Jan) 8,22 (Feb)
★ချောင်းသာ၊ ကျိုက်ထီးရိုး(နေ့စဉ်)
09-5139002,09448021580

အမည်ပြောင်း

မော်လမြိုင်မြို့၊ ရွှေနတ်တောင်အထက စတုတ္ထတန်း(A)မှ ဦးမြင့်သန်း၏သမီး မကြွယ်ဇင်သွန်းအား မပြည့်မှူးဝသန် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မပြည့်မှူးဝသန်

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၁-၂၀၁၂ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁၂) ဦးအောင်ကျော်မိုး၏ အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးတင်ယုအစား ဦးမြသိန်းဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နေခြည်မြင့် ၁၃/လရန(နိုင်)၁၁၆၆၀၄သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ် (၁/၁၀၂)ရှိ (အလျားပေ ၄၀ × ပေ၄၀) × (အနံပေ၆၀ × ပေ ၆၀)ရှိ မြေကွက်အား ဒေါ်အီကျောက် ၁၃/တခလ(နိုင်)၀၀၁၆၇၄ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် ပုံစံ(၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများ သတင်းစာ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နေခြည်မြင့်
၁၃/လရန(နိုင်)၁၁၆၆၀၄

ကျေးဇူးတင်လွှာ

၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်ခဲ့သော သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင် နာယက တော်ဝင်မိသားစုကုမ္ပဏီ နာမကျန်းစဉ်က အထူးဂရုစိုက်ပြုစုကုသပေးခဲ့ကြသည့် နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာချိုလေးမာ၊ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးစိုးအောင်၊ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသံစစ်၊ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်ကြည်ကြည်ညွှန့်၊ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးခင်မောင်မောင်သန်း၊ အာရှတော်ဝင်အထူးကုဆေးရုံ အုပ်ချုပ်မှုဒါရိုက်တာဦးမြတ်သူ၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဒေါက်တာဦးခင်မောင်ဆွေ၊ အာရှတော်ဝင်အထူးကုဆေးရုံမှဆရာဝန်၊ ဆရာမများ၊ သူနာပြုအုပ်ကြီး ဒေါ်သန်းမြနှင့် တာဝန်ကျ သူနာပြုဆရာမများ၊ တော်ဝင်မိသားစုကုမ္ပဏီမှ ဆရာဝန်များ၊ အကူအညီအမျိုးမျိုးပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်သူအားရည်စူး၍ သက်န်းများနှင့် လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများ၊ ပန်းခွေများပေးပို့ခဲ့ကြသော မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ သတင်းစာများ၌လည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင်
(တော်ဝင်မိသားစု ကုမ္ပဏီ နာယက)
အသက် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း၏ ဂုဏ်ထူးဆောင် နာယကကြီး ဦးကိုကိုထွေး-ဒေါ်အေးအေးသန်းတို့၏ဖခင် ဦးမျိုးဇော်ထွန်း-ဒေါ်ဝတ်ရည်ထွေးတို့၏အဘိုးသည် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

အထက (၂)စမ်းချောင်း
ကျောင်းအုပ်ဆရာမကြီးနှင့် ပညာရေးမိသားစု
မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဗိုလ်မှူးဝမ်ထိန် (ငြိမ်း)
ကြည်း/၁၀၆၅၈

၁၂-၁-၂၀၁၀ ရက်တွင် ကွယ်လွန်သွားခဲ့သော အနန္တကျေးဇူးရှင် အလှူဒါယကာကြီး ဗိုလ်မှူးဝမ်ထိန် (ငြိမ်း)အား ရည်စူး၍ နှစ်စဉ် သံဃာအပါး ၁၀၀ ကျော်အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြစ်ကြီးနားမြို့၊ နှစ်ထပ်သိမ်ကျောင်း အလှူရေစက်ချအမျှပေးဝေခြင်း၊ မိုးကောင်းမြို့ရှိ သီတာအေးမြဘုရားနှင့် မိုးကောင်း(၈)မိုင်ဘုရားများအား ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ ရွာဦးစေတီနှင့် ဓမ္မာရုံအား ကြွေပြားခင်းရန်အတွက် အလှူငွေကျပ် ၄၄ သိန်းလှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ လိပ်ပြာကန်ကျောင်းတိုက်အတွင်းရှိ နန္ဒာအောင်မြေကျောင်း ငါးထပ်ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းခြင်းများကို ရေစက်သွန်းလောင်း အမျှပေးဝေပါသည်။

ကွယ်လွန်သူအားရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ပေးနေသော ကောင်းမှုကုသိုလ် အစုစုတို့ကို ရောက်ရာအရပ်မှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ-

ကျန်ရစ်သူမိသားစု
ဇနီး ဒေါ်တင်ကြည်
သား၊သမီးနှင့် မြေးများ

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးကြာညိုချစ်ဖေ
ဗိုလ်မှူးချုပ်/သံအမတ်ကြီး(ငြိမ်း)

အရာရာတိုင်းမှာ စံပြအဖြစ်ဦးဆောင်ပေးခဲ့တဲ့ **ဖေဖေ** ရိုးသားဖြောင့်မတ်ပြီး သတ္တိရှိခဲ့တဲ့ **ဖေဖေ** စွန့်ခွာသွားခဲ့တာ ယနေ့ ၉-၁-၂၀၁၃ ရက်မှာ (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ နှမြောတသလွမ်းဆွတ်စွာနဲ့ တစ်ရက်မှမေ့မရခဲ့ပါ **ဖေဖေ**။ ဖေဖေ့အတွက် ရည်စူးပြီး ကောင်းမှုမှန်သမျှကို အမျှဝေလိုက်ပါတယ်။

မြင့်မြတ်တဲ့ဘုံဘဝကနေ၍ သာဓုခေါ်နိုင်ပါစေ။

- **ချစ်ဇနီးနွယ်နဲ့ သားသမီးများ**
- **အစ်ကိုကြီး ဦးသန်းအေးနှင့် အစ်မကြီး ခင်အုန်းချစ်**
- **ညီလေးများ ရဲ နှင့် လှ**

ဝမ်းနည်းကြေကွဲခြင်း
ဦးသာဒင်
သီရိသုဓမ္မမဏိဇောတဓရ
နာယက(တော်ဝင်မိသားစုကုမ္ပဏီ)
အသက်(၈၆)နှစ်

ဦးကိုကိုထွေး[လူမှုထူးချွန်(ပ)အဆင့်]-သီရိသုဓမ္မသင်္ဂီ ဒေါ်အေးအေးသန်း(တော်ဝင်မိသားစုကုမ္ပဏီ)တို့၏ဖခင် သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင်သည် ၈-၁-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MD, Director နှင့် ဝန်ထမ်းများ
Royal Michelia Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ
(မုံရွာ)

Resident Representative
Petroleum Information & Equipment Pte., Ltd.
Senior Consultant, Twinza Oil(Asia)Ltd.
Managing Director, Silverlink International Pte., Ltd.

အသက်(၆၉)နှစ်

၄-၁-၂၀၁၃ ရက်(သောကြာနေ့)နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Staffs and Management
Machinery & Solutions Co., Ltd/M & S Energy Trading Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်စန်း B.E (Chemical 75)
အသက် (၆၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၁၆၂၊ ခြောက်လွှာနေ ဦးမောင်မောင်စန်း အသက် (၆၂)နှစ်သည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဦးစောလှ-ဒေါ်မြမြခင်မိသားစု
သာကေတမြို့နယ်

ဒေါ်သောမာရွှေ (ရက် ၁၀၀ပြည့်)
၃-၁၀-၂၀၁၂ရက်မှ ၁၃-၁-၂၀၁၃ရက်

အရာရာတိုင်း၊ ဆက်စပ်ပတ်သက်သမျှ သတိရမိတိုင်း နှမြောတသ လွမ်းဆွတ်နေလျက်ပါ။ ချစ်မေမေကြီးအား ဖေကြီးနှင့် သားတို့က နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များအား အမျှပေးဝေအပ်ပါသည်။ ကွယ်လွန်ချိန်မှ ယနေ့အထိ ကိုယ်တိုင်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အဘက်ဘက်က ကူညီအားပေးနှစ်သိမ့်ကြသူများအားလုံးကို ကျေးဇူးတင်လျက်ရှိပါသည်။

ဦးမောင်မောင်လွင်နှင့်
သားကြီး မောင်ဟိန်းထက်လွင်
သားငယ် မောင်ဘုန်းမြင့်လွင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်
အသက် (၇၇)နှစ်

သူငယ်ချင်းကိုရဲနှင့် မဥမ္မာတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်သည် ၅-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
ကိုဝေ-သီဂီ၊ ကိုဝင်းချို-ပြုံး၊ ဦးမင်းသိမ်းတင့်-သင့်သင့်၊
ဦးတေဇ-တူးမာ၊ ကိုဝင်းမော်-ဆွေဆွေ၊ မေသူ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ဝင်း(စင်မကော်)
စင်မကော်ကျေးရွာ၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်
အသက် (၅၇)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေတို့၏ ညီ/မောင် ဦးအောင်ဝင်း(စင်မကော်ကျေးရွာ၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)သည် ၃-၁-၂၀၁၃ရက် ည ၁၁နာရီတွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း
မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း
မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း
ငါးရှဉ့်လုပ်ငန်းရှင်များအသင်း
အလှမွေးငါးလုပ်ငန်းရှင်များအသင်း
ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေနှင့်ဓာတ်သတ္တုလုပ်ငန်းရှင်များအသင်းဝင် ဦးခင်မောင်သန့်(MD ဒက္ခိဏတံခွန်ကုမ္ပဏီ)၏ဖခင် ဦးရန်ငြိမ်း (တပ်မတော်ရေ-ငြိမ်း)၊ ကူရှင်ကျောင်းသားဟောင်း အသက်(၆၈)နှစ်သည် ၆-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာမှ
လုပ်ငန်းရှင်မိတ်ဆွေများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မို့မို့လင်း
အသက် (၄၄)နှစ်

ဗိုလ်မှူးကိုကိုဆန်း(ငြိမ်း) ဆန်းသစ်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ဇနီး ဒေါ်မို့မို့လင်းသည် ၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုမှူးကြီး တင့်ဆွေ-ဒေါ်လှလှမွန်
ဒုမှူးကြီး သန်းအောင်ထိုက်-ဒေါ်အေးအေးခိုင်
ဒုမှူးကြီး တင်ဝင်းအောင်-ဒေါ်သက်သက်မူ
ဒုမှူးကြီး ကျော်ဇင်မျိုး-ဒေါ်ထွန်းဝတ်ရည်
ဒုမှူးကြီး မျိုးဦး-ဒေါ်စောစန္ဒာဦး
ဗမ တင်လှိုင်ထွန်း(ငြိမ်း)-ဒေါ်မော်ရီ
ဗမ သက်ခိုင်(ငြိမ်း)-ဒေါ်သီဂီယု
ဗမ ဇော်မင်း(ငြိမ်း)-ဒေါ်နီဝါလင်း

ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်လှိုင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၀နေ (ဦးကြူးဝါး-ဒေါ်ရွှေစိန်)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဒေါက်တာသန်းသန်းဝင်း (ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)၊ ဒေါက်တာလှလှဝင်း(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါက်တာအောင်မျိုးဝင်း (တွဲဖက်ပါမောက္ခ၊ အရိုးရောဂါကုပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)-ဒေါက်တာချယ်ရီ၊ ဒေါက်တာသန်းဝင်းညွှန့်(တွဲဖက်ပါမောက္ခ၊ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာအေးအေးဝင်း၊ ဦးဆန်းဝင်း(တက်လမ်းဆောက်လုပ်ရေး)-ဒေါ်ခင်ခင်ဝင်း (ရွှေလရိပ်မှုကြို)၊ ဒေါ်ဝင်းဝင်းလှိုင်(ချင်းတွင်းကောလိပ်)တို့၏ မိခင်ကြီး၊ ဒေါက်တာကျော်ထက်အောင်၊ ဒေါက်တာဇော်ဝင်းသန်း၊ မောင်ဟိန်းအောင်ဇော် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၁)၊ မစုဝင်းသန်း(ဒုတိယနှစ်၊ ဆေးဝါးတက္ကသိုလ်)၊ မောင်ဝင်းထွဋ်နိုင်(စတုတ္ထတန်း၊ အမက-၁၊ အင်းစိန်)တို့၏ အဘွားသည် ၁၂-၁-၂၀၁၃ရက် နံနက် ၆း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အင်းစိန်မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်းနွယ် (သထုံ)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကမာကြည် ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် S/၁၂နေ (ဦးသာဒွန်းအောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးမြင့်သိန်း၊ ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)၏ဇနီး၊ (ဦးမောင်မောင်)၊ ဒေါ်တင်တင်အေးတို့၏ညီမ၊ ဦးဝင်းထွဋ်-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်မ၊ ဦးစိုးမြင့်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးမြင့်သန်းစိုး၊ (ဦးနေဝင်းသိန်း)၊ ဦးထိန်လင်းသိန်း (အင်းစိန်မြို့နယ် ဦးစီးမှူး၊ လဝက)-ဒေါ်စိုးစန္ဒာထိုက်၊ (ဦးနေလင်းသိန်း)၊ မမြတ်မြတ်နိုးဦး(ILBC Primary 4-G)တို့၏မိခင်၊ မောင်သုခစိုး(တတိယနှစ်၊ သွား/ဆေး)၊ မောင်မင်းသုကျော်၊ မောင်မင်းကုဋေအောင်၊ မရွှေရတနာလင်းတို့၏အဘွားသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့)နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအုန်းဝင်း(ခ)ဦးအေးချို (ဘီလူးကျွန်း၊ချောင်းဆုံ၊တကူကနား)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၃၊ ငါးလွှာ(B)၊ အိမ်ကြီးလမ်း၊ ရေကျော်နေ (ဦးမဲပု-ဒေါ်ထွန်းမေ)တို့၏သား၊ (ဦးမောင်နီ)-ဒေါ်ထွန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်ဦး(ရေကျော်ဈေး)၏ခင်ပွန်း၊ ဦးထွန်းလှ-မခင်မာချို၊ ကိုအေးမင်းဦး-မထိုက်ထိုက်ထွေး၊ ကိုစိုးမင်းဦး၊ ကိုဇေယျာဝင်း-မသဉ္ဇာဦး၊ မလေးချိုတို့၏ဖခင်၊ မဖြိုးသဉ္ဇာ၊ မသီရိပြည့်စုံ၊ မရွှန်းလဲ့သူတို့၏အဘိုးသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့)နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရှင်ဝါ (မြိတ်)

အသက်(၈၂)နှစ်

မြိတ်မြို့၊ အမှတ် ၆၄၊ ဗိုလ်ချုပ်လမ်း၊ တလိုင်းစုရပ်နေ (ဦးရှင်ငှား-ဒေါ်ဟုန်)တို့၏သမီး၊ (ဒေါ်ကြူပ်)၏တူမ၊ (ဦးရွှေဟင်-ဒေါ်တီ)၊ (ဦးဟွာဘီး)-ဒေါ်ရှင်ကြည်တို့၏ညီမ၊ ဦးတိတ်မော်၊ ဒေါ်ရှင်စိန်၊ ဒေါ်ရှင်းသန်း၊ (ဦးအင်ကြိုင်)-ဒေါ်ရှင်ပို၊ဦးတိတ်စိုင်-ဒေါ်စမ်းစမ်းရွှေ၊ဒေါ်ရှင်အင်၊ ဒေါ်ရှင်သိန်းတို့၏အစ်မသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်စန်းစန်း (ပျဉ်းမနား)

စာတိုက်(ငြိမ်း)

အသက်(၇၃)နှစ်

ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးလှ-(ဒေါ်သန်း)တို့၏မြေး၊ (ဦးဘအေး-ဒေါ်ခင်စိန်)တို့၏သမီး၊ ဦးခင်မောင်ကြည် (ဦးအိန္ဒြေဘာသ)-(ဒေါ်အမာကြည်)၊ (ဦးစိုးတင့်-ဒေါ်မြင့်မြင့်ကြည်)၊ ရန်ကုန်မြို့နေ ဦးဇော်ဝင်းလှ-ဒေါ်ယဉ်ယဉ်ထွန်းတို့၏အစ်မ၊ တူ၊တူမ ၁၃ယောက်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၁၁-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးရဲလွင်

အသက်(၄၃)နှစ်

အမှတ် ၄၈၊ မလွကုန်းလမ်း၊ မြေညီထပ်နေ (ဦးတင်ညွန့်)-ဒေါ်စိန်စိန်တို့၏ တစ်ဦးတည်းသောသား၊ ဦးအေးလွင်-ဒေါ်သန်းရွှေတို့၏သားသမက်၊ ဒေါ်ခင်မာလွင် (အလက-၃၊ တာမွေ)၏ခင်ပွန်း၊ မောင်အောင်ပြည့်စုံဦး (အထက-၂၊ ဗဟန်း)၊ မောင်ဘုန်းထက်ဦး(အထက-၂၊ တာမွေ)တို့၏ဖခင်၊ဒေါ်တင်တင်ဦး၊ ဒေါ်အေးအေးမွန်၊ဒေါ်ရှင်ရှင်မြင့်တို့၏မောင်၊ အစ်ကိုသည် ၁၁-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဝင်း

ဌာနခွဲမှူး(ငြိမ်း)၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းရုံးချုပ်

အသက်(၆၇)နှစ်

ပဲခူးမြို့နေ ဦးခင်ညွန့်-(ဒေါ်သန်းမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာသီရိကန်လမ်း၊ (ဃ)ရပ်ကွက်နေ (ဦးအုန်းလှိုင်-ဒေါ်တင်ရီ)တို့၏သမီးချွေးမ၊ ဦးလှသန်း၏ဇနီး၊ ဒေါ်စန်းမြင့်၊ ဒေါ်ခင်စိန်တို့၏ညီမ၊ ဒေါ်ခင်အုန်းမြင့်၊ ပဲခူးမြို့နေ ဒေါ်ခင်ခင်ဝင်း၊ဒေါ်တင်တင်ဝင်း၊ ဦးစိုးလွင်၊ ဦးသက်လွင်တို့၏အစ်မ၊ ကိုအောင်ဟိန်းသန်း-မစန္ဒာလွင်၊ ကိုမင်းဟိန်းသန်း-မဆွေဆွေသန်း၊ ကိုစည်သူဟိန်းသန်း-မနီနီလွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးသာထူးအောင်

CDC-24103, R/O

အထက(၃)ဗိုလ်တထောင် ကျောင်းသားဟောင်း

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ၂၀၆(B) ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကွမ်းခြံ ၃လမ်းထိပ်၊ ဟံသာရိပ်မွန်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ(ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏သား၊(ဦးဖိုးယုံ)-ဒေါ်စိမ်းမျှင်တို့၏သားသမက်၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဦးကြီးခမ်းလောလမ်း၊ ည/၁၅၅နေ နန်းခင်မာဆွေ၏ခင်ပွန်း၊ မောင်ကျော်ဇာနည်ဟန် - နန်းထက်ထက်ဇေ၊ ခွန်သက်နိုင်ဦး၊ ခွန်စွမ်းသစ်အောင်တို့၏ဖခင်၊ (ဦးကျော်ထွန်း)-ဒေါ်ခင်ဆွေ၊ (ဦးနေဝင်း)၊ ဒေါက်တာထွန်းဇော်-ဒေါ်ယဉ်ယဉ်မေ(မကွေး)၊ဦးစမော-ဒေါ်ကံရှိတို့၏မောင်၊ညီ၊ (ဦးခင်မောင်လတ်)-ဒေါ်မေယုတို့၏အစ်ကိုသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးထွန်းကြိုင် (ငြိမ်း)

ရေ-၃၃၂၈ (မော်ကွန်းဝင်ဒုတိယဆင့်)

အသက်(၈၇)နှစ်

သန်လျင်မြို့နေ (ဦးမြစိန်-ဒေါ်အေးမှုန်)တို့၏သား၊ (ဦးကျော်သောင်း-ဒေါ်ရင်စန်း)တို့၏သားသမက်၊ ဦးစောလွင်၊ ဦးထွန်းညို၊ ဦးအောင်ချိန်တို့၏အစ်ကိုကြီး၊ အမှတ် ၇၈၂-၇၈၃၊ မင်းခေါင်လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မာမာကျော်၏ခင်ပွန်း၊ ဦးထွန်းအောင်ကြွယ်-ဒေါ်ခင်မာထွန်း၊ ဦးမျိုးမင်းထွန်း-ဒေါ်မိုးမိုးခိုင်၊ ဒေါ်မျိုးမြတ်မြတ်ထွန်း၊ ဗိုလ်ကြီးသွင်ဇော်တိုး-ဒေါ်စောသန္တာထွန်း၊ ဦးကျော်ကျော်ထွန်း၊ ဦးရဲဝင်းထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့)နံနက် ၁၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကောက်ပို့(ခ)ဒေါ်ခင်စောမြင့် (မော်လမြိုင်)

အသက်(၈၃)နှစ်

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၅၀၉နေ(ဦးစိန်ရင်-ဒေါ်ဟန်ရှောင်)တို့၏သမီး၊ (ဦးချမ်းမား-ဒေါ်ကျင်မြိုင်)တို့၏သမီးချွေးမ၊ [ဦးစံလှိုင်(ခ)ကြာစံစွတ်]၏ဇနီး၊ ဦးစိန်လင်း-ဒေါ်သန္တာဝင်း၊ ဒေါ်အေးအေးမြင့်၊ ဦးတင်မြင့်-ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ဝင်းဝင်းမော်၊ ဦးဟန်လင်း-ဒေါ်တင်မာဖြူ၊ ဦးထိန်လင်းလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင်မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြရီ(ပုလော) အသင်းဝင်အမှတ်-၂၄၉၄

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ Aဘလောက်၊ (၁၀)လမ်း၊ တိုက် ၆၊ အခန်း ၀၀၂နေ ဦးခင်ရက်၏ဇနီးသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ရဟန်းဒါယကာကြီး

ဦးသန်းဆွေဦး

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (ဃ)လမ်းနေ ဦးတင်အေး-(ဒေါ်ခင်စန်းရီ)တို့၏သား၊ လှိုင်သာယာမြို့နယ်၊ ၁/၁၃/၁၉၄၊ စောဘရီလမ်းနေ (ဦးထွေး)-ဒေါ်ရှင်နုတို့၏သားသမက်၊ မောင်ရဲကျော်သူ-မကေသီဦး၊ မောင်ဝေယံထွန်း၊ မောင်ဉာဏ်မင်းထွန်းတို့၏ဖခင်၊ မမေသက်ပိုင်၏အဘိုး၊ လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ ရွှေဝါမြိုင်အိမ်ရာ၊ တိုက် ၂၊ အခန်း ၀၁၀နေ ဒေါ်စန်းစန်းဦး၏ခင်ပွန်းသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မင်းဝေ(ခ)ကိုမင်း I.T.C (Thanlyin) 1st Batch

အသက်(၄၄)နှစ်

မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းအထူးအဖွဲ့ ၁၅ဝင်းနေ (ဦးသိန်းဆောင်)-ဒေါ်မြရီ(ငြိမ်း)တို့၏သား၊ ဒေါ်ယုယုလွင်(ပစ္စည်းထိန်း-၄၊ လမ်းအထူး-၁၅)၏မောင်၊ ဒေါ်ညိုသင်းရီ(လမ်းအထူး-၁၅)၊ ဦးသူရထွန်း(လက်ထောက်ကြီးကြပ်ရေးမှူး၊ ကြံလုပ်ငန်း၊ တိုက်ကြီးမြို့နယ်)၊ ဦးရဲနိုင်ဝင်း (SR.Executive/Care Freight Services Ltd.)၊ ဦးရဲလှိုင်ဝင်း (Cargo Officer/MAI)၊ ဗိုလ်မှူးဆန်းသစ်(ခ)စည်သူ၊ ဒေါ်စုစုစန္ဒီ(စာရင်းကိုင်-၃၊ လေယာဉ်ကွင်း-၂)တို့၏အစ်ကိုသည် ၁၂-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးတင်အောင်

အလယ်တန်းပြ(ငြိမ်း)

အထက(၃)သာကေတ

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၇လမ်း အနောက်၊ အမှတ် ၂၉၄နေ (ဦးချစ်-ဒေါ်ရင်)တို့၏သားကြီး၊(ဦးမောင်မောင်-ဒေါ်မမကြီး)တို့၏သားသမက်၊ ဒေါ်လှိုင်လှိုင်ဦး(အလယ်တန်းပြ၊ ငြိမ်း၊ အလက-၁၊ သာကေတ)၏ခင်ပွန်း၊ ဦးချစ်ငွေ (ဦးစီးအရာရှိ၊ ကျန်းမာရေးဦးစီးဌာန)-ဒေါ်တင်အေး(ရုံးအုပ်၊ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)၊ (ဦးအောင်ကြိုင်)-ဒေါ်သန်းမြင့်၊ဦးထွေးအေး-ဒေါ်ခင်စန္ဒာ၊ ဦးဝင်းမြင့်(ရဲအုပ်၊ သတင်းတပ်ဖွဲ့)-ဒေါ်သန်းသန်းနွဲ့၊ ဦးမျိုးကျော်အောင်၊ ဦးခိုင်ညွန့်(ဒု-မန်နေဂျာ၊ CB Bank တောင်ကြီး ဘဏ်ခွဲ)-ဒေါ်ဝေဝေသိန်း (စာရင်းစစ်၊ ငြိမ်း)၊ ဒေါ်သန်းသန်းညွန့်(အကြီးတန်းစာရေး၊မြန်မာ့အာမခံလုပ်ငန်း)တို့၏ အစ်ကိုကြီး၊ မောင်ဇာနည်အောင်(Asst: Manager Aung Myanmar Technology Co., Ltd.)၊ မောင်ကျော်ဇော်လှိုင် (အလုပ်သင်ရှေ့နေ)တို့၏ဖခင်၊ မခိုင်မာထွန်း(Aquamarine Shipping Co., Ltd.)၊ မယွန်းမြတ်သီရိ(2nd Year ဆေးဝါးတက္ကသိုလ်)၊ မဆုရည်နန္ဒာ၊ မောင်ကောင်းဆက်ကျော်၊ မသက်ဆုရတနာ၊ မသွန်းနေခြည်ဝင်းတို့၏ ဘကြီးသည် ၁၁-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လွင်လွင်(မြစာရံအေးစေတီ)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၂၃၅၊ သူရ ၈ လမ်းနေ(ဦးဘချို-ဒေါ်မြရွှေ)တို့၏သမီး၊ ဦးတင်အုန်း-ဒေါ်ငွေငွေမြင့်တို့၏ ညီမ၊ မငြိမ်းချမ်းခင်၏အဒေါ်သည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်ထွဋ်(ခ)ဦးပီတာ (ကျောက်ကုန်း)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် ၁၉/A (တတိယထပ်)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်နေ (ဦးချန်ထွန်း-ဒေါ်ပန်းကြည်)တို့၏သား၊ (ဦးအေးအောင်ကြီး-ဒေါ်ခင်သောင်း)တို့၏သားသမက်၊ ဒေါ်အေးအေးသောင်း၏ခင်ပွန်း၊ မောင်ဟိဏ်းအောင်ထွဋ်(ALFRED)၊ မောင်သီဟအောင်ထွဋ်၊ မမြတ်နှင်းစက်တို့၏ဖခင်သည် ၁၁-၁-၂၀၁၃ရက် နံနက် ၃း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အုပ်(ခ) ဒေါ်ခင်တုတ် (ခြောက်ရွာ)

သက်ကြီးကန်တော့ခံ

အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊မေ့ဘာရုံလမ်း၊ အမှတ် ၃၀၈နေ (ဦးမောင်သိန်း)၏ဇနီး၊ ဦးတင်ရှိန်-(ဒေါ်တင်လှ)၊ (ဦးတင်စိန်)-ဒေါ်ခင်နီ၊ [ဦးတင်အေး(ခ)ဦးကြည် - ဒေါ်ကြည်ကြည်ဝင်း]၊ (ဦးလှကြည်)-ဒေါ်လှရွှေတို့၏မိခင်သည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးကြည် (ဒေးဒရဲ)

အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၁၀၅ (မြေညီထပ်)နေ (ဦးဘဝင်း-ဒေါ်သိန်း)တို့၏သမီး၊ (ဦးသက်-ဒေါ်ဝါဘွင့်)တို့၏ချွေးမ၊ (ဦးဘရီ)-ဒေါ်စိန်လှတို့၏အစ်မ၊ (ဦးလှသော်)၏ဇနီး၊ ဦးမျိုးအောင်(မြို့နယ်ဦးစီးမှူး၊ ငြိမ်း၊ ထွေ/အုပ်)-ဒေါ်မမလေး(ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ရုံး)၊ ဦးညိမ်းဝင်း၊ ဦးခင်မောင်မြင့်(ဒု-ညွှန်မှူး၊ ငြိမ်း၊ မော်ကွန်းတိုက်) - ဒေါ်အေးအေးသော် (မော်ကွန်းတိုက်)၊ဗိုလ်မှူးဒေါ်သွဲ့ကြည်သော်(တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)၊ဦးသော်ဇင်-ဒေါ်မြတ်စန္ဒာ၊ ဒေါ်လွဲ့လွဲ့သော်၊ ဦးသက်နိုင်ဦး (မော်ကွန်းတိုက်)၊ ဒေါ်ခင်ခင်သော် (Billion Power Co., Ltd.)တို့၏မိခင်၊ ကိုစိုးနိုင်-မကေဇင်မျိုးအောင်(JDS Co., Ltd. တောင်ကြီး)၊ မအင်ကြင်းမျိုးအောင်၊ မောင်လင်းပြည့်မျိုးအောင်၊မောင်ဇွဲထက်၊မောင်ကောင်းဆက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့)နံနက် ၈း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ငြိမ်းအေးဇရပ်မှ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဝင်း(ခ) မောင်မောင်ချော

(ရွှေတိုး ဗီဒီယိုရုံလုပ်ငန်း၊ ရမ်းဗြဲမြို့)

အသက်(၆၀)

ရမ်းဗြဲမြို့၊ရွှေတိုးရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးဖေထွန်း-ဒေါ်လှဝင်းသာ)တို့၏သား၊ ရမ်းဗြဲမြို့နေ (ဦးဖိုးမှတ်-ဒေါ်စိန်ညို)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်တင်သိမ်း-(ဦးကျော်မင်း)၊ ရမ်းဗြဲမြို့နေ ဒေါ်တင်တင်အုံး(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်မေသန်း-(ဦးခင်မောင်မြင့်)၊ ရန်ကုန်မြို့နေ ဦးခင်မောင်သိမ်း-ဒေါ်နွယ်နီခိုင်တို့၏ညီ/မောင်၊ (ဦးခင်မောင်သက်)၊ ရန်ကုန်မြို့နေ ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင် (Royal Beach Motel)တို့၏ အစ်ကို၊ ရမ်းဗြဲမြို့၊ ရွှေတိုးရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဒေါ်ခင်အုံး၏ခင်ပွန်း၊ မောင်အောင်စည်ဖြိုး (ခ) မောင်ရွှေတိုး၊ မခင်ရတနာဖြိုး(ခ)သမီးချောတို့၏ ဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၁-၂၀၁၃ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရမ်းဗြဲမြို့ ခြေတော်ရာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

ဘဒ္ဒန္တဝိဇ္ဇောတ (ဆင်ဖြူ)

သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျန်စစ်သားလမ်းမကြီး၊ (၇) ရပ်ကွက်၊ မြသုဝဏ်စာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော်သည် (၁၃၇၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ရက်) ၁၁-၁-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၂ရက်) ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင်ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကားများ မြဓမ္မာရုံမှ ညနေ ၃း၃၀နာရီ၊ မြသုဝဏ်စာသင်တိုက်မှ ညနေ ၄နာရီ ထွက်ခွာပါမည်။)

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊တံတား ဒါယကာကြီး

ဦးမောင်သန်း

မော်လမြိုင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၄၂နေ (ဦးအေးသော်-ဒေါ်ငွေဂိုင်)တို့၏သား၊ (ဒေါ်နှင်းညွန့်)၏ခင်ပွန်း၊ ဒေါ်နီနီသန်း-ဦးသန်းလှိုင်၊ Capt ဆန်းဦး (C.H LINE/ECHO Shipping)-ဒေါ်မဥ္ဇူလှိုင်၊ ဒေါက်တာဆန်းလွင်(San Lwin Trading Co.,Ltd.)-ဒေါ်တင်တင်ဝင်း၊ ဒေါ်စန္ဒာနှင်း-Capt ဇော်မင်း(C.H LINE/ECHO Shipping)တို့၏ဖခင်ကြီး၊ ဒေါက်တာချိန္ဒနွယ်လှိုင်(ရန်ကုန်ဆေးရုံကြီး)၊ ကိုမြတ်သူလှိုင် (C/O-C.H LINE/ECHO Shipping)၊ မသဲစုလှိုင်၊ မောင်ရဲမင်းအောင် (CURTIN UNIVERSITY, PERTH, AUSTRALIA) မနှင်းသီရိဇော်(ပထမနှစ်၊ ဆေး-၁)၊ မောင်ဟန်ဇော်ထူး (SEC-1 C, ILBC)တို့၏အဘိုးသည် Singapore နိုင်ငံ၊ Mount Elizabeth ဆေးရုံကြီး၌ ၁၀-၁-၂၀၁၃ရက်(ကြာသပတေးနေ့)ဒေသစံတော်ချိန် ညနေ ၆း၄၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမောင်ဝေ

စစ်တွေမြို့၊ဘောလုံးကွင်းရပ်ကွက်

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ ၁၄၁လမ်း၊ အမှတ် ၂၇-၈A နေ (ဦးထွန်းလှဦး-ဒေါ်ဦးမစိန်)တို့၏သား၊ ဒေါ်သိန်းရှင်၏ခင်ပွန်း၊ ဦးဦးတင်ရွှေ၊ ဒေါ်တင်ရွှေ၊ ဒေါ်တင်အေး၊ ဒေါ်သန်းတင်၊ ဦးသန်းတင် (Chinese Kitchen Kandawgyi Place Hotel)၊ ဦးသန်းဝင်း(မောင်တော)၊ ကိုထွန်းဝင်း၊ ကိုထွန်းတင်တို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဖီးသည် ၁၁-၁-၂၀၁၃ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ဓမ္မာရုံ၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောရှင်

အသက်(၇၄)နှစ်

တွံတေးမြို့နေ (ဦးအောင်သိန်း-ဒေါ်လှစိန်)တို့၏သမီး၊ ထောက်ကြန့်မြို့နေ (ဦးညွန့်မောင်-ဒေါ်သန်းခင်)တို့၏ သမီးချွေးမ၊ တွံတေးမြို့နေ (ဦးလှသွင်)-ဒေါ်စောတင်၊ (ဦးမြဝင်း)-ဒေါ်သိန်းလှ၊ ဦးထွန်း-ဒေါ်ခင်ကြည်၊ ထောက်ကြန့်မြို့နေ ဦးသန်းလွင်-ဒေါ်ဝင်းမြ၊ ဦးပဋ္ဌင်းဥူးဉာဏ၊ တွံတေးမြို့နေ ဦးမောင်မြ-ဒေါ်သန်းထွေးတို့၏အစ်မကြီး၊ ထောက်ကြန့်မြို့၊လမ်းဆုံပိုင်းရပ်ကွက်နေ ဦးငွေဝင်းဇော်-ဒေါ်ခင်ဥမ္မာအေး၊ ရန်ကုန်မြို့၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ ဦးလွင်အောင်အေး (Executive Director, I.B.T.C. groups of Co.,)-ဒေါ်တိုမိုကို၊ ထောက်ကြန့်မြို့နေ (ဦးကျော်ကျော်အောင်)၊ ဦးညွန့်သန်း-ဒေါ်ခိုင်စပါယ်၊ ဦးသန်းကျော်အေး - ဒေါ်သီဂီကျော်၊ ဗိုလ်မှူးဇေယျာလင်း - ဒေါ်ကလျာထွေးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးအေးသောင်)၏ဇနီးသည် ၁၁-၁-၂၀၁၃ရက်(သောကြာနေ့) ည ၈း၄၀နာရီတွင် ဝိတိုရိယအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မင်္ဂလာဒုံတပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အမှတ် ၄၁၊ ပြည်လမ်း၊ လမ်းဆုံပိုင်းရပ်ကွက်၊ ထောက်ကြန့်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ဓမ္မာရုံ၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောရှင်

အသက်(၇၄)နှစ်

တွံတေးမြို့နေ (ဦးအောင်သိန်း- ဒေါ်လှစိန်)တို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ (ဦးညွန့်မောင်-ဒေါ်သန်းခင်)တို့၏သမီးချွေးမ၊ တိလောကရပ်ကွက်နေ (ဦးတင့်ဝေ)-ဒေါ်ခင်အေးကြူ၊ လမ်းဆုံရပ်ကွက်နေ ဦးထွန်းမြင့် (လ/ထ ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ညွန့်ညွန့်စိန် (အထက-၃၊ မင်္ဂလာဒုံ၊ ငြိမ်း)တို့၏အစ်မကြီး၊ ဦးငွေးဝင်းဇော်-ဒေါ်ခင်ဥမ္မာအေး၊ ရန်ကုန်မြို့၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ ဦးလွင်အောင်အေး (Executive Director, I.B.T.C. Co., groups of Co.,) - ဒေါ်တိုမိုကို၊ ထောက်ကြန့်မြို့နေ (ဦးကျော်ကျော်အောင်)၊ ဦးညွန့်သန်း-ဒေါ်ခိုင်စပါယ်၊ ဦးသန်းကျော်အေး - ဒေါ်သီဂီကျော်၊ ဗိုလ်မှူးဇေယျာလင်း - ဒေါ်ကလျာထွေးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးအေးသောင်)၏ဇနီးသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) ည ၈း၄၀နာရီတွင် ဝိတိုရိယအထူးကုဆေးရုံ၌ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရမင်္ဂလာဒုံတပ်မတော်ဆေးတက္ကသိုလ်သို့လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အမှတ် ၄၁၊ ပြည်လမ်း၊ လမ်းဆုံပိုင်းရပ်ကွက်၊ ထောက်ကြန့်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးတင်ယု (သုံးခွ)

ဥက္ကဋ္ဌ

ဥက္ကလာ ထွေ/ပွားသမဝါယမ လီမိတက်(တောင်ဥက္ကလာပမြို့)

အသက်(၇၃)နှစ်

(ဦးမောင်ညွန့်-ဒေါ်လွန်းရှင်)တို့၏သား၊ (ဦးဇော်ဘေ-ဒေါ်သန်းနု)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၇လမ်း၊ အမှတ် ၂၀၆နေ (ဒေါ်ခင်မျိုးမြင့်၊ ဗဟိုဘဏ်၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်သူဇာယု (Kabar Service Co., Ltd.)၊ ဦးဇော်လင်းထွန်း (ဆသရ)-ဒေါ်စောကလျာယု (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးရဲထွန်းနိုင်(BSN Shipping Co., Ltd.)-ဒေါ်စောနန္ဒာယု၊ဦးသန်းနိုင်ထွန်း(UPC)-ဒေါ်သဉ္ဇာယု(UPC)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

(၇၅)ကြိမ်မြောက် ကရင်နှစ်သစ်ကူး စိန်ရတုအထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ကရင်သက္ကရာဇ် ၂၇၅၂ ခုနှစ် (၇၅)ကြိမ်မြောက် ကရင်နှစ်သစ်ကူး စိန်ရတုအထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များက နေပြည်တော် စည်ပင်ရိပ်သာ၌ ယနေ့ညနေ ၅ နာရီခွဲတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ (ဓာတ်ပုံ)

အခမ်းအနားကို ကရင်အမျိုးသားသီချင်း သီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ညစာဖြင့် တည်ခင်းဧည့်ခံပြီး တက်ရောက်လာကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများက မိမိတို့၏ ယဉ်ကျေးမှုရိုးရာသီချင်းများ၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြကာ မိတ်ဆုံစားပွဲကို ည ၇ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယနေ့ မာတိကာ

လာဘ်ထိုးလျှင် ဖြစ်သည်ဟူသော အယူအဆများ၊ လာဘ်ရမှ လုပ်မည်ဆိုသော အတွေးအခေါ်များ စွန့်လွှတ်ဖို့ အချိန်တန်ပါပြီ
ခေါင်းကြီး စာ - ၂

ဥရောပ အမြင့်ဆုံး အဆောက်အအုံ ဗြိတိန် ဖွင့်လှစ်မည် စာ - ၄

ကျောင်းသင်ခန်းစာ အချပ်ပိုနှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒ ဘာသာရပ် ကျောင်းသင်ခန်းစာ အချပ်ပိုနှစ်မျက်နှာ ပါရှိပါသည်။

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗထူး၏ဆောင်းပါး စာမျက်နှာ ၆ တွင် ဖတ်ရှုနိုင်ပါသည်။

ဆီးဂိမ်းအတွက် ဇေယျာသီရိအားကစားကွင်း ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီ

အမေး/အရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဇန်နဝါရီ ၁၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီ။ အိမ်ရှင်မြန်မာတို့ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ တချို့အားကစားကွင်း၊ အားကစားရုံများက ပြီးစီးတော့မည်ဖြစ်ပြီး တချို့ အပြီးသတ်ရန် အနေအထားရောက်ရှိနေသည်။ နိုင်ငံတကာအဆင့်မီဒီဇိုင်း၊ နိုင်ငံတကာအရည်အသွေးမီ တည်ဆောက်နေမှုများကို ပြည်သူများသိရှိရန် မြန်မာ့အလင်းသတင်းအဖွဲ့က နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အဆင့်မြင့်အားကစားကွင်း၊အဆင့်မြင့် ရေကူးကန်နှင့် အဆင့်မြင့် အားကစားရုံများ တည်ဆောက်

စာမျက်နှာ ၈ ကော်လံ ၃ ❐

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။